# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ၃၅ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

# (၁၇-၁၀-၂၀၁၁)

**အချိန် ၊၁၀း ၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၅ ရက်မြောက်နေ့ အစီအစဥ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၆.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဥ်များအတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးနိုင်(ဖျာပုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်ရှိပါသဖြင့် ယနေ့ အောက်တိုဘာလ ၁၇ ရက်နေ့မှ အောက်တိုဘာလ ၂၇ ရက်နေ့အထိ ပြည်သူ့လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းမှ ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ကျွန်တော် ဖျာပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်မှ ကိုယ်စားတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဗိုလ်မှူးလေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၅၉၁၂ ဗိုလ်မှူးအောင်ဘန်း၏ကိုယ်စား ကျွန်တော် တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၂၀၃၁ ဗိုလ်မှူးလေးနိုင်မှ ခွင့်တိုင်ကြားမှာ ဖြစ်ပါတယ် ခင်ဗျား။ ဗိုလ်မှူးအောင်ဘန်းသည် ညီဖြစ်သူ၏ ဆေးရုံတက်ရောက်ခွဲစိတ်ကုသမှုခံယူရန်ကိစ္စအား လိုက်ပါဆောင်ရွက်ပေးရမည် ဖြစ်ပါသဖြင့် ယနေ့အစည်းအဝေး တက်ရောက်နိုင်ခြင်း မရှိပါဘူးခင်ဗျား။ သို့ဖြစ်ပါ၍ ယနေ့ ၁၇-၁၀-၂၀၁၁ ရက်နေ့အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ရိုသေလေးစားစွာ တင်ပြအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူသည် မျက်စိခွဲစိတ်ကုသရန်အတွက် ၁၇-၁၀-၂၀၁၁ မှ ၁၈-၁၀-၂၀၁၁ ရက်နေ့အထိ ပြည်သူ့လွှတ်တော် အစည်းအဝေးများ တက်ရောက်ခြင်းမှ ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဒေါ်ဒွဲဘူကိုယ်စား ကျွန်တော် တနိုင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေက ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်လွင်(စလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်မှ ဦးပိုက်ထွေးသည် ပြည်ပလေ့လာရေးခရီးစဉ်ထွက်ခွာသွားပါ၍ ၁၇-၁၀-၂၀၁၁ ရက်နေ့မှ ၂၈-၁၀-၂၀၁၁ ရက်နေ့အထိ ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးပိုက်ထွေး ကိုယ်စား လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်း ဒေသကြီး၊ မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင်ဟာ ကျန်းမာရေးမကောင်းတဲ့အတွက် ဒီနေ့ ၁၇-၁၀-၂၀၁၁ ရက်နေ့ တစ်ရက်အား ခွင့်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် စစ်ကိုင်းတိုင်း ဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ကျွန်တော် ဦးစိုးပိုင်အနေနဲ့ ၎င်းဦးဇော်ဝင်းအောင်၏ကိုယ်စား လေးစားစွာ တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကိုသည် စင်ကာပူနိုင်ငံသို့ ဆေးသွားရောက်ကုသရပါသဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပပြုလုပ်လျက်ရှိသော ပြည်သူ့လွှတ်တော်အစည်းအဝေးအား မတက်ရောက်နိုင်တဲ့အတွက် ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးမောင်ကို၏ကိုယ်စား အမရပူရမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းထွန်းဦးမှ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအောင်သန့်(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးသည် နာမကျန်းဖြစ်နေသည့်အတွက် သမားတော်ကြီးနဲ့ ဆေးကုသမှု ခံယူနေရပါသဖြင့် ၁၇-၁၀-၂၀၁၁ မှ ၂၁-၁၀-၂၀၁၁နေ့အထိ ခွင့် ၅ ရက်ခွင့်ပြုပေးပါရန် ဦးကိုကြီး၏ကိုယ်စား မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်သန့်မှ လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်သည် နေထိုင်မကောင်းဖြစ်နေပါ၍ ယနေ့ကျင်းပပြုလုပ်သည့်အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပါ၍ ခွင့်တစ်ရက်ခွင့်ပြုပေးပါရန် လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြီးခဲ့တဲ့အပတ် လွှတ်တော်အစည်းအဝေးရပ်နားစဉ်ကာလမှာပဲ တချို့ လွှတ်တော် ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်များနဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်များရဲ့ အကြံပြုပြောကြားချက်များအရ လွှတ်တော်အစည်းအဝေးများ ကျင်းပပြုလုပ်တဲ့အချိန်မှာ အထူးသဖြင့် ပြည်သူ့လွှတ်တော်က အသံပိုင်းဆိုင်ရာအားနည်းမှုရှိတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌရဲ့အသံကို စတုတ္ထတန်းရဲ့နောက်ပိုင်းက မကြားရကြောင်းနဲ့ ဒီမိမိတို့လွှတ်တော်ရဲ့ လှုပ်ရှားမှုဓာတ်ပုံများ၊ တီဗွီမှာကြည့်တဲ့အခါမှာလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက နားကြပ်များအသုံးပြု နားထောင်နေရတယ်ဆိုတဲ့ အမြင်ကို မြင်တွေ့နေရကြောင်း၊ နောက်တစ်ခုလည်း လွှတ်တော်အစည်းအဝေးကျင်းပတဲ့နေရာမှာ များသော အားဖြင့် တီဗွီထဲမှာမြင်နေရတာက လွှတ်တော်ရဲ့နောက်ပိုင်းခုံလွတ်များကိုသာ အဓိကထားမြင်ရတဲ့ အတွက်လွှတ်တော်မှာ လူနည်းနည်းလေးနဲ့ ကျင်းပတဲ့ပုံသဏ္ဌာန်မျိုးထင်နေရကြောင်း၊ နောက်တစ်ချက် ကလည်း တချို့လွှတ်တော်ကိုယ်စားလှယ်များပုံကိုပဲ ထပ်ခါထပ်ခါတီဗွီမှာပါပြီးတော့ ထပ်ခါထပ်ခါ ပါတဲ့အထဲက လွှတ်တော်ကိုယ်စားလှယ်များဟာလည်း ကျန်းမာရေးကြောင့်ဖြစ်ချင်ဖြစ်မယ်။ အခြား အကြောင်းကြောင့် ဖြစ်ချင်ဖြစ်မယ်။ အိပ်ငိုက်တဲ့အနေအထားမျိုး တွေ့နေရတာမသင့်ကြောင်း အကြံပြုတဲ့အတွက် ပြီးခဲ့တဲ့ ရပ်နားထားတဲ့ကာလမှာ မိမိတို့ပြည်သူ့လွှတ်တော် စက်ခလုတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်၊ အားနည်းချက်များ ပြန်လည်စစ်ဆေးစေခြင်း၊ အသံပိုင်းဆိုင်ရာများ ပြန်လည်စစ်ဆေးစေ ခြင်းပြုလုပ်ခဲ့ပါတယ်။ သို့ရာတွင် ဒီနေ့တတိယတန်း C Roll ကတော့ အခု အသံမထွက်တဲ့အတွက် သီးခြားမိုက်တွေနဲ့စီစဉ်ထားရပါတယ်။ ကျန်တဲ့ တီဗွီသမားများဓာတ်ပုံရိုက်တဲ့အခါမှာလည်း ခုနက နောက်တန်းတွေမပါအောင်ရိုက်ဖို့၊ အသံလွှင့်ထုတ်တဲ့အခါမှာ ရုပ်မြင်သံကြားလွှင့်ထုတ်တဲ့အခါမှာ လည်း ခုန အမြင်မတော်တဲ့ကိစ္စများမပါဖို့အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက် ထားကြောင်း အသိပေးတင်ပြလိုပါတယ်။ ထိုနည်းတူစွာပဲ ဒီနေ့ လွှတ်တော်အစည်းအဝေးကျင်းပတဲ့ မကျင်းပဘဲနဲ့ တစ်ပတ်ကြာရပ်နားထား ပြန်လာတဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မျက်နှာ အသွင်အပြင်ဟာလည်း တော်တော်လေးကို ထူးထူးခြားခြားဝင်းဝင်းပပ ဖြစ်နေတဲ့အနေအထား တွေ့ရတဲ့အတွက်လည်းဝမ်းသာပါတယ်။တချို့ဘန်ကောက်ပုဆိုးတွေကလည်း ဒီနေ့ကြည့်ရသလောက်

မီးပူအသေအချာ တိုက်ပေးလိုက်တဲ့အတွက် ပြန့်ပြန့်ပြူးပြူးနဲ့ တွေ့ရတာလည်း တွေ့ရပါတယ်။ ဒီနေ့တော့ ပြီးခဲ့တဲ့တစ်ပတ်ကျော်က တစ်ပတ်ကျော်ဆိုတာ ဒီတစ်ပတ်အပြင် ဟိုးဘက်တစ်ပတ်ကျော်က အင်မတန်မှ ကျွန်တော်တို့နိုင်ငံအတွက် အရေးကြီးတဲ့ ဘဏ္ဍာရေးကိစ္စနဲ့ပတ်သက်ပြီးတော့ သတိပြုသင့်တဲ့ကိစ္စများကို အဆိုတစ်ရပ်အနေနဲ့တင်သွင်းခဲ့တာရှိပါတယ်။ ဒီအဆိုကို ပြီးခဲ့တဲ့အပတ်ထဲမှာ ဆွေးနွေးဖို့ မူလလျာထားသော်လည်း အခြေအနေအရ မပေးတဲ့အတွက် ဒီတစ်ပတ်မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးတဲ့အခါမှာ မူလအဆိုပြုထားတဲ့ အဆိုပြုထားချက်ကနေစပြီးတော့ ထောက်ခံဆွေးနွေးမယ့် ပုဂ္ဂိုလ်များကိုလည်း ဒီနေ့အချိန်အပြီး ဆွေးနွေးရန် ကျွန်တော်တို့စီစဉ်ထားပါတယ်။ အခုဆက်လက်ပြီးတော့ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ဦးအောင်ဆန်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်၏ ဆရာတော်များ၊ ဘွဲ့တံဆိပ်တော်များကိစ္စနှင့် ဗုဒ္ဓသာသနာပြုတက္ကသိုလ်တက်ရောက်ခွင့်ကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ရန်ကုန်တိုင်းဒေသကြီးပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်းဖြစ်ပါတယ်။ ကျွန်တော်မေးခွန်း နှစ်ခုမေးမှာ ဖြစ်ပါတယ်။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနဲ့ပတ်သက်တဲ့မေးခွန်းအပြင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်တက်ရောက်သင်ကြားခွင့်နဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုဖြစ်ပါတယ်။ စုစုပေါင်းမေးခွန်းနှစ်ခုမေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာဖြင့် လုပ်ငန်းနယ်ပယ်အသီးသီးမှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များကို နိုင်ငံတော်မှ ဂုဏ်ပြုတဲ့အနေနဲ့ ဘွဲ့ထူး၊ ဂုဏ်ထူးများချီးမြှင့်လျက်ရှိပါတယ်။ နိုင်ငံတော်အတွက် ထူးချွန်စွာထမ်းဆောင်ခဲ့ကြတဲ့ နိုင်ငံ့ဝန်ထမ်းများကို စီမံထူးချွန်ဆုအဆင့်ဆင့် ချီးမြှင့်ခဲ့ပါတယ်။ ထို့အတူ လူမှုရေးထူးချွန်စွာဆောင်ရွက်တဲ့ပုဂ္ဂိုလ်များကိုလည်း လူမှုထူးချွန်ဆုစသည်ဖြင့် ချီးမြှင့်ခဲ့ပါတယ်။ ဘာသာ၊ သာသနာအတွက် ထူးချွန်စွာဆောင်ရွက်သူများကို ဘွဲ့တံဆိပ်များ၊ အဆောင်အယောင်များဖြင့်လည်း ဂုဏ်ပြုချီးမြှင့်ခဲ့ပါတယ်။ ထို့အတူ ထူးချွန်စွာသာသနာပြုခဲ့တဲ့ သာသနာပြုနေကြတဲ့ သာသနာ့ဝန်ထမ်းဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများကိုလည်း သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အလှူခံရရှိရေးအတွက် သတ်မှတ်ထားတဲ့အရည်အချင်းများနဲ့ပြည့်စုံပြီးတော့ သက်ဆိုင်ရာသို့လျှောက်ထားခဲ့ကြတဲ့ အချို့သော စာသင်တိုက်ကြီးများမှ သံဃာတော်တို့မှာ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်စသည်ဖြင့် ဆက်တိုက်လျှောက်ထား ခဲ့ကြသော်လည်း ယနေ့အထိ မရရှိသေးသည်ကို တွေ့ရှိပါတယ်။ သို့ပါ၍ အဆိုပါကိစ္စအတွက် သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ သာသနာရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ရန်ကုန်မှာ ဖွင့်လှစ်သင်ကြားပို့ချတဲ့သင်တန်း တက်ရောက်ရန်အတွက် အရည်အချင်းသတ်မှတ်ချက် များနဲ့ ပြည့်စုံပြီးတော့၊ အရည်အချင်းသတ်မှတ်ချက်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်များကို ဝင်ခွင့်ပြုခဲ့ပါတယ်။ အဲဒီမှာ အရည်အချင်းသတ်မှတ်ချက်တစ်ခုက အသက် ၄၅ နှစ်ထက် ကြီးသူများကို သင်တန်းဝင်ခွင့် မပြုကြောင်းသိရှိရပါတယ်။ ဒီသင်တန်းကလည်း အင်္ဂလိပ်လို ပို့ချတဲ့သင်တန်းဖြစ်တဲ့အတွက်ကြောင့် အဆင့်မြင့်ပြီးတော့ Deploma Of Buddhism ဘွဲ့လက်မှတ်၊ အောင်လက်မှတ်ပေးတဲ့သင်တန်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် အသက်ကန့်သတ်ချက်ကြောင့် ကျန်သတ်မှတ်ချက်အရည်အချင်းနဲ့ ပြည့်စုံတဲ့ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဝင်များဟာဖြင့် ထဲထဲဝင်ဝင်လေ့လာဆည်းပူး သင်ယူ လိုသူများဟာ လွန်စွာအခက်အခဲတွေ့နေပါတယ်။ သို့ပါ၍ အဆိုပါအသက်ကန့်သတ်ချက်များကို လျှော့ပေါ့ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါ တယ်။

**သူရဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး၊သာသနာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထား သည့် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ သာသာနာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ သူရဦးမြင့်မောင်ပဲ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းပဲတန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းရဲ့မေးခွန်းနှစ်ခု ကိုဖြေကြားရမယ်ဆိုလို့ရှိရင် ပထမမေးခွန်း(၁) အနေနဲ့ဖြေကြားရမယ် ဆိုလို့ရှိရင်တော့ နိုင်ငံတော်မှနှစ်စဉ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးနေ့ရောက်တိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များဆက်ကပ်လှူဒါန်းလျက်ရှိရာ သက်ဆိုင်ရာသတ်မှတ် အရည်အချင်း နှင့်ပြည့်စုံသော ရဟန်းသံဃာများသည် သုံးနှစ်တိုင်ဆက်တိုက်လျှောက်ထားပါလျက် မရရှိဘဲဖြစ်နေ၍

ယင်းကိစ္စအပေါ် သက်ဆိုင်ရာမှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုပါသည်ဟူသောမေးခွန်းနှင့် ပတ်သက်၍ မေးခွန်းရှင်သာမက အခြားဗုဒ္ဓဘာသာဝင်များပါ သိရှိနိုင်ရန်အတွက် အကျယ်တဝင့် ရှင်းလင်းတင်ပြလိုပါတယ်။ ဘွဲ့တံဆိပ်ဆက်ကပ်သည့် အစဥ်အလာသမိုင်းကို တင်ပြရရင် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်းကို ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် စတင်ဆောင်ရွက်တော်မူခဲ့ပါတယ်။ ဘုရားရှင်ကိုယ်တော်တိုင် ဘိက္ခု၊ ဘိက္ခုနီ(ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ) ဥပါသကာ၊ ဥပါသိကာ (အမျိုးသား၊ အမျိုးသမီး)အစရှိတဲ့ ပရိတ်သတ်လေးပါးအနက် ပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ ထူးခြားတဲ့ စွမ်းရည်အလိုက် ဘိက္ခုရဟန္တာ ၄၂ ပါး၊ ဘိက္ခုနီထေရီ ၁၃ ပါး၊ လူပုဂ္ဂိုလ်အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၀ ဦး တို့အား ဧတဒဂ်ဘွဲ့များအသီးသီး ချီးမြှင့်ခဲ့ပါတယ်။

ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ စွမ်းရည်ထူးချွန်မှုအလိုက် ဧတဒဂ်ဘွဲ့ချီးမြှင့်ရာမှာ ဥပမာအားဖြင့် အရှင်သာရိပုတ္တရာရဟန္တာမြတ်ကြီးသည် ဘုရားရှင်ပြီးလျှင် ဉာဏ်ပညာအရာ၌ အကြီးဆုံးပုဂ္ဂိုလ်ကြီး ဖြစ်ရာ ကောင်းကင်မှရွာချသော မိုးရေပေါက်အရေအတွက်ကိုပင် ရေတွက်ပြနိုင်သော ဉာဏ်တော်ကြီး အား ပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်ကြီးဖြစ်ပါ၍ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ပညာအရာတွင် အသာဆုံးအမြတ်ဆုံးဧတဒဂ်ဘွဲ့ကို ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါတယ်။ အလားတူပဲ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် ရဟန္တာတော်ကြီးဟာလည်းပဲ မြေလျှိုးမိုးပျံနိုင်၍ လိုအပ်လျှင် အောက်အဝီစိ၊ အထက်ဘဝဂ်ပြဟ္မာ့ပြည်တိုင်အောင် သွားရောက်နိုင်သည့် ပုဂ္ဂိုလ်ကြီးဖြစ်သဖြင့် တန်ခိုးအရာ၌ အသာဆုံးအမြတ်ဆုံး ဧတဒဂ်ဘွဲ့ကိုချီးမြှင့်ခဲ့ပါတယ်။ အချို့ပုဂ္ဂိုလ်များသည် သူတစ်ပါးမဆောင်ရွက်နိုင် သည့်ကိစ္စကို ထူးထူးခြားခြားဆောင်ရွက်နိုင်သော ကြောင့်ဧတဒဂ်ဘွဲ့ ပေးခြင်းများလည်းရှိပါတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် အရှင်မောဃရာဇမထေရ် ဟာဆိုလို့ရှိရင် သင်္ကန်းအကောင်းများကို ရရှိပါက ကိုယ်တိုင်အသုံးမပြုဘဲ အခြားသံဃာတော်များကို ထပ်ဆင့်ပေးကမ်းလှူဒါန်းပြီး မိမိ ကိုယ်တိုင်မူ သင်္ကန်းအဟောင်းအနွမ်းများကိုသာလျှင်ခြုံးခြံ၍ ရာသက်ပန်ဝတ်ဆင် အသုံးပြုသွားသည့် အတွက် ယင်းမထေရ်မြတ်၏ခြုံးခြံသည့်အကျင့်ကို အသိအမှတ်ပြုသည့်အနေဖြင့် မြတ်စွာဘုရားရှင်က ၎င်းရဟန္တာအရှင်မြတ်အား ခေါင်းပါးသည့်သင်္ကန်းကို ဆောင်သည့်နေရာတွင် အရှင်မောဃရာဇသည် အသာဆုံးအမြတ်ဆုံးအဖြစ် ဧတဒဂ်ဘွဲ့ကိုချီးမြှင့်ခဲ့ပါတယ်။

ကျန်ထူးခြားသည့် မြတ်စွာဘုရားရှင်ချီးမြှောက်တော်မူသည့် ဘွဲ့တစ်ခုကိုကြည့်ပါလျှင် မိထွေးတော်ဂေါတမီသည် ဘိက္ခုနီသာသနာတော်ကို ထူထောင်နိုင်ရန်အတွက် ဇွဲလုံ့လကြီးစွာဖြင့် မြတ်စွာဘုရားရှင်ထံ အကြောင်းအကျိုးခိုင်ခိုင်လုံလုံဖြင့် အကြိမ်ကြိမ်လျှောက်ထားနိုင်ခဲ့သည့်အတွက် မြတ်စွာဘုရားမှ ဘိက္ခုနီသာသနာတော်ကို ခွင့်ပြုခဲ့ရသည်ကို အကြောင်းပြု၍ မိထွေးတော်

ဂေါတမီသည် ပထမဆုံးဘိက္ခုနီရဟန်းမဖြစ်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် ပထမဦးဆုံး သိက္ခာကြီးရင့်သည့်အရာတွင် ဂေါတမီထေရီအား ဧတဒဂ်ဘွဲ့ချီးမြှင့်ခဲ့ပါတယ်။ ချီးမြှင့်ခဲ့သည့်အတိုင်း ရဟန်း၊ ရဟန်းမ၊ လူပုဂ္ဂိုလ်အမျိုးသား၊ အမျိုးသမီးတို့အား နေရာဌာနအလိုက် အသာဆုံးအမြတ်ဆုံး ဧတဒဂ်ဘွဲ့များကို စွမ်းရည်အလိုက်ချီးမြှင့် တော်မူခဲ့ပါတယ်။

ဤကဲ့သို့ ဘုရားရှင်ချီးမြှင့်တော်မူခဲ့သည့် ထုံးတမ်းစဉ်လာကို နမူနာယူ၍ ရှေးရှေးသော သာသနာပြု မင်းကောင်းမင်းမြတ်များကလည်း အမွေဆက်လက်ခံယူသောအားဖြင့် မြန်မာမင်းအဆက်ဆက်တို့ရဲ့ လက်ထက်တွင် ရာဇဓိရာဇဂုရု၊ အဂ္ဂပဏ္ဍိတအစ ရှိတဲ့ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ကြပါတယ်။ မြန်မာနိုင်ငံကိုလိုနီခေတ် လွတ်လပ်ရေးရပြီး မျက်မှောက်ခေတ်ကာလတို့တွင်လည်း ယခင်ဘွဲ့ဆက်ကပ်ပူဇော်ခဲ့သည့် အစဉ်အလာအတိုင်း အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ အဂ္ဂပဏ္ဍိတဘွဲ့တံဆိပ်တော်တို့အပြင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကိုပါ တိုးမြှင့်ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၁ ခုနှစ်တွင် မူလရှိရင်းစွဲ ဘွဲ့တံဆိပ်တော်သုံးခုနှင့် ပြည်တွင်းပြည်ပသာသနာပြုလုပ်ငန်းများအား အားပေးချီးမြှောက်သည့်အနေဖြင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့အပါအဝင် ဘွဲ့တံဆိပ် ၂၀ ကို ထပ်မံတိုးမြှင့်ဆက်ကပ်ခဲ့သဖြင့် ယခုဆိုလျှင်ဘွဲ့တံဆိပ် ၂၃ မျိုးအထိ တိုးမြှင့်ဆက်ကပ်နိုင်ခဲ့ပါတယ်။

ရှေးယခင်က ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက် ဘွဲ့ရွေးချယ်ချီးမြှင့်ရာတွင် အတုမရှိ ဉာဏ်တော်ကြီးမားသည့် မြတ်စွာဘုရားကိုယ်တော်တိုင် ရွေးချယ်ချီးမြှောက်ခဲ့ပြီး ယင်းကာလ လွန်မြောက်သောအခါတွင်လည်း တိုင်းပြည်အုပ်ချုပ်သော ဘုရင်မင်းမြတ်များကိုယ်တိုင် ရွေးချယ်ဆက်ကပ်ခြင်းဖြစ်သည့်အတွက် တစ်စုံတစ်ရာ ပြဿနာအခက်အခဲမရှိခဲ့ပါ။ သို့ရာတွင် ယခု မျက်မှောက်ကာလ၌ ဘွဲ့ပေးရမည့်သူက ရွေးချယ်ချီးမြှောက်ရခြင်းထက် ဘွဲ့တံဆိပ်ချီးမြှင့်ခံယူလိုသည့် ပုဂ္ဂိုလ်များက ကိုယ်တိုင်လျှောက်ထားသည်မှာ အရေအတွက်အားဖြင့် လွန်စွာများပြားပါတယ်။ တစ်နှစ်လျှင် နှစ်စဉ်ဘွဲ့တံဆိပ်လျှောက်လွှာ လျှောက်ထားသူ ၁၀၀၀ ကျော်ရှိရာ အရေအတွက်များပြားသည့်အတွက် ရွေးချယ်ရာတွင်လည်း အခက်အခဲများစွာရှိခဲ့ရ ပါတယ်။ ထိုသို့ရွေးချယ်ရာတွင် အထောက်အကူပြုနိုင်ရန် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့နှင့် သံဃာ့အဖွဲ့အစည်းများထံ ဩဝါဒခံယူပြီး ဘွဲ့အမျိုးအစားအလိုက် ဂုဏ်အင်္ဂါအရည်အချင်းများကို အခြေခံအားဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါတယ်။

ဥပမာအားဖြင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့် ပတ်သက်၍ အနည်းဆုံးလိုအပ်သော အခြေခံအရည်အချင်းသတ်မှတ်ချက်မှာ -

**အဘိဓဇမဟာ ရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဂုဏ်အင်္ဂါအရည်အချင်း**

၁။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိခြင်း၊

၂။ အနည်းဆုံးသက်တော် ၈၀၊ သိက္ခာတော် ၆၀ ရှိခြင်း၊

၃။ ဗဟုသုတအကြားအမြင်များခြင်း၊

၄။ ရဟန်းရှင်လူတို့အား ကျေးဇူးပြုသော ဗုဒ္ဓဘာသာစာပေကျမ်းဂန်များ ရေးသားပြုစုခြင်း တို့ပဲ ဖြစ်ပါတယ်။

အထက်ပါအခြေခံအချက်များနှင့် အခြားထူးခြားသည့်အချက်များ၊ ထူးခြားသည့်သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ လောကီလောကုတ္တရာဂုဏ် သာလွန်ခြင်းစသည့်အချက်များကို ကြည့်၍ တစ်နှစ်လျှင် လေးပါးထက်မပိုသော ဆရာတော်ကြီးများကို အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် များကို ဆက်ကပ်သည့်အစဥ်အလာရှိခဲ့ပါတယ်။ ကျန် ၂၂ မျိုးသော ဘွဲ့တံဆိပ်တော်အသီးသီးကိုလည်း သတ်မှတ်ထားသည့် ဂုဏ်ဒြပ်အရည်အချင်းများပြည့်စုံသည့် လျှောက်ထားသူများအနက်မှ ထူးခြားသည့် အစွမ်းဆောင်နိုင်ဆုံးသော ထိပ်ဆုံးတွင်ရှိသည့် ပုဂ္ဂိုလ်များကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ဝန်ကြီးဌာနအထိ အဆင့်ဆင့်စိစစ်ရွေးချယ်ပြီး နောက်ဆုံးနိုင်ငံတော်အဆင့်အထိ တင်ပြစိစစ်ရွေးချယ်ခွင့်ပြုချက်ရယူကာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ထိုကဲ့သို့ အဆင့်ဆင့်ထူးချွန်သူများကို စိစစ်ရွေးချယ်ဆက်ကပ်ခြင်းနှင့်ပတ်သက်၍ ဥပမာအားဖြင့် ၂၀၁၀ ခုနှစ် တွင် လျှောက်ထားသူပေါင်း ၁၁၈၁ ဦးရှိသည့်အနက် ၁၄၄ ဦးကိုသာ စိစစ်ရွေးချယ် ဆက်ကပ်ခဲ့ရသည်မှာ ဘွဲ့တံဆိပ်တော်များ၏တန်ဖိုး မြင့်မားလေးနက်စေရန်အတွက် အရည်အချင်း ပြည့်ပြည့်ဝဝဖြင့် အရေအတွက်နည်းနည်းကိုသာ စိစစ်ရွေးချယ်ချီးမြှင့်လိုခြင်းကြောင့်ပဲ ဖြစ်ပါတယ်။

သို့ပါသောကြောင့် လျှောက်ထားမှုသည် အကြိမ်အရေအတွက်များသော်လည်း အရည်အချင်း အနှစ်သာရကို ဦးစားပေးစိစစ်ရွေးချယ်ခြင်းဖြစ်သောကြောင့် ဘွဲ့တင်ထားသည့် အကြိမ်အရေအတွက် များသော်လည်း ရွေးချယ်အပူဇော်မခံရခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အခြားဥပမာတစ်ခု ပြောရပါလျှင် လွန်ခဲ့သည့် ၁၉၉၆ ခုနှစ်ကတည်းက တိပိဋကနှစ်ပုံခွဲအောင်မြင်ခဲ့သည့် ဆရာတော်ကြီး တစ်ပါးသည် တိပိဋကရွေးချယ်ရေးအဖွဲ့သို့ ကျန်ရှိသည့်တိပိဋကလေးပုံတစ်ပုံအောင်မြင်ရန်အတွက် ၁၅ နှစ်အတွင်း ၁၄ ကြိမ်ဖြေ ဆိုခဲ့သော်လည်း ယခုတိုင်အောင်မြင်ခဲ့ခြင်းမရှိပါ။ ယခုလည်းပဲ ကျန်ရှိသည့် ရေးဖြေတစ်ပိုင်းကို ဖြေနေဆဲပဲဖြစ်ရာ တိပိဋကစာမေးပွဲရွေးချယ်ရေးအဖွဲ့ကလည်း ဖြေဆိုသူ၏ မလျော့သောဇွဲလုံ့လကို ညှာတာထောက်ထားသည်ဆိုပြီး အအောင်မပေးခဲ့ပါ။ ဆရာတော်ကြီး၏ မလျော့သောဇွဲလုံ့လ ဝီရိယဖြင့်ဖြေဆိုသည်ကို သိရှိလိုပါသဖြင့် မေးမြန်း

လျှောက်ထားသည့်အခါ ဆရာတော်ကြီးက စာမေးပွဲအောင်မြင်ခြင်း၊ မအောင်မြင်ခြင်းသည်အဓိက မဟုတ်၊ တိပိဋကစာမေးပွဲဖြေဆိုခွင့် ရရှိနေသည့်အတွက် ဘုရားရှင်၏တရားတော်များကို အမြဲမပြတ် ထိတွေ့ကြည်ညိုခွင့်ရရှိနေခြင်းကြောင့် "ယောနိသော မနသီကာရ" စိတ်ကိုကောင်းစွာနှလုံးသွင်းကာ ဆက်လက်ဖြေဆိုနေခြင်း ဖြစ်သည်ဖြစ်ကြောင်းကို မိန့်ကြားခဲ့ပါတယ်။

ဤတိပိဋကသုံးပုံကို ဖြေကြားနေသော ဆရာတော်ကြီးထုံးကို နှလုံးမူကုသိုလ်ယူမည်ဆိုပါက ဘွဲ့လျှောက်ထားသော ဆရာတော်များသည်လည်း ဘွဲ့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သာသနာတော် အတွက် ကြိုးပမ်းဆောင်ရွက်နေရသောကြောင့် အမြဲတမ်းကုသိုလ်တရားများ ပွားများနေရမည်သာ ဖြစ်ပါတယ်။ ဘွဲ့တံဆိပ်စိစစ်ရေးအဖွဲ့ အတွေ့အကြုံအရ အချို့သောထေရ်ကြီးဝါကြီး ဆရာတော်ကြီး များသည် သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့် ပြည့်စုံပြီး သက်တော်၊ သိက္ခာတော်များအရ နိုင်ငံတော်မှ ချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သဖြင့် ဘွဲ့တံဆိပ်လက်ခံပါရန် သွားရောက်လျှောက်ထားရသည်များလည်း ရှိပါတယ်။ ထိုသို့ လျှောက်ထားသောအခါမှာ အချို့ဆရာတော်ကြီးများကလည်း ဒါယိကာ၊ ဒါယိကာမ များ ကုသိုလ်ရရှိစေရန်နှင့် စိတ်ချမ်းသာမှု ရရှိစေရန်ငဲ့ကွက်ပြီး လက်ခံသည့်ဆရာတော်များရှိသကဲ့သို့ အချို့ဆရာတော်ကြီးများသည် ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းကို လက်ခံပါရန်လျှောက်ထားခဲ့သော်လည်း ဘာဝနာတရားများကို ဦးစားပေးဆောင်ရွက်လိုသောကြောင့် ဘွဲ့ကိုလက်ခံခဲ့ခြင်းမရှိပဲ သည်းခံပါရန် ဟုသာ မိန့်ကြားခဲ့သည်များလည်းရှိပါတယ်။ ထိုကဲ့သို့ ထူးမြတ်သည့်ပုဂ္ဂိုလ်များကို ကြည်ညိုသဒ္ဒါပွား များမည်ဆိုလျှင် ထူးခြားသည့်ကုသိုလ်များလည်း ရရှိမည်ဖြစ်ပါတယ်။ ထိုထိုသောအကြောင်းများ ကြောင့် သာသနာတော်ချီးမြှောက်သည့်အနေဖြင့် ဘုရားရှင်ကိုယ်စား သာသနာတော်မြတ်ကြီးအား စောင့်ရှောက်လျက်ရှိသည့် ရဟန္တာသံဃာတော်မြတ်များကို ဘွဲ့ရသည့်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသော ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်း ကုသိုလ်ယူမည်ဆိုပါက သာသနာတော်ကြီးသည် အဓွန့်ရှည်သန့်ရှင်းတည်တံ့ခိုင်မြဲလိမ့်မည်ဖြစ်ပါကြောင်း စေတနာကောင်း ဖြင့် နှိုးဆော်တိုက်တွန်းအပ်ပါတယ်။

အမှတ်(၂)မေးခွန်းကို ကျွန်တော် ဆက်လက်ဖြေဆိုရမယ်ဆိုလို့ရှိရင် သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် သင်တန်းတက်ရောက်ရန် သင်တန်းသား အသက်ကန့်သတ်ချက်တွင် ၄၅ အထက်ကြီးသူကို လက်မခံကြောင်းသိရှိရပါသဖြင့် ၄၅ နှစ် ထက်ကြီးသူများ သင်တန်းတက်ရောက်ခွင့်ရရှိရေး လျှော့ပေါ့စဉ်းစားနိုင်ခြင်းရှိ၊မရှိ သိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ အများသူငါသိရှိရန်ဖြေကြားရပါလျှင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓ သာသနာပြုတက္ကသိုလ်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ကမ္ဘာအရပ်ရပ်သို့ ဓမ္မအလှူဖြန့်ဝေပေးရန်

ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်သောကြောင့် ကမ္ဘာအရပ်ရပ်မှ သင်တန်းသားများကို ခေါ်ယူလက်ခံ သင်ကြားပေးလျက်ရှိပါတယ်။ ကမ္ဘာအရပ်ရပ်မှ သင်တန်းသားများလက်ခံရာတွင် ယခု ကန့်သတ်ထားသည့် အသက် ၄၅ နှစ်အပါအဝင် အခြားလိုအပ်သည့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်က သတ်မှတ်ထားသည့်စာပေများကို လိုက်နိုင်မှု၊ သတ်မှတ်ထားသည့် စည်းကမ်းစနစ်များကို လိုက်နာနိုင်မှု၊ ဗုဒ္ဓဘာသာအပေါ်တွင် ကြည်ညိုလေးစားမှုစသော အချက်အလက်များကို မူတည်၍ ကမ္ဘာအရပ်ရပ်ရှိ မြန်မာသံရုံးများက သင်တန်းတက်ရောက်နေသူများကို ပဏာမစိစစ်ရွေးချယ်ပြီး မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ပေးပို့ခဲ့ပါတယ်။ ထိုသင်တန်းသားများကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်မှ ထပ်မံအရည်အချင်းစိစစ်ပြီး တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခွင့်ပြုခဲ့ပါတယ်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာ၏ အချက်အချာဖြစ်သဖြင့် ပရိယတ္တိ၊ ပရိပတ္တိအလုပ်များကို ဆည်းပူးလေ့လာနိုင်ရန်အတွက် ကျောင်းတိုက်ကြီးများနှင့် ကမ္မဋ္ဌာန်းရိပ်သာများတွင် အလွတ်သင်ကြားပို့ချသော ဗုဒ္ဓဘာသာသင်တန်း အများအပြားလည်းရှိနေပါတယ်။ သို့အတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို တက်ရောက်ခွင့်အားပြည်ပမှ ပုဂ္ဂိုလ်များကိုသာ ဦးစားပေးရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။ ပြည်ပသင်တန်းသားများ ပြည့်စုံလုံလောက်မှုမရှိသောအခါ ပြည်တွင်းမှ အရည်အချင်းကန့်သတ်ချက်ပြည့်မီသူများကို ပြည်ပသာသနာပြု လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် သင်တန်းသားများအဖြစ် ဖြည့်စွက်တက်ရောက်သင်ကြားစေခဲ့ခြင်း ဖြစ်ပါတယ်။ ယခု မေးမြန်းထားသည့် အသက် ၄၅ နှစ်ကျော်လွန်သူအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို တက်ရောက်ခွင့် ရှိ၊ မရှိ မေးမြန်းခြင်းအား ဖြေကြားရပါလျှင် သင်တန်းသားဘွဲ့တံဆိပ်အောင်လက်မှတ်ရရှိလိုသည့် ပုဂ္ဂိုလ်များသည် သတ်မှတ်ပေးထားသည့် အရည်အချင်းများနှင့်ကိုက်ညီပါက သင်တန်းသားအဖြစ် လက်ခံပေးမည်ဖြစ်ပါသည်။ ဘွဲ့အတွက် အဓိကရည်ရွယ်ချက်မထားဘဲ ပြည်ပသာသနာပြုလုပ်ငန်းများနှင့် ပြည်ပမှမြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် အခြားဓမ္မမိတ်ဆွေများအား တရားဆွေးနွေးပြသလိုသော ရည်ရွယ်ချက်ဖြင့် တက်ရောက်မည်ဆိုပါက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ရှိ ခွင့်ပြုနိုင်သောနေရာပေါ်တွင် မူတည်၍ လေးဦး၊ ငါးဦးသာ အလွတ်သဘော ပညာလာရောက်ဆည်းပူးမည်ဆိုလျှင် ခွင့်ပြုပေးနိုင်မည့် အခြေအနေရှိနိုင်ပါတယ်။ ထို့အပြင် ဗုဒ္ဓဘာသာတရားတော်များကို သိရှိနားလည်တတ်ကျွမ်းလိုသဖြင့် ဗုဒ္ဓဘာသာသင်တန်းများကို တက်ရောက်မည်ဆိုပါက သာသနာရေးဝန်ကြီးဌာနမှ ရန်ကုန်မြို့၊ ကမ္ဘာအေးဝင်းအတွင်း ဖွင့်လှစ်ထားသော အဘိဓမ္မာနှင့် ဝိဒ္ဓိမဂ်သင်တန်း၊ ကမ္ဘာအေးသမဝါယမ

တန်ဆောင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိ သောအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပို့ချသော အဘိဓမ္မာသင်တန်း၊ ရွှေတိဂုံစေတီတော်ခြေရင်းတွင် မင်္ဂလာဗျူဟာ၌ဖွင့်လှစ်ထားသော ပါဠိ-မြန်မာ အဘိဓမ္မာသင်တန်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ ဖွင့်လှစ်သောအဘိဓမ္မာသင်တန်းများအပြင် အခြားသောဗုဒ္ဓဝါဒနည်းလမ်းတကျ သင်တန်းအမြောက်အမြားရှိပါတယ်။ ထိုသင်တန်းများကို အယုတ်အလတ်၊ အမြတ်မရွေးအသက်ကြီးငယ် အပိုင်းအခြားမရှိ တက်ရောက်သင်ကြားလေ့လာဆည်းပူးနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါတယ်။

ဗုဒ္ဓတရားတော်ဖြစ်သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များကို မိမိတို့ကိုယ်တိုင် သင်ကြားထားရှိပြီး ပညာသိဖြင့်တတ်သိထားသလောက်၊ ပညာသိဖြင့် သိရှိကျင့်ကြံအားထုတ်ပြီး ပို၍မြင့်မြတ်သော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်မည်ဆိုပါက မိမိသိသကဲ့သို့ သူတစ်ပါးလည်းသိအောင်၊ မိမိကျင့်ကြံအားထုတ် သကဲ့သို့ သူတစ်ပါးလည်းကျင့်ကြံအားထုတ်နိုင်အောင် ကူညီဆောင်ရွက်ပေးခြင်းသည် အမြတ်ဆုံးသော တရားဓမ္မပေးလှူခြင်းပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အသက် ၄၅ နှစ်ကျော်သဖြင့် အပြည့်ပြည့်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် တက်ရောက်သင်ကြားနိုင်သည့်အခွင့်အရေးများမရရှိသောကြောင့် စိတ်ပျက်အားငယ်မနေဘဲ အထက်တွင် ဖော်ပြခဲ့သည့် ဗုဒ္ဓဘာသာသင်တန်းများကို သက်ဆုံးတိုင်တက်ရောက်ပြီး ကုသိုလ်တရားများ ပွားများအားထုတ် ဓမ္မဒါနပြုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီးတော့မှ ဒီနေ့ လယ်ယာစီးပွားစီမံခန့်ခွဲမှုတိုးတက်စေမယ့် အစီအမံများ Rural Economic Management Skill ကို တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာဆိုလို့ရှိရင် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက လူဦးရေဟာ ၁၇ သန်း၊ ၁၆ သန်းခန့် ရှိပါတယ်။ လယ်မြေဧကက ၁၀ သန်းခန့်ပဲ ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ဟာ နိုင်ငံစားသုံးမှုဖူလုံတဲ့အပြင် နိုင်ငံခြားကို တန်ချိန်ဆန်တန်ချိန် ၃ သန်းခန့် တင်ပို့နိုင်ပြီးတော့ ကျွန်တော်တို့ရဲ့ဆန်ဟာ ဥရောပမှာ အင်မတန်နာမည်ရခဲ့တယ်လို့ မှတ်သားခဲ့ရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ဆန်ဟာ အီတလီနိုင်ငံမှာ ရေပန်းစားပြီးတော့ နာမည်ရခဲ့တယ်လို့ ကျွန်တော်တို့ ဂုဏ်ယူစွာနဲ့မှတ်သားခဲ့ရပါတယ်။

သို့သော်လည်းပဲ ယနေ့အချိန်အခါမှာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်စတဲ့ နိုင်ငံတွေဟာ သုတေသနလုပ်ငန်းတွေကို လူနဲ့တွဲဖက်ပြီးတော့မှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်တဲ့အတွက် ဒီနေ့ထိုင်းနိုင်ငံဟာ ကမ္ဘာကို ဆန်တန်ချိန် ၁၀ သန်းတင်ပို့နိုင်ပြီးတော့ ဒုတိယ အဆင့်မှာ ဗီယက်နမ်နိုင်ငံဟာ ၇ သန်းတင်ပို့နိုင်တဲ့အချိန်မှာ ကျွန်တော်တို့ဟာ ဆန်တန်ချိန် ၁ သိန်းခန့်သာ ပြီးခဲ့တဲ့တစ်နှစ်က တင်ပို့နိုင်ခဲ့တယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ ဆိုတော့ ကျွန်တော်တို့နဲ့ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့ဟာ စိုက်ပျိုးတဲ့စိုက်ပျိုးဧက မကွာလှပါဘူး။ လူဦးရေကျတော့ ကျွန်တော်တို့ထက် အဆမတန်များပြားပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ထက် အဆပေါင်းများစွာ တင်ပို့နိုင်ခြင်းသည် ခေတ်သစ်နည်းပညာနဲ့ လယ်ယာစီမံခန့်ခွဲမှုစွမ်းရည်တွေ လယ်သမားတွေ တိုးတက်လာတဲ့အတွက် လယ်သမားတွေဟာ လယ်ယာကိုစိတ်ပါဝင်စားစွာနဲ့ ကြွယ်ကြွယ်ဝဝ သက်သက်သာသာချောင်ချောင်ချိချိနဲ့ စီးပွားတိုးတက်ပြီးတော့ ဇောက်ချလုပ်ကိုင်တဲ့အတွက် ၎င်းလယ်သမားများရော၊ ၎င်းနိုင်ငံအတွက်ပါ ပိုပြီးတော့စီးပွားရေးအခြေအနေ တိုးတက်လာတဲ့အတွက် ကျွန်တော်တို့ထက် အဆပေါင်းများစွာသာသွားတဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းတိုးတက်ရေးကော်မတီဟာ ကျွန်တော်တို့ သုံးကြိမ်ခန့် ကွင်းဆင်းပြီး လေ့လာတဲ့အခါမှာ စိုက်ပျိုးရေးတက္ကသိုလ်ရဲ့ ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်က မှတ်သားစရာစကားကို ကျွန်တော်တို့ ဒါဆွေးနွေးခဲ့ပါတယ်။ အဲဒီအချက်ကတော့ ယခင်တုန်းက အပင်ကိုသာ လေ့လာမှုပြုခဲ့ပြီး လူကိုလေ့လာမှုမပြုတဲ့ သုတေသနအားနည်းချက်တွေကို ယခုအခါမှာ ပြုပြင်ပြီးတော့မှ လူနဲ့အပင် တွဲဖက်ပြီးလေ့လာရမယ့် သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရမှာဖြစ်တယ်လို့ ဒီလိုတင်ပြခဲ့ပါတယ်။ ကျွန်တော်တို့ အခု စပ်မျိုးစပါးတွေနဲ့ပတ်သက်လို့ အားရစဖွယ် နိုင်ငံတော်သမ္မတကြီးရဲ့ လယ်မှာကော၊ လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်နေတဲ့လယ်မှာကော သွားရောက်လေ့လာတဲ့အခါမှာ အင်မတန်အားတက်စရာကောင်းတဲ့ ဆန်စပါးစိုက်ပျိုးနည်းစနစ်တွေကို ဝမ်းမြောက်ဖွယ်ရာ လေ့လာတွေ့ရှိရပါတယ်။ ဒီကနေထွက်တဲ့လယ်တွေကို ခင်ဗျားတို့ ခန့်မှန်းကြည့်စမ်းပါလို့ဆိုတဲ့အခါမှာ ကျွန်တော်တို့က ၁၅၀ နဲ့ ၂၀၀ ကြားမလျော့အောင်ထွက်ရှိနိုင်မယ်လို့ ကျွန်တော်တို့ ခန့်မှန်းခဲ့ရပါတယ်။ ခေတ်သစ်ပျိုးထောင်နည်း၊ နောက်စပ်မျိုးစပါး၊ နောက်တစ်ခါ စိုက်နည်းစနစ်၊ စက်ယန္တရားအကူအညီ၊ လူလုပ်အားနဲ့ပေါင်းစပ်ပြီးတော့မှ စနစ်ကျတဲ့စီမံခန့်ခွဲမှုကြောင့်မို့လို့ ဒီလောက်အထိ အထွက်တိုးတက်လာတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ဒီနည်းပညာနဲ့စီမံခန့်ခွဲမှုတွေဟာ ကျွန်တော်တို့ရဲ့ ၂၆ သန်းခန့်ရှိတဲ့ လယ်ယာမြေတွေမှာ အခြေခံကျကျ တောင်သူလယ်သမားတွေကိုယ်တိုင် ကျွမ်းကျွမ်းကျင်ကျင်နဲ့စီမံခန့်

ခွဲနိုင်မှုမရှိသေးဘူးဆိုရင် ခုနတင်ပြတဲ့ ထိုင်းနိုင်ငံ၊ နောက် ဗီယက်နမ်နိုင်ငံရဲ့အခြေအနေကို ကျွန်တော်တို့ဟာ လိုက်မီမှာမဟုတ်ပါဘူး။ ကျွန်တော်တို့မှာ သယံဇာတနဲ့ပတ်သက်လို့ ရေ၊ မြေ သယံဇာတ၊ လူသယံဇာတနဲ့ လိုအပ်တဲ့နည်းပညာသယံဇာတပေါင်းဖက်လိုက်မယ်ဆိုရင် ဒီနိုင်ငံတွေကို ကျွန်တော်တို့ဟာ လုံးဝကျော်လွှားနိုင်မယ့် အခြေအနေမျိုးရှိတယ်လို့ သုံးသပ်လို့ရပါတယ်။ ကျွန်တော်တို့ အဲဒီလယ်ယာတွေကို အားရစဖွယ်လေ့လာပြီးတော့ ကျွန်တော်တို့ ယခု မိမိတို့ရဲ့ဌာနေကို ပြန်တဲ့အခါမှာ လမ်းတစ်လျှောက်မှာရှိတဲ့ လယ်ယာတွေ၊ နောက်ကျွန်တော်တို့ သုံးကြိမ်လောက် ကွင်းဆင်းပြီးတော့မှ လယ်တွေထဲကို ကျွန်တော်တို့ မျက်မြင်ကြည့်တဲ့အခါမှာ ကျွန်တော်တို့စောစော ကတင်ပြခဲ့တဲ့ ကျွန်တော်တို့ လေ့လာခဲ့တဲ့လယ်ယာနဲ့ လယ်သမားတွေ လုပ်ကိုင်ခဲ့တဲ့လယ်ယာနဲ့ အခြေအနေကြည့်တဲ့အခါမှာ ဆီနဲ့ရေလိုကွာတဲ့ အခြေအနေရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ မျိုးကောင်းမျိုးသန့်သုံးတဲ့နေရာမှာ အားနည်းခဲ့ပါတယ်။ လယ်ယာစီမံခန့်ခွဲတဲ့နေရာမှာ အားနည်းခဲ့ပါ တယ်။ သမရိုးကျအဆင့်ကနေပြီးတော့မှ ကျော်လွှားနိုင်တဲ့အခြေအနေက အများစုမရှိသေးပါဘူး။ အခုန တိုးတက်လာတဲ့နိုင်ငံကို ကြည့်တဲ့အခါမှာ လယ်သမားတွေကိုယ်တိုင်က ဒီလယ်ယာလုပ်ငန်းကို မိမိတို့ဖောက်ချပြီး တသက်လုံးမိမိတို့ရဲ့ အကျိုးစီးပွားအတွက် အကျိုးပြုတဲ့လုပ်ငန်းဆိုပြီးတော့မှ ကျယ်ကျယ်ပြန့်ပြန့်စီမံခန့်ခွဲမှု စွမ်းရည်ရှိရှိနဲ့ဆောင်ရွက်တဲ့အတွက် ကျွန်တော်တို့ထက်အဆပေါင်းများ စွာသာတဲ့ လယ်သမားတွေဖြစ်သွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နေပြည်တော်မှာ လေ့လာခဲ့တဲ့ လယ်ယာလုပ်ငန်းခွင်အခြေအနေနဲ့ အဲဒီအခြေအနေမျိုးဟာ တစ်နိုင်ငံလုံးလယ်သမားတွေက လိုလိုလားလား ဒီနည်းပညာနဲ့စီမံခန့်ခွဲမှုတွေ ကျွမ်းကျွမ်းကျင်ကျင်နဲ့ ဆောင်ရွက်သွားနိုင်မယ်၊ တစ်ဘက်ကနိုင်ငံတော်ကလည်းပဲ ပံ့ပိုးမှုတွေပေးသွားနိုင်မယ်ဆိုရင် ဒီနေ့ ထိုင်းတို့၊ ဗီယက်နမ်တို့ကို လုံးဝကြောက်စရာမလိုဘဲနဲ့ တစ်ချိန်တုန်းက နိုင်ငံ့ဂုဏ်ဆောင်ခဲ့တဲ့အခြေအနေကို မလွဲမသွေ ပြန်ရောက်မယ်လို့ လေးလေးနက်နက် ယုံကြည်မိပါတယ်။ ကျွန်တော်တို့ ကွင်းဆင်းတဲ့အခါ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်ဖြစ်တဲ့ ပြည်သူ့အသံလွှတ်တော်အသံ ဆိုတဲ့အတိုင်းပဲ လယ်ယာလုပ်ငန်းတွေကို အလေးထားပြီးလေ့လာပါတယ်။ လေ့လာတဲ့အခါမှာ လက်ရှိမြေကြီး မြေပုံနဲ့ကိုက်ညီမှုနဲ့ ပတ်သက်လို့ ခေတ်မီတဲ့မြေတိုင်းပညာရပ်၊ ကျယ်ပြန့်တဲ့ကွင်းဆင်းမှု၊ တောင်သူလယ်သမားတွေနဲ့ ထိတွေ့မှုနည်းပါးတဲ့အတွက် ကျွန်တော်တို့ရဲ့မြေကြီးမြေပုံ၊ စိုက်ဧကနဲ့ အထွက်နှုန်းတွေဟာ ဒီနေ့ထိကွာဟချက်ရှိနေသေးတာကို တွေ့ရပါတယ်။ အထူးသဖြင့် ဧရာဝတီတိုင်း ဒေသကြီး၊ လပွတ္တာမြို့နယ်မှာ လောလောဆယ် နယ်မတုတ်လို့ခေါ်တဲ့ စပါးဖျက်ပိုး၊ နောက် ပိုးလောင်မီး၊ နှံဖြတ်ပိုးတွေ ကျရောက်တဲ့အတွက် လယ်သမားတွေဟာဆိုလို့ရှိရင် စိုက်ဧက ၄၀၀

လောက်ပျက်စီးပြီးတော့မှ စိုက်ပျိုးစရိတ်တွေ ပြန်ဆပ်ရတဲ့အချိန်မှာ အခက်အခဲတွေနဲ့ကြုံတွေ့နေရတာကို တွေ့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ကော်မတီကစုစည်းလိုက်တဲ့အခါမှာ တော်တော်များများသော လွှတ်တော်ကိုယ်စားလှယ်များသည် သူတို့မှာစာရင်းဇယားတွေနဲ့တကွ လယ်သမားတစ်ဦးချင်း၊ ဦးပိုင်စသည်ဖြင့် ဒီလိုအခက်အခဲတွေ ပါလာပါတယ်။ နောက်တစ်ခါ ဟိုတုန်းကတစ်ဇကကို ၃၅ တင်းနှုန်းလောက်ထွက်တဲ့ လယ်ယာမြေမှာ အထွက်တိုးနဲ့ပတ်သက်လို့ လှုပ်ရှားမှုလုပ်တဲ့အခါမှာ ဟိုတုန်းကရွှေဝါထွန်းတို့၊ မနော်ဟရီတို့စတဲ့ အထွက်တိုးစပါးတွေကိုလုပ်ကြတဲ့အခါမှာ မြို့နယ်တိုင်းမှာ အထွက်တိုးစခန်းတွေ ဖွင့်လှစ်ပြီးတော့မှ လယ်သမားတွေကိုစိုက်နည်းစနစ်တွေ၊ သွင်းအားစုတွေ၊ မြေဩဇာသုံးပုံတွေ၊ ပိုးသတ်ဆေးတွေ၊ ပိုးမွှားနှိမ်နင်းနည်းတွေစသည်ဖြင့် ဒီအထွက်တိုးစခန်းတွေမှာ လယ်သမားတွေဟာ ပျားပန်းခတ်မျှ လယ်သမားတွေကို ပညာပေးတာတို့၊ စီမံခန့်ခွဲမှုပညာပေးတာတို့ရှိခဲ့သော်လည်းပဲ ဒီနေ့အထွက်တိုးစခန်းအချို့ဟာ လမ်းဘေးမှာဘီယာဆိုင်ဘဝကို ပြောင်းသွားတဲ့အခြေအနေရှိပြီးတော့မှ ဒီအထွက်တိုးစခန်းတွေမှာ ဖွဲ့စည်းလာမယ့်လယ်သမားအဖွဲ့အစည်း၊ နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုတဲ့ နိုင်ငံတော်သမ္မတကြီးချမှတ်လိုက်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုတာနဲ့အညီ ရှေ့နောက်ညီညွတ်စွာ ဟန်ချက်ညီလှုပ်ရှားရမယ့်အချိန်ဟာ ဒီနေ့ဟာ အရှိန်အဟုန်နဲ့ဆောင်ရွက်ရမယ့် အခြေအနေရှိလာပါတယ်။ ဒါ့ကြောင့် အိမ်နီးချင်းနိုင်ငံများကနေပြီးတော့မှ Super Sonic Jet သွားနေတဲ့အချိန်မှာ ကျွန်တော်တို့ဟာ သုံးဘီးကားနဲ့ ချိန်နဲ့စွာ သွားနေရတဲ့အခြေအနေမျိုးနဲ့ဆိုရင်တော့ ဘယ်နည်းနဲ့မှမမီနိုင်ဘူးလို့ စိုက်ပျိုးရေးတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ကလည်းပဲ သုံးသပ်တင်ပြချက်မှာတင်ပြသွားတာရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒီလယ်သမားတွေဟာ သာမန်ဈေးငွေကိုပဲမျှော်ပြီးတော့မှ ဈေးငွေတွေတိုးပေးပါ၊ ဈေးငွေတွေမြန်မြန်လေးပေးပါစသည်ဖြင့် ဒီဈေးငွေရရှိတာကိုမျှော်နေမယ့်အစား ဈေးငွေလက်ခံရရှိချိန်မှစပြီးတော့မှ ပြန်လည်ပေးဆပ်ရမယ့်အချိန်အထိ လယ်ယာသွင်းအားစုတွေ၊ ငွေကြေးတွေ၊ ပံ့ပိုးပစ္စည်းတွေ၊ နည်းပညာတွေကို အကျိုးရှိရှိထိထိရောက်ရောက်နဲ့ ဘယ်လိုစီမံခန့်ခွဲမယ်ဆိုတဲ့ လယ်ယာစီးပွားစီမံခန့်ခွဲမှုအမြင်နဲ့ တက်တက်ကြွကြွစီမံဆောင်ရွက်နိုင်စွမ်းရှိဖို့လိုပါတယ်။ လယ်သမားတိုင်းအများစုဟာ ဒီလိုစီမံခန့်ခွဲမှုစွမ်းရည်တွေရှိကြမယ်ဆိုရင် ကျွန်တော်တို့စပါးအထွက်တိုးမှု၊ သိပ္ပံနည်းကျစိုက်ပျိုးမှုတွေဟာ အောင်မြင်ပြီးတော့မှ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်နဲ့ လယ်ယာကုန်ထုတ်လုပ်မှုစွမ်းအားတွေဟာ သိသိသာသာမြင့်လာလိမ့်မယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ကျွန်တော်တို့ မြို့နယ်များရဲ့ အခြေအနေကိုကြည့်တဲ့အခါမှာ တစ်မြို့နယ်မှာ စိုက်ပျိုးရေးဝန်ထမ်းဟာ သုံးလေးယောက်သာရှိပါတော့တယ်။ သူတို့ကိုကြည့်တဲ့အခါမှာလည်း အင်မတန်အားငယ်ပါတယ်။

ကွင်းဆင်းမှုလည်းပဲ အင်မတန်အားနည်းနေပါတယ်။ ဒါ့ကြောင့် မြေစာရင်းဌာနနဲ့ စိုက်ပျိုးရေးဌာနကိုတော့ ကမ္ဘာ့အဆင့်မီချင်ရင် ကမ္ဘာ့အဆင့်မီတဲ့နည်းပညာတွေ၊ နည်းစနစ်တွေနဲ့အညီ နိုင်ငံတော်ကနေပြီးတော့မှ မွေးထုတ်လိုက်တဲ့ စိုက်ပျိုးရေးတက္ကသိုလ်ကြီးက စိုက်ပျိုးရေးတက္ကသိုလ်ဆင်းအတတ်ပညာရှင်တွေ၊ နိုင်ငံခြားပြန်ပါရဂူဘွဲ့ယူလာတဲ့ပုဂ္ဂိုလ်တွေကို မြို့နယ်အဆင့်လောက်အထိကွင်းဆင်းပြီးတော့မှ ခုနဘီယာဆိုင် ဘဝကိုရောက်နေတဲ့ အထွက်တိုးစခန်းတွေမှာ ယခင်ကလိုတောင်သူလယ်သမားတွေကို ပညာပေးပြီးတော့မှ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်မယ်ဆိုရင်တော့ ခုနကျွန်တော်တို့ကမ္ဘာပေါ်မှာအများဆုံး ဆန်တင်ပို့နိုင်တဲ့နိုင်ငံတွေကို ကျော်လွှားနိုင်မယ်လို့ယူဆပါတယ်။ ဒါ့ကြောင့် နိဂုံးချုပ်အနေနဲ့တင်ပြချင်တာကတော့ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ လယ်ယာလုပ်ငန်းတွေကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်နဲ့ လယ်ယာသွင်းအားစု၊ ငွေကြေး၊ ပံ့ပိုးပစ္စည်း၊ နည်းပညာတို့ကိုပေးအပ်ရန် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ တောင်သူလယ်သမားများလက်ဝယ်သို့ ချေးငွေလက်ခံရရှိချိန်မှစပြီးတော့ ပြန်လည်ပေးဆပ်ရမယ့်အချိန်အထိ လယ်ယာသွင်းအားစုတွေ၊ ငွေကြေးတွေ၊ ပံ့ပိုးပစ္စည်းတွေ၊ နည်းပညာတွေကို တောင်သူလယ်သမားများကိုယ်တိုင် အကျိုးရှိရှိထိထိရောက်ရောက် ဘယ်လိုစီမံခန့်ခွဲမယ်ဆိုတဲ့ လယ်ယာစီးပွားစီမံခန့်ခွဲမှုအမြင်နဲ့ စီမံဆောင်ရွက်နိုင်စွမ်းရှိရန် လက်ရှိလိုအပ်နေပြီးတော့ ချေးငွေအပေါ်မှီခိုမှု သံသရာမဖြစ်ပေါ်စေရန် လယ်ယာစီးပွားစီမံခန့်ခွဲမှုစွမ်းရည်၊ Rural Economic Management Skill တိုးတက်စေမည့်အစီအမံများဖြင့် ဘယ်လိုဆောင်ရွက်ရန်ရှိပါသလဲဆိုတဲ့ မေးခွန်းကို လေးစားစွာမေးရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေလို့ နှုတ်ခွန်းဆက်သရင်း မေတ္တာပို့လိုက်ပါတယ်။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ နှစ်စဉ်စိုက်စရိတ်ချေးရာမှာ စိုက်ဘဏ်က ငွေကျပ်တစ် သိန်းလျှင် ၆၀၀၀ ဖြတ်ယူကောက်ခံပြီး တောင်သူလယ်သမားများရဲ့ စုဆောင်းငွေအဖြစ်ထားရှိကြောင်း ကိုလည်းသိရှိခဲ့ရပါတယ်။ လယ် ၁၀ ဧကအထက်လုပ်ကိုင်သူများကိုလည်း ၁၀ ဧကအတွက်သာ ချေးငှားကြောင်း သိရှိရပါတယ်။ လယ် ၁၀ ဧကအထက်လုပ်ကိုင်နေသော တောင်သူလယ်သမားများကို စိုက်ဧကပြည့်ငွေချေးငှားပေးရန် အစီအစဉ်ရှိပါသလား။ လယ်သမားတို့

၏ အမတော်ကြေးမှ စုဆောင်းငွေများမှာ ဆယ်စုနှစ်၊ နှစ်ခုစာမျှရှိနေပြီဖြစ်ရာစုငွေများကို ပုံမှန်စိုက်စရိတ်အဖြစ်ချေးငှားရာတွင် အသုံးမပြုဘဲ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးသွားသည့် သီးနှံစိုက်ခင်းများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် အရေးပေါ်ရန်ပုံငွေအဖြစ် သီးသန့်ထားရှိရန် အစီအစဉ်ရှိပါသလား သိလိုပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်(သာယာဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြစေကြောင်းဦးစွာဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တောင်သူလယ်သမားများရဲ့ စိုက်ပျိုးစရိတ်ချေးငွေနဲ့ပတ်သက်၍ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာရှိတဲ့ လယ်ယာစိုက်ပျိုးလုပ်ကိုင်သူတောင်သူလယ်သမားများအတွက် ဘဝဖွံ့ဖြိုးတိုးတက်မှုရှိဖို့ နိုင်ငံတော်မှစိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် ၂၀၀၀၀ ကျပ်နှုန်းနဲ့ ချေးလျက်ရှိပါတယ်။ ဒီနှစ်မှာဆိုလို့ရှိရင် တောင်သူတွေအတွက် ဒုတိယအကြိမ်ထပ်မံ၍ တစ်ဧကလျှင် ၂၀၀၀၀ ကျပ်နှုန်း ထပ်မံချေးတဲ့အတွက် စုစုပေါင်းတစ်ဧကလျှင် ၄၀၀၀၀ ကျပ်ရတဲ့အတွက်ကြောင့် တောင်သူလယ်သမားများအနေနဲ့ ဝမ်းသာကျေးဇူးတင်လျက်ရှိပါတယ်။ သို့ပါသော်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများထုတ်ချေးရာမှာ တောင်သူတစ်ဦးလျှင် ၁၀ ဧကစာသာ စိုက်ပျိုးစရိတ်ချေးငွေရရှိပါတယ်။ ၁၀ ဧကထက်ကျော်တဲ့လယ်ဧကများအတွက် ချေးငွေမရရှိတဲ့အတွက်ကြောင့် ဥပမာ- ဧက ၂၀ ရှိသူ တောင်သူအတွက်ကျန်တဲ့ ၁၀ ဧကကို ငွေတိုးကြီးစွာဖြင့် ချေးငှားသုံးစွဲတဲ့အတွက် လယ်ယာသွင်းအားစုအတွက်မလုံလောက်ခြင်း၊ သူ့အပြင်စီမံရသည့် ပြုစုစောင့်ရှောက်ရသည့် လုံလောက်စွာသွင်းအားစုမထည့်နိုင်ခြင်းစသည်တို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားအခက်အခဲများဖြစ်စေပါတယ်။ ဒါ့အပြင် လယ် ၁၀ ဧကအထက်ချေးငွေထုတ်ချေးခွင့် ရရှိတဲ့အတွက်ကြောင့်မို့လို့ကျန်တဲ့ဧကပိုအတွက် ထုတ်ချေးငွေရရှိရန် ကြံဆောင်လုပ်ဆောင်ရခြင်းများလည်း ရှိနေပါတယ်။ ၎င်းအပြင် အချို့လယ် ၁၀ ဧက ရှိသော်လည်း ၁၀ ဧကစာအပြည့်အဝထုတ်ချေးခွင့်မရခြင်း၊ ၅ ဧကစာရှိသော်လည်း ၅ ဧကစာ ထုတ်ချေးခွင့်မရရှိခြင်းများလည်းရှိနေပါတယ်။ စိုက်ပျိုးသီးနှံထွက်ရှိမှုအတွက်အရေအတွက် ရော၊ အရည်အသွေးရော ပြည့်မီတိုးတက်စေရန်နဲ့ တောင်သူလယ်သမားများအတွက်

အကျိုးရှိစေရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေသည် လွန်စွာပဲအရေးကြီး လိုအပ်ပါတယ်။ သို့အတွက်ကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများထုတ်ချေးရာမှာ တောင်သူတို့ရဲ့ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်သည့် လယ်ဧကအတိုင်း ချေးငွေထုတ်ချေးပေးနိုင်ခြင်း ရှိ၊ မရှိကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးပဲကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးဆောင်ဆီမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ(ကျောက်မဲ မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကျောက်မဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ မော်လမြိုင်၊ စစ်တွေမြို့များတွင် ပေးဆောင်ရသော စာချုပ်စာတမ်း၊ မှတ်ပုံတင်ကြေးသည် တရားဝင်ခြောက်ကျပ်ပေးဆောင်ရသည်ဟု သိရှိရပြီး ကင်းလွတ်ခွင့်မရှိသောမြို့များတွင် စာချုပ်စာတမ်း၊ မှတ်ပုံတင်ကြေးမှာ စာချုပ်၊ စာတမ်းပါငွေတန်ဖိုး၏ နှစ်ရာခိုင်နှုန်း ပေးဆောင်နေရပါသည်။ စာချုပ်စာတမ်းမှာပါသော တန်ဖိုးသိန်း ၁၀၀ ဆိုလျှင် ကင်းလွတ်ခွင့်ရှိသော ငါးမြို့တွင် စာချုပ်စာတမ်း၊ မှတ်ပုံတင်ကြေး ခြောက်ကျပ်သာပေးရပြီး ကျန်အခြားမြို့များတွင် နှစ်သိန်းကျပ်ပေးရပါသည်။ စာချုပ်၊ စာတမ်း၊ မှတ်ပုံတင်ကြေး တစ်ပြေးညီ မရှိခြင်းသည် ဥပဒေအရာတွင် ပြည်သူများမျှတစွာမခံစားရသည့်သဘော သက်ရောက်နေပါသည်။ ထို့ကြောင့် စာချုပ်စာတမ်း၊ မှတ်ပုံတင်ကြေး တစ်တိုင်းပြည်လုံးတွင် တစ်ပြေးညီဖြစ်စေရန်နှင့် ပြည်သူလူထုသိသာ မြင်လွယ်အောင် စာချုပ်စာတမ်း၊ မှတ်ပုံတင်ကြေးများကို စာချုပ်စာတမ်း၊ မှတ်ပုံတင်ပြုသောရုံးများ တွင်အသိပေးကြော်ငြာကပ်ထားရန်အတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုပါသည်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မတ္တရာ မဲဆန္ဒနယ်မှ ဦးပြည့်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပြည့်မောင်(မတ္တရာ မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်း နှင့် ပြည့်စုံပါစေကြောင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြလိုတဲ့ မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် ယခုလက်ရှိ ဆည်တော်ကြီးရေလှောင်တမံရဲ့အထက် ၃၂ မိုင်

အကွာမှာတည်ရှိတဲ့ နမ့်ပယ်ချောင်းကိုပိတ်ပြီးတည်ဆောက်မယ့် အထက်ဆည်တော်ကြီးရေလှောင်တမံ စီမံကိန်းကို နိုင်ငံတော်မှ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလမှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လမှာ ရပ်ဆိုင်းသွားခဲ့တာကိုတွေ့ရပါတယ်။ ဒါ့ကြောင့် အထက်ဆည်တော်ကြီးရေလှောင် တမံ စီမံကိန်းအား ဆက်လက်ဆောင်ရွက်နိုင်မည့် အစီအစဉ် ရှိ၊ မရှိ သိရှိလို၍မေးမြန်းခြင်း ဖြစ်ပါတယ်။ ယခုလက်ရှိ ကျွန်တော်တို့ ဆည်တော်ကြီးရေလှောင်တမံဟာ မတ္တရာမြို့နယ်အရှေ့မြောက်ဖျားမှာ တည်ရှိပြီး ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ နယ်စပ်တွင်ရှိပါတယ်။ တမံရဲ့သတ်မှတ်ရေလှောင်နိုင်တဲ့ ပမာဏကတော့ ဧကပေ ၁၃ သိန်း ၆ သောင်းကျော်သာရှိပြီးတော့ တစ်နှစ်ပတ်လုံးအသုံးပြုနိုင်တဲ့ ရေပမာဏထွက်ရေဟာတော့ ဧကပေ ၁၂ သိန်းသာရှိပါတယ်။ ဒါပေမယ့် နှစ်စဉ် ဆည်တော်ထဲမှာ ဝင်နေတဲ့ရေဟာ ဧကပေ ၂၅ သိန်းမှသိန်း ၃၀ အထိရှိပြီးတော့ အမြင့်ဆုံးအနေနဲ့ မှတ်တမ်းများအရ ဧကပေ ၃၂ သိန်းအထိဝင်ရောက်ခဲ့တာကိုတွေ့ရှိရပါတယ်။ ဒါ့ကြောင့် နှစ်စဉ်မိုးတွင်းကာလမှာ ဆည်အတွင်းမှာပိုလျှံရေများထုတ်ရပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ တမံကျိုးမှာအတွက်ကြောင့် ဖြစ်ပါတယ်။ ဒါ့ကြောင့် ဆည်အတွင်းမှရေထုတ်မှုကြောင့် မန္တလေး၊ သပိတ်ကျင်း၊ ဗန်းမော်၊ မိုးကုတ်ကားလမ်းမကြီး မတ္တရာမြို့နယ်၊ ရွှေတစ်ချောင်းဘောင်ကူးတံတားနဲ့ ချောင်းမကြီးချောင်းနဲ့ တံငါတံတားအကြား တစ်မိုင်ခန့်ဟာ အမြဲတမ်းရေကျော်ပြီးတော့ လမ်းအပျက်အစီးတွေတွေ့ရပါတယ်။ နောက်တစ်ချက်ကတော့ တစ်မိုင်အောက်ပိုင်းမှာရှိတဲ့ ကျေးရွာအုပ်စုတစ်ဆယ်အုပ်စုခန့်နဲ့ လယ်မြေ ဧကနှစ်သောင်းကျော်ဟာ ရေလွှမ်းမိုးခြင်းခံရတဲ့အတွက် နှစ်စဉ်ဆုံးရှုံးနစ်နာမှုများကြုံတွေ့နေရတာဖြစ် ပါတယ်။ ရေလွှမ်းတဲ့ဧရိယာတောင်ဘက်မှာ ကာကွယ်ထားတဲ့ ရွှေတစ်ချောင်းဖီလာမြောင်းနဲ့ကပ်ပြီး တည်ဆောက်ထားတဲ့တာဘောင်ဟာ ဒီတာဘောင်သာကျိုးမယ်ဆိုရင်တော့ မတ္တရာမြို့အပါအဝင် ပတ်ဝန်းကျင်ကျေးရွာအားလုံး ရေမြုပ်သွားမှာဖြစ်ပါတယ်။ ရေမြုပ်ရင်တော့ ပတ်ဝန်းကျင်ကျေးရွာမှာရှိ နေတဲ့ ဥယျာဉ်ခြံမြေများအားလုံး ပျက်စီးဆုံးရှုံးမှုများဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလက်ရှိ ဆည်တော်ကြီးတမံဟာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပြင် မြို့နယ်များအတွင်းရှိ လယ်ယာစိုက်ပျိုးရေးအတွက် အထူးအားထားရတဲ့ဆည်လည်းဖြစ်ပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ တမံရဲ့မူလချောင်းဖြစ်တဲ့ ချောင်းမကြီးအပြင် မန္တလေးတူးမြောင်း၊ ရေနံ့သာတူးမြောင်း၊ ရွှေတစ်ချောင်း ဖီလာနဲ့ ရွှေတစ်ချောင်းမြောင်းတို့မှတစ်ဆင့် လယ်ယာမြေများစိုက်ပျိုးမှုကို ရေပေးဝေတဲ့ဆည်ဖြစ်ပါ တယ်။ မန္တလေးတူးမြောင်းဟာဆိုရင်တော့ မတ္တရာအပါအဝင် မတ္တရာ၊ ပုသိမ်ကြီး၊ မန္တလေးနှင့် အမရပူရမြို့နယ်များအတွင်းမှာ စိုက်ပျိုးရေဧက ၁၂၇၀၀၀ ကျော်ပေးဝေနေတဲ့တူးမြောင်းဖြစ်ပါတယ်။ ရေနံ့သာတူးမြောင်းကလည်း မတ္တရာမြို့နယ်ရဲ့မြောက်ခြမ်းအတွက် အားထားရတဲ့တူးမြောင်းဖြစ်ပါ

တယ်။ ရွှေတစ်ချောင်း ဖီလာတူးမြောင်းနဲ့ရေကာတာကလည်း မတ္တရာမြို့မှပတ်ဝန်းကျင်ရေကြီးမှုမှ ကာကွယ်နိုင်ပြီးတော့ မုရင်းစပါးဧက ၂၀၀၀ ကျော်စိုက်ပျိုးမှုအတွက် အဓိကအားထားရာတူးမြောင်း ဖြစ်ပါတယ်။ တင်ပြလိုတဲ့အချက်ကတော့ ဒီတူးမြောင်းတွေပေးဝေတဲ့ ဒီဆည်တော်ကြီးတမံဟာ မရှိမဖြစ်လိုအပ်တယ်လို့ တင်ပြလိုခြင်းဖြစ်ပါတယ်။ ဆည်တော်ကြီးတမံဟာ တစ်ခြားမြို့နယ်များ မပါဘဲနဲ့ မတ္တရာမြို့နယ်အတွင်းမှာပဲ စပါးစိုက်ပျိုးနိုင်တဲ့လယ်မြေဧက ၅၄၀၀၀ ကျော်ရှိရာမှာ မိုးကောင်းသောက်လယ်မြေဧကဟာ ၂၀၀၀ ကျော်နဲ့ ဆည်ရေသောက်ဧကဟာ ၅၂၀၀၀ ကျော်ရှိပါ တယ်။ ဒါကြောင့် ကျွန်တော်တို့မြို့နယ်ဟာ စပါးစိုက်ပျိုးမှုမှာ ဆည်တော်ကြီးတမံကို အားကိုးနေရတဲ့ မြို့နယ်ဖြစ်ကြောင်းထင်ရှားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆည်တော်ကြီးတမံမကျိုးပေါက်ရအောင် မိုးတွင်းကာလမှာရေမထိန်းနိုင်မှုကြောင့် ပိုလျှံနေတဲ့ရေများ ထုတ်လွှတ်ရတဲ့အတွက် နှစ်စဉ်ရေလွှမ်းမိုး မှုများဖြစ်ပေါ်နေပြီးတော့ နယ်သူနယ်သားများအနေနဲ့ မိုးတွင်းကာလရောက်လျှင်စိတ်ဒုက္ခရောက်ကြရ ပါတယ်။ ဒ့ါကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာတာဝန်ရှိသူများနဲ့ ညှိနှိုင်းချက်အရ မန္တလေးတိုင်းဒေသအစိုးရအဖွဲ့က ရေလွှမ်းမိုးမှုကာကွယ်ရန် တူးမြောင်းများ၊ ချောင်းများရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ကားလမ်းများပြုပြင်မှုများဆောင်ရွက်ရန် အစီအစဉ်ရှိသည်ဟု သိရပါတယ်။ တူးမြောင်းနဲ့ချောင်းများရေစီးရေလာကောင်းမွန်ပါက ရေလွှမ်းမိုးမှုသက်သာစေပါတယ်။ သာဓကအားဖြင့်တော့ လွန်ခဲ့တဲ့လေးလခန့်ကမန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ကိုယ်တိုင် ရေကြီးနေတဲ့တံငါတံတားဘက်ကို လာရောက်ကြည့်ရှုတဲ့အခါမှာ တံငါတံတားတည်ဆောက်တဲ့ကာလ တုန်းကတော့ ချောင်းမကြီးချောင်းအထက်မှာ လမ်းလွှဲတည်ဆောက်တဲ့အခါမှာကျောက်တွေခင်းပြီး တော့လမ်းလွှဲတည်ဆောက်ခဲ့ပါတယ်။ အဲဒီလမ်းဟာ ရေကြီးတဲ့အခါမြုပ်သွားပေမယ့်၊ ရေတော့ကျော်ပါ တယ်။ သို့သော်ရေစီးရေလာကောင်းအောင်တော့ အတားအဆီးဖြစ်နေပါတယ်။ အဲဒါကိုတွေ့တဲ့ အခါကျတော့လမ်းကိုစက်ကိရိယာနဲ့ ဖယ်ရှားလိုက်တဲ့အခါမှာတော့ ချောင်းရေဟာလေးပေခန့် လျော့နည်းသွားတာကိုတွေ့ရပါတယ်။ ဒ့ါကြောင့်မို့လို့ ရေလွှမ်းတဲ့ကားလမ်းတွေမှာ ကားလမ်းမြှင့်တင် တာ၊ တူးမြောင်းချောင်းများ ရေစီးရေလာကောင်းအောင်ပြုပြင်တာဆို ရေလွှမ်းမှုကြုံတွေ့ရဒုက္ခများမှာ သက်သာသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မတ္တရာမြို့နယ်၊ နယ်မြေဟာ ရှမ်းပြည်နယ် တောင် တန်းများနဲ့ဆက်စပ်လျက်ရှိတာကြောင့် မိုးရွာသွန်းမှုအခြေအနေဟာ ဆယ်စုနှစ်အတွင်း မှတ်တမ်းများ အရ တစ်နှစ်အတွင်း ရှစ်လခန့် မိုးရွာသွန်းပြီး မိုးရွာသွန်းရက်ဟာ ၆၉ ရက်နဲ့ ပျှမ်းမျှမိုးရေချိန်လက်မ ၃.၄၇ လက်မတို့ ရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့် ရာသီဥတုသဘာဝအခြေအနေအရ စိတ်မချရ ပါဘူး။ ဆည်တော်ကြီးကန်မှာ ရေပိုလွှာများလည်း မိုးရေဝင်လျှင်လည်း ဆက်လက်ပြီး ထုတ်လွှတ်

နေရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဆည်တော်ကြီးတမံမိုးရေကို ထိန်းနိုင်ဖို့အတွက် ကျွန်တော်တင်ပြခဲ့တဲ့ အောက်ကရေထုမြောင်းများ၊ ချောင်းများ၊ တူးမြောင်းကိုလည်း ရေစီးရေလာကောင်း ရေထုတ်လွှတ်လို့ရှိရင် ရေစီးရေလာကောင်းအောင်ပြုပြင်ဖို့ လိုအပ်သလို ယခု ကျွန်တော်တင်ပြခဲ့တဲ့ အထက်ရေလှောင်ကြီးတမံစီမံကိန်းဟာ လက်ရှိဆည်တော်ကြီး တမံထက်ရေထိန်းသိမ်းနိုင်မှု နှစ်ဆမျှရှိတယ်လို့ သိရတဲ့အတွက် ဆည်တော်ကြီးတမံသာ တည်ဆောက်ပေးနိုင်ရင် ကျွန်တော်တို့ မြို့နယ်အတွက် ဒီဆည်တော်က လျှပ်စစ်မီးရမယ်။ လယ်ယာမြေတွေကောင်းမယ့်အတွက် သားရွှေအိုးထမ်းတဲ့ကိန်းဆိုက်မှာလို့ မြို့သူမြို့သားများကလည်း ထင်ထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့်တော့ ဒီဆည်ကို တည်ဆောက်ပေးနိုင်ရင်တော့ ကျွန်တော်တို့ မြို့နယ်အတွက် စပါးစိုက်ပျိုးမှု၊ တမံကျိုးပေါက်မှု၊ လျှပ်စစ်များပိုမိုရရှိမှုဖြစ်လာမှာအတွက် စီမံကိန်းကြီး ဆက်လက်အကောင်အထည်ဖော်ဖို့ ရှိ၊ မရှိ သိရှိလိုပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တည်ဆောက်လျက်ရှိသော ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းနဲ့ စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ ကျိုင်းခမ်းရွာအနီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်လျက်ရှိသော ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းသည် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလမှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလတွင် လုပ်ငန်းတစ်ခုလုံး၏ ၁၃.၀၅ ရာခိုင်နှုန်းပြီးစီးခဲ့ပြီး လုပ်ငန်းများ ရပ်နားခဲ့သည်ကို သိရှိရပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပါက ကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေဒေသခံ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ၍

စီးပွားရေးတိုးတက်စေခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ဒေသအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည့်အပြင် ဇော်ဂျီရေလှောင်တမံမှ လက်ရှိထုတ်လွှတ်နေသည့် လျှပ်စစ်ဓာတ်အား ၆ မဂ္ဂါဝပ်မှ ၁၂ မဂ္ဂါဝပ်သို့ တိုးမြှင့်ပေးနိုင်ခြင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာလွင်ပြင် စိုက်ပျိုးမြေများကို ရေပေးဝေနိုင်ခြင်းစသည့်လုပ်ငန်းများသည် မိမိဒေသအတွင်းကို သာမက နိုင်ငံတော်နဲ့ပြည်သူများအတွက် အဆင့်ဆင့်အကျိုးပြုသွားမည့် စီမံကိန်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်အချိန်ကာလတွင် ဆက်လက်ဆောင်ရွက်မည်ကို သိလိုပါကြောင်း လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထား၍ တက်ရောက်သူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများ မေးမြန်းထားတဲ့မေးခွန်း ၆ ခုကို တစ်ဆက်တည်း ဖြေဆိုပါမယ်။ ပထမဆုံးမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော် ဦးဉာဏ်ဆွေဝင်း၏မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဖြေကြားချက်မှာ အချို့အင်္ဂလိပ်စာ အသုံးအနှုန်းပါတဲ့အတွက်ကြောင့် ခွင့်ပြုဖို့ ကြိုတင်ပန်ကြားလိုပါတယ်ခင်ဗျား။ အဓိကမေးထားတဲ့အချက်အပေါ်မှာ ကျွန်တော်ခြုံငုံပြီးတော့ ထုတ်နှုတ်ရမယ်ဆိုရင် တောင်သူလယ်သမားချေးငွေအပေါ်မှီခိုမှု သံသရာဖြစ်ပေါ်မှုမရှိစေရန် လယ်သမားတို့၏ လယ်ယာစီးပွားစီမံခန့်ခွဲမှုစွမ်းရေ (Rural Economic Management Skill) တိုးတက်စေမည့် အစီအမံများဖြင့် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းထားပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင် Management ဆိုတဲ့ စီမံခန့်ခွဲမှုအတတ်ပညာမှာ အကျယ်ချဲ့လျှင် ချဲ့သလောက် အလွန်ကျယ်ပြန့်ပါတယ်။ လယ်သမားများအတွက်မူ အဖြုန်းနှင့် အသုံးကို ချိန်ဆတတ်စေရန်နှင့် စိုက်ပျိုးထုတ်လုပ်မည့် သီးနှံအမယ်အလိုက် အကျိုးစီးပွား ဖြစ်ထွန်း ခံစားရရှိနိုင်စေရန်ဆိုသည့် အနှစ်သာရရည်မှန်းချက် ဖြစ်ပါတယ်။

Mission ဆိုသည့် ရည်မှန်းချက်အား အောင်မြင်ရန်အတွက် လုပ်ငန်းပမာဏကြီးမားမှုအပေါ် မူတည်၍ Management စီမံမှုအတတ်ပညာကို စာစောင်ဖွဲ့မည်ဆိုပါက Ph.D ဘွဲ့ပညာရှင်ကြီးများ

ပင်လျှင် ရေးဖွဲ့ဆွေးနွေး၍ ပြီးပြည့်စုံနိုင်မည် မရှိပါ။ ထိုကဲ့သို့ ရည်မှန်းချက် Mission ကို အောင်မြင်စေရန် Management ဆိုတဲ့ စီမံခန့်ခွဲမှုကောင်းများ လိုအပ်ပါတယ်။ အဲဒါတွေကတော့ ပထမအချက်အနေနဲ့ ငွေကြေးအရင်းအနှီးစီမံခန့်ခွဲမှု Money Management ဖြစ်ပါတယ်။ ဒုတိယအချက်လိုအပ်ချက်ကတော့ လူမှန်၊ နေရာမှန် ကျွမ်းကျင်မှုအရ ရွေးချယ်တာဝန်စီမံခန့်ခွဲ ပေးအပ်ခြင်းဆိုတဲ့ Men Management ဖြစ်ပါတယ်။ တတိယလိုအပ်ချက်ဖြစ်တဲ့ လယ်ယာသုံး စက်ကိရိယာများ စီမံခန့်ခွဲအသုံးပြုခြင်း၊ Machine Management ဖြစ်ပါတယ်။ နံပါတ်လေး အချက်အနေနဲ့ လယ်ယာသုံးအခြေခံပစ္စည်း မျိုးစေ့၊ ပျိုးပင်၊ သွင်းအားစု၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသပ်ဆေးစသည်တို့အား စနစ်တကျ မှန်ကန်စွာအသုံးပြုနိုင်ခြင်းဆိုတဲ့ သွင်းအားစု ပစ္စည်းစီမံခန့်ခွဲမှု Material Management လိုအပ်ပါတယ်။ နံပါတ်ငါးအချက်အနေနဲ့ မြေပြင်ဆင် ထွန်ယက်ချိန်၊ စတင်စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန် စသည်အားဖြင့် အချိန်ကိုက်လုပ်ဆောင်ရသည့် စနစ်မှာလည်း အချိန်စီမံမှုအတတ်ပညာ Time Management လိုအပ်ပါတယ်။ မိုးလွန်မှထွန်ချ၍ မရနိုင်သကဲ့သို့ပင် ရင့်မှည့်ချိန်လွန်မှ ရိတ်သိမ်းလျှင် အလေအလွင့် အဆုံးအရှုံးများ ဖြစ်ပေါ်စေနိုင် ပါတယ်။ နံပတ်ခြောက်အချက်အနေနဲ့ မြေဆီလွှာရာသီဥတုနဲ့ စိုက်ပျိုးသီးနှံပေါ်မူတည်၍ စိုက်ပျိုးရေ လိုသလောက် စီမံခန့်ခွဲအသုံးပြုရခြင်း Water Management လိုအပ်ပါတယ်။ နံပါတ်ခုနှစ်အချက် အနေနဲ့ ဒေသ၏ရေမြေမြေဆီလွှာအခြေအနေ စိုက်ပျိုးရေရရှိနိုင်မှုအပေါ်မူတည်၍ သီးနှံပုံစံ Crop Pattern အား သီးထပ်သီးညှပ် သီးနှံရွေးချယ်စိုက်ပျိုးရခြင်းမှာလည်း လယ်ယာစီးပွားရေးစီမံခန့်ခွဲမှု ပညာရပ်တွင် အကျုံးဝင်ပါရှိပါတယ်။ ဒါက သီးနှံပုံစံစီမံခန့်ခွဲမှု Crop Management ဖြစ်ပါတယ်။ Mission ဆိုတဲ့ ရည်မှန်းချက်အောင်မြင်ဖို့ လိုအပ်တဲ့စီမံခန့်ခွဲမှု Management များဖြစ်ကြောင်း တင်ပြလိုပါတယ်။ လယ်ယာစီးပွားစီမံခန့်ခွဲမှုအတတ်ပညာများကို လယ်သမားများ လက်လှမ်းမီအောင် မိမိတို့ စိုက်ပျိုးရေးပညာရှင် နိုင်ငံ့ဝန်ထမ်းများအပိုင်းကသာမက သက်ဆိုင်ရာနယ်မြေဒေသအလိုက် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ပြည်နယ်အစိုးရအဖွဲ့များရဲ့ လုပ်ငန်းရှင်ကြီးများမှ စံနမူနာပြ စိုက်ကွင်းများ လက်တွေ့ထူထောင်ပြသပြီး တောင်သူလယ်သမားများ ယုံကြည်မှုအပြည့်အဝဖြင့် လက်တွေ့အသုံးချနိုင်အောင် ပညာပေးစည်းရုံး နည်းလမ်းများဖြင့် ဖေးမလက်တွဲဖော်ဆောင်ပေးကြ ရန် လိုအပ်မည်ဖြစ်ပါတယ်။

နိုင်ငံတော်အနေဖြင့် လယ်သမားများ၏ ငွေကြေးအရင်းအနှီးအခက်အခဲများ ကူညီပံ့ပိုးဖြေရှင်း ပေးလိုသည့် ရည်ရွယ်ချက်စေတနာအားဖြင့် လယ်တစ်ဧကလျှင် ယခင်ကျပ် ၂၀၀၀၀ နှုန်း ထုတ်ချေး ပေးခဲ့ရာမှ နှစ်ဆတိုးပြီး ကျပ် ၄၀၀၀၀ နှုန်း တိုးတက်ထုတ်ချေးပေးလျက်ရှိနေပါတယ်။ ကျေးလက်ငွေစု

ငွေချေးအသင်းအဖွဲ့များ ထူထောင်ပေးပြီး၊ အသေးစားငွေချေးလုပ်ငန်းများလည်း အထောက်အကူပေးနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ဒေသအလိုက် အထူးပြုကုမ္ပဏီများကဲ့သို့သော လုပ်ငန်းရှင်ကြီးများနှင့် Foundation အဖွဲ့အစည်းများမှလည်း ငွေကြေးအရင်းအနှီးများအား သက်သာသောနှုန်းထားများဖြင့် ထုတ်ချေးအထောက်အကူပေးလျက်ရှိပါတယ်။ လယ်ယာသုံး စက်ကိရိယာများကိုလည်း တောင်သူများလက်လှမ်းတမီ အသုံးပြုနိုင်ရေးအတွက် အရစ်ကျစနစ်ဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး ရောင်းချပေးလျက်ရှိနေပါတယ်။ လယ်သမားများ ငွေကြေးအရင်းအနှီး အပါအဝင် သွင်းအားစုပံ့ပိုးပစ္စည်းများအပေါ် အကျိုးရှိရှိထိထိရောက်ရောက်အသုံးချပြီး အလေအလွင့် အဆုံးအရှုံးလျော့နည်းသက်သာစေလျက် စိုက်ပျိုးရေးထုတ်ကုန်သီးနှံများ ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ ကိုယ်တိုင်တစ်ဦးချင်းအသိတရားနှင့် သတိရှိရှိဖြင့် ကျင့်ကြံလုပ်ဆောင်ခြင်း နည်းလမ်းသာလျှင် ကုစားနိုင်မည်ဖြစ်ပါတယ်။ လယ်သမားများအနေဖြင့် ချေးငွေအပေါ် မှီခိုမှုသံသရာမှ ကင်းလွတ်ရန် အတွက် လယ်သမားစီးပွားစီမံခန့်ခွဲမှုစွမ်းရည် Rural Economic Management scale တိုးတက်စေရေးလုပ်ငန်းအပေါ် တစ်နိုင်ငံလုံးပြန့်နှံ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒေသအလိုက်အခြေအနေနှင့် ကိုက်ညီစွာ အာဏာပိုင်အဖွဲ့အစည်းများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအပါအဝင် အသင်းအဖွဲ့များအနေဖြင့် တောင်သူလယ်သမားများအား စည်းရုံးပညာပေးခြင်းနည်းလမ်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ထိန်းကြောင်းတည့်မတ်ပေးခြင်း နည်းလမ်းများအားဖြင့် ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကသော့ချက်လုပ်ငန်းစဉ်ကြီး ၅ ရပ်အား ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ သော့ချက်လုပ်ငန်းစဉ် ၅ ရပ်မှာ

(၁) အထွက်ကောင်း မျိုးကောင်း၊ မျိုးသန့်စပါးများ(Good Quality Seeds)အသုံးပြုရန်၊

(၂) ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ( Good Agriculture Practice) အသုံးပြုရန်၊

(၃) စိုက်ပျိုးရေးအပါအဝင် သွင်းအားစုဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက် အချိုးကျအသုံးပြုရန်၊

(၄) မျိုးစေ့သုံးစွဲခြင်း၊ သွင်းအားစုသုံးစွဲခြင်း၊ လုပ်အားခအပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်၊ ရောင်းဝယ်

လွှဲပြောင်းမှုကုန်ကျစရိတ် လျှော့နည်းသက်သာအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါတယ်။

(၅) ထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှုရရှိပြီး ခိုင်မာသော ဈေးကွက် ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

အထက်ပါ ရိုးစင်းလွယ်ကူသော လုပ်ငန်းစဉ် ၅ ရပ်ကို တောင်သူလယ်သမားများ လက်တွေ့လိုက်နာဆောင်ရွက်ရန် အကောင်အထည်ဖော်ပေးနိုင်ခြင်းအားဖြင့် ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားသော တောင်သူလယ်သမားများ၏ ကြွေးသံသရာမှ လွတ်မြောက်စေရေးစေတနာကို လက်တွေ့ ဖော်ဆောင်နိုင်မည့်အပြင် တောင်သူလယ်သမားတစ်ဦးချင်းမှ ကျေးရွာတစ်ခုလုံး၊ မြို့နယ်တစ်ခုလုံး၊ တစ်နိုင်ငံလုံးအဆင့်အထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကို အကောင်အထည်ဖော်လာနိုင်မည်ဖြစ်ပါတယ်။ တောင်သူလယ်သမားများ ဆန်စပါးသီးနှံ တစ်ဧက တင်း(၁၀၀)အထက်ထွက်ရှိရန် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက် Good Agriculture Practice မှာလည်း စပါးစိုက်ပျိုးကြသော လယ်သမားများအတွက် လယ်ယာစီးပွားစီမံခန့်ခွဲမှုပညာရပ် Management ပင်ဖြစ်ပါတယ်။ အမှန်တကယ် တစ်ချက်ချင်းအားဖြင့် ထိရောက်မှန်ကန်စွာ လိုက်နာလုပ်ဆောင်ကြခြင်းအားဖြင့် စပါးအရည်အသွေးနှင့် စပါးအထွက်နှုန်း ထိထိရောက်ရောက်တိုးစေပြီး လယ်သမားများ အကြွေးသံသရာမှလွတ်မြောက်စေနိုင်မည် ဖြစ်ပါတယ်။ အလားတူပင် ဆီထွက်နေကြာ၊ ပဲသီးနှံအမျိုးမျိုး၊ ကြံသီးနှံ၊ ရော်ဘာစသည်ဖြင့် စိုက်ပျိုးသီးနှံအမယ်အလိုက် သိပ္ပံနည်းကျစိုက်နည်းစနစ်များသည် တောင်သူများအတွက် အလွယ်ကူဆုံး လိုက်နာကြရမည့် Management များပင်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

နိုင်ငံတော်အပိုင်းမှ ပြည်ထောင်စုအဆင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း လက်ရှိဖွဲ့စည်းထူထောင်ပေးထားသော သုတေသနခြံများ၊ မျိုးစေ့ထုတ်ခြံများ၊ စိုက်ပျိုးရေးသင်တန်းကျောင်းများအားအခြေခံ၍ နိုင်ငံနှင့်တဝန်း တောင်သူပညာပေး စံပြစိုက်ကွင်းကြီးများထူထောင်ပြီး တောင်သူလယ်သမားများနှင့် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်လာရေး အကောင်အထည်ဖော်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ ထိုသို့သော ပညာပေးလုပ်ငန်းများကို မီဒီယာနည်းလမ်းများ ဖြင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များတွင်လည်းကောင်း လယ်ယာစီးပွားနှင့် ဒို့ကျေးရွာဂျာနယ်များဖြင့်လည်းကောင်း တောင်သူများလက်ဝယ်သို့ ပြန့်နှံ့ရောက်ရှိစေရေးအတွက် ပညာပေးနည်းလမ်းများ ကျယ်ပြန့်စွာ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ အခြားတစ်ဖက်မှလည်း နိုင်ငံတော်အစိုးရအပိုင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများအနေဖြင့် နိုင်ငံတော်လယ်ယာကဏ္ဍ

အလျှင်အမြန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံကျကျ ပြုပြင်ပြောင်းလဲဖော်ဆောင်ပေးရန် လိုအပ်ချက်ကြီးများဖြစ်သော -

(၁) လယ်ယာများအား ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျရေသွင်း/ရေထုတ်သည့်စနစ်များ တည်ထောင်ပေးခြင်း(Irrigation)လုပ်ငန်းဖြစ်ပါတယ်။

(၂) လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲနိုင်ရေး(Mechanization) လုပ်ငန်းဖြစ်ပါတယ်။

(၃) တစ်ဧကထွက်နှုန်းတိုးတက်စေနိုင်မည့် အထူးအထွက်တိုး မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူး ပေးခြင်း(Hybridization)လုပ်ငန်းဖြစ်ပါတယ်။

(၄) သီးနှံများအထွက်တိုးရန် သွင်းအားစုဓာတ်မြေဩဇာ(Fertilizer)လိုအပ်ချက်ကို လုံလောက်စွာ အသုံးပြုနိုင်ရေးဆောင်ရွက်ပေးခြင်းလုပ်ငန်းဖြစ်ပါတယ်။

(၅) ပုဂ္ဂလိက ငွေကြေးအရင်းအနှီးတတ်နိုင်သူများ အခန်းကဏ္ဍအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း များတွင် ထိထိရောက်ရောက် ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် အားပေးဆောင်ရွက် ခြင်းလုပ်ငန်း

များကို ဟန်ချက်ညီစွာဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ပေးနိုင်မှသာလျှင် တောင်သူ လယ်သမားများ၏ လယ်ယာထွက်ကုန်များ အလျှင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ပါကြောင်း ကိုယ်စားလှယ်တော်၏ မေးမြန်းချက်ဖြစ်သည့် လယ်သမားများ အကြွေးသံသရာမှ လက်တွေ့လွတ်မြောက် စေရေးအတွက် လယ်ယာစီးပွားစီမံခန့်ခွဲမှု Management အစီအမံအား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် အနှစ်ချုပ်တင်ပြချက်အပေါ်မှာလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ နားလည်ခွင့်လွှတ်ပေးပါရန် ပန်ကြား အပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်၏မေးခွန်းကို ဆက်လက်ဖြေကြားပါမယ်။ ပထမ မေးခွန်းဖြစ်တဲ့ လယ် ၁၀ ဧက အထက်လုပ်ကိုင်သူများကို စိုက်ဧကပြည့်ငွေချေးငှားရန် အစီအစဉ် ရှိပါသလားဆိုတဲ့ မေးခွန်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ယခင်နှစ်က စပါးသီးနှံ တစ်ဧကကို ကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးခဲ့ရာမှ ယခုနှစ် ၂၀၁၁ ခုနှစ်၊ မိုးစပါးရာသီမှစတင်ပြီး စပါးသီးနှံတစ်ဧကကို ကျပ် ၄၀၀၀၀ နှုန်းအထိနှစ်ဆနှုန်း တိုးမြှင့်ထုတ်ချေးလျက်ရှိပါတယ်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးစရိတ်ငွေ အရင်းအနှီးမတည်ရန် အခက်အခဲရှိနိုင်သော လုပ်ကွက်ငယ်

၁၀ ဧကအောက် တောင်သူလယ်သမားများအား ဦးစားပေးပြီး စိုက်စရိတ်ငွေအဖြစ် ထုတ်ချေးပေးခြင်း ဖြစ်ပါတယ်။ ငွေကြေးတတ်နိုင်တဲ့ ၁၀ ဧက အထက် လယ်သူကြွယ်များကိုမူ နိုင်ငံတော်အနေဖြင့် စိုက်စရိတ်ငွေထုတ်ချေးပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဒုတိယမေးခွန်း ဖြစ်သော လယ်သမားတို့၏ အမတော်ကြေးမှ စုဆောင်းငွေများမှာ ဆယ်စုနှစ် နှစ်စုစာမျှ ရှိနေပြီဖြစ်ရာ အဆိုပါစုဆောင်းငွေများကို သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော သီးနှံစိုက်ခင်းများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် အရေးပေါ်ရန်ပုံငွေအဖြစ် သီးသန့်ထားရှိရန် အစီအစဉ်ရှိပါ သလားဆိုတဲ့မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားပါမယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အဖြစ် ၁၉၅၃ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ ဖွဲ့စည်းတည်ထောင် ခဲ့ခြင်း ဖြစ်ပါတယ်။ လုပ်ငန်းစတင်သည့် ၁၉၅၃-၅၄ ခုနှစ်စ၍ တောင်သူ ၄၅၀၄ ဦးကို စပါးသီးနှံတစ်ဧက နှစ်ဆယ်ကျပ်ဖြင့် ချေးငွေစုစုပေါင်း ၁.၃ သန်း ထုတ်ချေးခဲ့ပါတယ်။ ထိုစဉ်က ခရိုင်ဘဏ်(၆)ခုသာ ဖွင့်လှစ်နိုင်ခဲ့ပြီး ကျေးရွာအုပ်စုဘဏ်ကော်မတီ ၅ ဦးဖြင့်ဖွဲ့စည်း၍ ချေးငွေများကို ကျေးရွာ ဘဏ်များမှတစ်ဆင့် ထုတ်ချေးပေးခဲ့ရာ ကျေးရွာဘဏ်ပေါင်း ၇၈ ဘဏ်ဖြစ်ပါတယ်။ ချေးငွေ အတိုးနှုန်းကို တစ်နှစ်လျှင် ၁၂ ရာခိုင်နှုန်းသတ်မှတ်ပြီး ဘဏ်မှ ၆ ရာခိုင်နှုန်းနှင့် ကျေးရွာ ဘဏ်အမြတ်သို့ ၆ ရာခိုင်နှုန်း ထည့်ဝင်စေခဲ့ပါတယ်။ တောင်သူများမှချေးငွေအပေါ် ချွေတာစုဆောင်း ငွေဖြင့် ၁ ရာခိုင်နှုန်းစုခဲ့ရပါတယ်။ ၎င်းကျေးရွာဘဏ် အမြတ်ငွေထဲမှာ ကျေးရွာဘဏ်ကော်မတီများ၏ ခရီးစရိတ်၊ စီမံခန့်ခွဲမှုစရိတ်နှင့် ဘဏ်ကသတ်မှတ်ထားသော လုပ်အားခချီးမြှင့်ငွေများအတွက် သုံးစွဲခြင်း ဖြစ်ပါတယ်။ တောင်သူများ၏ ချွေတာစုဆောင်းငွေများအပေါ် ဘဏ်မှအတိုးပေးခြင်းမရှိဘဲ ထိန်းသိမ်းစုဆောင်းပေးခြင်းသာ ဆောင်ရွက်ခဲ့ပါတယ်။ ဘဏ်မှအိမ်တိုင်ရာရောက် ထုတ်ချေးခြင်းဖြစ် ပါတယ်။ ၁-၁၀-၁၉၉၃ နေ့မှစ၍ ကျေးလက်ငွေ စုဆောင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ ၎င်းအချိန်အတွင်း တောင်သူ ၅၁၇၉၀၄ ဦး၊ ၁ ရာခိုင်နှုန်း ချွေတာစုဆောင်းငွေ ကျပ် ၇၆.၉၃ သန်းကို တောင်သူတစ်ဦးချင်းအား ငွေစုစာရင်းများဖွင့်လှစ်ပြီး ကနဦး စုဆောင်းငွေအဖြစ် စာရင်းပြောင်းနည်း ဖြင့် စတင်စာရင်းဖွင့်စုဆောင်းစေခဲ့ပါတယ်။ ဘဏ်တွင် ချွေတာစုဆောင်းငွေ သီးခြားမရှိတော့ဘဲ ယခု တောင်သူလယ်သမားတစ်ဦးချင်း ကနဦးစုဆောင်းငွေအဖြစ် အပ်ငွေစာရင်းတွင် ပါဝင်သွားပြီဖြစ်ပါ တယ်။ ၂၁-၉-၂၀၁၁ အထိ တစ်ဦးချင်း၏ ငွေစုစာအုပ်များကို တစ်နိုင်ငံလုံးအနေဖြင့် စုစည်းလျက် ကျေးလက်စုဆောင်းအပ်ငွေမှာ စုစုပေါင်းကျပ် ၅၇၆၀၃.၇၇ သန်း ဖြစ်ပါတယ်။ တစ်ဦးချင်းချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် ငွေအရင်းနှင့် ကျသင့်သည့်အတိုးကို ပေးဆပ်ရသည့်အပြင် နှစ်စဉ် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တစ်ဦးချင်းစုဆောင်းငွေအဖြစ် ငွေစု စာအုပ်၌ ထည့်သွင်းရပါတယ်။

၎င်းတစ်ဦးချင်း စုဆောင်းငွေအပေါ် ဘဏ်မှသတ်မှတ်ထားသည့် အတိုးနှုန်းအတိုင်း ပေးရပါတယ်။ ၁၉၉၇-၉၈ ခုနှစ်တွင် ကျေးရွာအုပ်စု ဘဏ်ကော်မတီနှင့် ကျေးရွာဘဏ်များ ရပ်ဆိုင်းခဲ့ပြီး ငွေချေးစနစ်ကို တောင်သူများဘဏ်သို့ ကိုယ်တိုင်လာရောက်ထုတ်ချေးခြင်း၊ ပေးဆပ်ခြင်း ဆောင်ရွက်ခဲ့ပါတယ်။ ကျေးရွာဘဏ်များရပ်ဆိုင်းစဉ် ကျေးရွာဘဏ်အသီးသီး အမြတ်လက်ကျန် ရန်ပုံငွေတစ်နိုင်ငံလုံး စုစုပေါင်း မှာ ကျပ် ၈၃၅.၈၉ သန်း ကျန်ရှိပါတယ်။ ၎င်းငွေအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်မှ လက်ရှိဘဏ်၏လှည့်ပတ်ငွေထဲသို့ ထည့်သွင်းထားရှိပြီး တောင်သူလယ်သမားများ စိုက်စရိတ်ချေးငွေ လိုအပ်ချက်တွင် ထည့်သွင်းသုံးစွဲနေကြောင်း သိရှိရပါတယ်။ လယ်သမားများ၏ တစ်ဦးချင်းစုဆောင်းငွေနှင့်ပတ်သက်၍ ၁၂-၉-၂၀၁၁ ရက်နေ့အထိ ငွေစုစာရင်းဖွင့်သည့် တောင်သူလယ်သမားဦးရေ စုစုပေါင်း ၃၂၄၀၀၀ ရှိပြီး စုဆောင်းအပ်နှံငွေပေါင်း ကျပ်သန်းပေါင်း ၆၃၅၈၅.၆၃ ရှိပါတယ်။ တောင်သူတစ်ဦးချင်း ပျှမ်းမျှစုဆောင်းနိုင်မှုမှာ ပျှမ်းမျှ ၂၀၀၂၇ ကျပ် မျှသာရှိပါတယ်။ ၎င်းငွေများသည် တောင်သူတစ်ဦးချင်း၏ ကိုယ်ပိုင်စုဆောင်းငွေများဖြစ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က သတ်မှတ်ထားသည့်အတိုးနှုန်းထားဖြင့် အတိုးငွေများပေးနေရသကဲ့သို့ တောင်သူများ တစ်ဦးချင်း၏ အပ်နှံငွေပြန်လည်ထုတ်ယူလိုကြပါကလည်း ဘဏ်စနစ်အတိုင်း အပြည့်အဝချက်ချင်း ပြန်လည်ထုတ်ပေးရသည့် စုဆောင်းငွေများဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မိုးဆောင်း၊ မိုးကြို ချေးငွေများအတွက် ငွေကျပ်သန်း ၃၇၇၇၉၁.၆၄ ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိရာ တောင်သူစုဆောင်းငွေများအပေါ် ပြန်လည်၍အတိုးတွက်ပေးနိုင်ရေး အဆင်ပြေနိုင်စေနိုင်ရန်အတွက် ၎င်းစုဆောင်းငွေများကိုပါ နှစ်ချင်းဆပ်ချေးငွေတွင် ထည့်သွင်းလည်ပတ်ထုတ်ချေးပေးလျက်ရှိပါတယ်။ တောင်သူတစ်ဦးချင်း၏ စုဆောင်းငွေများဖြစ်သည့်အတွက် ဆုံးရှုံးမှုမရှိစေဘဲ အပ်ငွေအပေါ်အတိုးပေးခြင်း ထိန်းသိမ်းရသည့် ဥပဒေငွေကြေးဖြစ်၍ ဘဏ်လုပ်ငန်း၏ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်စွာဖြင့် ပုံမှန်လယ်ယာစိုက်ပျိုးရေးစရိတ်အဖြစ် နှစ်ချင်းဆပ်ငွေများတွင်သာ လှည့်ပတ်သုံးစွဲလျက်ရှိပါတယ်။ သို့ဖြစ်သည့်အတွက် လယ်သမားတို့၏ စုဆောင်းငွေများကို သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးသွားပြီး သီးနှံစိုက်ခင်းများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက်အရေးပေါ်ရန်ပုံငွေအဖြစ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့်အရေးပေါ်ရန်ပုံငွေ သီးသန့်ထားရှိ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယမေးခွန်းကို ကျွန်တော် ဆက်လက်ရှင်းလင်းပါမယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၏ တောင်သူလယ်သမားများသို့ စိုက်စရိတ်ထုတ်ချေးငွေ ထုတ်ချေးခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းထားသည့်

မေးခွန်းကိုဖြေကြားမှာ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံစိုက်ပျိုး ထုတ်လုပ်မှုချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိရာတွင် ယခင်နှစ် ၂၀၁၀-၂၀၁၁ ခုနှစ်က တောင်သူလယ်သမားဦးရေပေါင်း ၁၃.၇၄ သန်း စိုက်ဧက ၉.၂ သန်းအတွက် ချေးငွေကျပ်သန်း ၁၆၅၇၂၂.၈၅ ကို ထုတ်ချေးပေးခဲ့ပါတယ်။ ယခုနှစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၂-၉-၂၀၁၁ ရက်နေ့အထိ တောင်သူလယ်သမားဦးရေပေါင်း ၁၄.၂၄ သန်း စိုက်ဧက ၉.၉၈ သန်းအတွက် ချေးငွေကျပ်သန်းပေါင်း ၂၁၇၉၃၇.၁၄ ကို ထုတ်ချေးပေးပြီး ဖြစ်ပါတယ်။ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်၏ မူလစေတနာသည် အရင်းအနှီးနည်းပါးသူ တောင်သူလယ်သမားများကို ပံ့ပိုးကူညီပေးရန် ဖြစ်ပါတယ်။ လယ် ၁၀ ဧကအောက် ပိုင်ဆိုင်သူများအနေဖြင့် ၁၀ ဧကအထက် ပိုင်ဆိုင်သူများကဲ့သို့ အရင်းအနှီး စိုက်ထုတ်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ၎င်းတို့ကို ဦးစားပေးထုတ်ချေးပေးနေရခြင်း ဖြစ်ပါတယ်။ ၁၀ ဧကအထက် ပိုင်ဆိုင်သူများသည် အရင်းအနှီးရှိသူများဖြစ်သည့်အပြင် နောင်တွင်ပြဋ္ဌာန်းတော့မည့် လယ်ယာမြေဥပဒေအရ မိမိပိုင်လယ်များအနက်မှ လိုအပ်သမျှကို ပေါင်နှံခြင်း၊ ရောင်းချခြင်းဖြင့်လည်း အရင်းအနှီးကို ရှာဖွေနိုင်မည့် အခြေအနေတစ်ရပ် ဖြစ်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယခုနှစ် ၂၀၁၁-၂၀၁၂ ခုနှစ် စပါးသီးနှံစိုက်ပျိုးရာသီတွင် တစ်ဧကကျပ် ၂၀၀၀၀ ထုတ်ချေးရာမှ ကျပ် ၄၀၀၀၀ အထိ တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပါတယ်။ မူလကျပ် ၂၀၀၀၀ ချေးယူရရှိ ပြီးသူများအနေဖြင့်လည်း နောက်ထပ် ကျပ် ၂၀၀၀၀ ကို ချေးယူရရှိမှာဖြစ်ပါတယ်။ ဤသို့ တိုးမြှင့် ထုတ်ချေးရာတွင် မူလကျပ် ၂၀၀၀၀ ချေးယူရရှိထားတဲ့ တောင်သူလယ်သမားများ၏ ၅၀ ရာခိုင်နှုန်းကသာ ထပ်မံရယူပြီး ကျန်တောင်သူများကတော့ ကြွေးတင်မှုကို မလိုလားသည့်အတွက် ထပ်မံရယူခြင်း မရှိတော့ကြောင်း တွေ့ရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်များ ထုတ်ချေးရာတွင် စိုက်ပျိုးစရိတ်ငွေ အရင်းအနှီးမတည်ရန် အခက်အခဲရှိနိုင်သော လုပ်ကွက်ငယ် တောင်သူလယ်သမားများကို ဦးစားပေးပြီး ၁၀ ဧက နှင့် အောက်ကိုသာ ထုတ်ချေးပေးပြီး အရင်းအနှီးတတ်နိုင်သော အရင်းအနှီး ရှာဖွေနိုင်သော ၁၀ ဧကအထက် တောင်သူများကို ထုတ်ချေးပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုကိုရှေးရှုပြီး ချေးငွေများကို စနစ်တကျ ထုတ်ချေးပေးလျက်ရှိရာတွင် ယင်းချေးငွေများကို သီးနှံစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများမှာ ထိထိရောက်ရောက်နှင့် အကျိုးရှိစွာအသုံးပြုစေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီး

အစိုးရအဖွဲ့များနှင့် လွှတ်တော်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ တိုင်းဦးစီးအဖွဲ့များကို ဖွဲ့စည်းပြီး အာဏာများခွဲဝေအပ်နှင်းထားပြီး ဖြစ်သည့်အားလျော်စွာ မိမိ၏ပြည်နယ်/တိုင်းဒေသကြီးအတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်သမျှကိစ္စရပ်များကို ဒေသအတွင်းပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက် သင့်ကြောင်းကိုလည်း အကြံပြုတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရှမ်းပြည်နယ်၊ ကျောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ၏မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၏မေးခွန်းတွင် ပထမပိုင်းအဖြစ် စာချုပ်စာတမ်း၊ မှတ်ပုံတင်ကြေး တစ်ပြေးညီမရှိခြင်း သည် ဥပဒေအရာတွင် ပြည်သူများမျှတစွာ မခံစားရသည့်သဘော သက်ရောက်နေပါကြောင်း၊ ထို့ကြောင့် စာချုပ်စာတမ်း၊ မှတ်ပုံတင်ကြေး တစ်တိုင်းပြည်လုံးတွင် တစ်ပြေးညီဖြစ်စေရန်ဟူ၍ တွေ့ရှိရပြီး၊ မေးခွန်း၏ဒုတိယပိုင်းအဖြစ် ပြည်သူလူထုသိသာမြင်လွယ်အောင် စာချုပ်စာတမ်း၊ မှတ်ပုံတင်ကြေးများကို စာချုပ်စာတမ်း၊ မှတ်ပုံတင်ပြုလုပ်သောရုံးများတွင် အသိပေးကြော်ငြာ ကပ်ထားရန်အတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုပါကြောင်းဟူ၍ ဖြစ်ပါတယ်။

မေးခွန်း၏ ပထမပိုင်းကိုဖြေကြားရလျှင် တည်ဆဲစာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်-၁၈/၉၇ အရ နိုင်ငံတစ်ဝန်းလုံး ၌ အာဏာသက်ရောက်ပါကြောင်း၊ ယင်းအက်ဥပဒေပုဒ်မ-၇၈ အရ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းတွင် ပေးဆောင်ရသည့် အခကြေးငွေများကို နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ထားရှိရန် ပြဋ္ဌာန်းထားရှိပါ တယ်။ ၁၉၁၃ ခုနှစ်၊ အထွေထွေအရပ်ရပ်ဌာန၏ အမိန့်ကြော်ငြာစာအမှတ်-၃၄၄ ဖြင့် သတ်မှတ်ထား ရှိခဲ့သော စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း အခကြေးငွေစာရင်းအား ၁၉၄၇ ခုနှစ်၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန၏ အမိန့်ကြော်ငြာစာအမှတ်-၂၂၂ ဖြင့် ပြင်ဆင်ချက်အရ စာချုပ်စာတမ်း အမျိုးအစား တစ်ခုချင်းအလိုက် လုပ်ငန်းအမျိုးအစားအလိုက် ထမ်းဆောင်ရမည့် စာချုပ်စာတမ်းမှတ်ပုံတင် အခကြေးငွေစာရင်းကို ယနေ့အချိန်အထိ ပြင်ဆင်ပြောင်းလဲခြင်းမရှိသေးဘဲ နိုင်ငံတစ်ဝန်းလုံး၌ တစ်ပြေးညီ သတ်မှတ်ထားရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး သာဓကပြထားသည့် မှတ်ပုံတင်ခများကို လေ့လာဆန်းစစ် ထောက်ရှုကြည့်ပါလျှင် စာချုပ်စာတမ်းအမျိုးအစားမတူသဖြင့် ထမ်းဆောင်ပေးသွင်းရသည့် မှတ်ပုံတင်ခကွာခြားသွားခြင်း ဖြစ်ပါတယ်။ ဥပမာ - ပိုင်ဆိုင်ကြောင်း ကြေငြာစာချုပ်၊ ကျွန်းကျိန်လွှာ၊ ကုန်အမှတ်တံဆိပ်တို့အား မှတ်ပုံတင်ပြုလုပ်ပါက မှတ်ပုံတင်ခမှာ (၆)ကျပ်ဖြစ်ပြီး၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာ(General Power)နှင့် အထူးကိုယ်စားလှယ်လွှဲစာ(special Power)တို့

အတွက် မှတ်ပုံတင်ခမှာ ၄ ကျပ်သာ ဖြစ်ပါတယ်။ မရွေ့ပြောင်းနိုင်သော ပစ္စည်းများရောင်းချခြင်း၊ အပိုင်ပေးခြင်း၊ ပစ္စည်းလဲလှယ်စာချုပ်၊ အစုစပ်စာချုပ်၊ အပေါင်စာချုပ်၊ အငှားစာချုပ်၊ ပစ္စည်းခွဲဝေ စာချုပ်စာတမ်းများ မှတ်ပုံတင်ခမှာ ပစ္စည်း တန်ဖိုး ကျပ် ၅၀၀၀၀ အောက်ဖြစ်ပါက ကျပ် ၁၀၀၀ လျှင် ၄ ကျပ်နှုန်း ကျပ် ၅၀၀၀၀ အထက်ဖြစ်ပါက ကျပ် ၂၀၀၀ လျှင် ၂ ကျပ်နှုန်း ထမ်းဆောင်ပေးသွင်းရမှာ ဖြစ်ပါတယ်။ ယခုတင်ပြသောနှုန်းထားများမှာ လက်ရှိကျင့်သုံးနေဆဲဖြစ်သည့် နှုန်းထားများ ဖြစ်ပါ တယ်။

ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့မေးခွန်း၏ ဒုတိယပိုင်းအား ဆက်လက်ရှင်းလင်းဖြေကြား ပါမယ်ခင်ဗျား။ အဆိုပါစာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၇၉ မှာ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းအတွက် ပေးဆောင်ရမည့် အခကြေးငွေများကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအားလုံးနှင့် လူအများမြင်နိုင်အောင် ထားရှိရမည်ဟူ၍ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး များအားလုံးမှာ စာချုပ်စာတမ်းမှတ်ပုံတင်အခကြေးငွေများကို ပြည်သူလူထုသိသာမြင်လွယ်အောင် အသိပေးကြော်ငြာထားရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ပြည်သူလူထု၏ ရပိုင်ခွင့်နှင့်အကျိုးစီးပွားများမဆုံးရှုံးစေရေး ရသင့်ရထိုက်သော အခွင့်အရေးများရရှိ စေရေး၊ လိမ်လည်ချုပ်ဆိုမှုမဖြစ်စေရေးဟူသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၏ ရည်ရွယ်ချက်များ အရ အများပြည်သူအကျိုးစီးပွားအတွက် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ပြည်သူလူထုအနေဖြင့် ယခုထက်ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်ရေးအတွက် ပိုမို၍ထိရောက်ကောင်းမွန်သော နည်းလမ်းများကို အသုံးပြုပြီး အသိပေး ကြော်ငြာခြင်းလုပ်ငန်းများကို တိုးချဲ့စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပြည့်မောင်၏ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ ဆည်တော်ကြီး ရေလှောင်တမံ၏ နှစ်စဥ်ပျှမ်းမျှစီးဝင်ရေမှာ ဧကပေ ၂၁ သိန်းဖြစ်ပြီး၊ ရာသီဥတုဖောက်ပြန်မှုကြောင့် အများဆုံးစီးဝင်ခဲ့သော ရေပမာဏမှာ ဧက ပေ ၃၂ သိန်းဖြစ်သည့်နှစ် ရှိခဲ့ပါတယ်။ တမံ၏ရေသိုလှောင်မှုပမာဏမှာ ဧကပေ ၃.၆၃ သိန်း ဖြစ်ပါတယ်။ တစ်နှစ်ပျှမ်းမျှ သုံးရေမှာ ဧကပေ ၁၃ သိန်းခန့်သာဖြစ်၍ နှစ်စဥ်ရေပိုလျှံလျက်ရှိပါတယ်။ နှစ်စဥ်မိုးရာသီတစ်လျှောက် လျှံရေများကြောင့် မန္တလေး-မိုးကုတ် မော်တော်ကားလမ်း မိုင်တိုင် ၂၅ နှင့် ၂၆ အကြား ရေကျော်မှုများဖြစ်ပေါ်

လေ့ရှိပါတယ်။ မိုးသည်းထန်မှုများကြောင့် ပုံမှန်ရေလျှံမှုထက် ကျော်လွန်သည့်အချိန်မျိုးတွင် ရေပိုလွှဲတံခါးများကိုပါ အရေးပေါ်ဖွင့်လှစ်၍ ရေလျှော့ချခြင်း ဆောင်ရွက်ခဲ့ရပါတယ်။

ဆည်တော်ကြီးအထက်ပိုင်းမှာ ရေကူတမံတစ်ခုတည်ဆောက်ပေးခြင်းဖြင့် ပိုလျှံရေတစ်စိတ်တစ်ဒေသကို ထိန်းသိမ်းသိုလှောင်နိုင်သဖြင့် လက်ရှိတမံ၏အဆမတန်ရေလျှံကျမှုကို လျှော့ချနိုင်ပြီး ရေကူတမံတွင် သိုလှောင်မည့်ရေဖြင့် ထိုက်သင့်သောရေအားလျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ပေးနိုင်ခြင်း၊ လက်ရှိဆည်တော်ကြီးတမံမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ပေးနိုင်ခြင်း၊ ဆည်တော်ကြီးတမံ၏ လအလိုက်စိုက်ပျိုးရေပေးဝေမှုနှင့် မန္တလေးမြို့သောက်သုံးရေပေးဝေမှုကို ပြည့်မီအောင်ဖြည့်ဆည်းပေး နိုင်ခြင်းစသော အကျိုးကျေးဇူးများရရှိမှာ ဖြစ်ပါတယ်။ ဆည်တော်ကြီးရေကူတမံစီမံကိန်းကို အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ၂၂-၉-၂၀၀၆ နေ့တွင် ပြုလုပ်သောအစည်းအဝေးခွင့်ပြုချက်အမှတ် ၁/၂၀၀၆ ဖြင့် တည်ဆောက်ခွင့်ရရှိပြီး ဖြစ်ပါတယ်။ ပဏာမဒီဇိုင်းပုံစံထုတ်လုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဆည်တော်ကြီးရေကူတမံမှာ လက်ရှိတမံ၏အထက် ၃၂ မိုင်ခန့်အကွာတွင်တည်ရှိပြီး ရေလှောင်ပမာဏ ၅၃၀၀၀၀ ဧကပေဖြစ်၍ တပ်ဆင်ရေအားလျှပ်စစ် ၆၄ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၅၈ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားပါတယ်။ ဆည်မြောင်းဦးစီးဌာနမှ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါတယ်။ တမံသို့ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်း၊ စခန်းအဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပင်မတမံ အူကြောင်းနေရာရှင်းလင်းခြင်း၊ တမံအောက်ခံ ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်းစသော အင်ဂျင်နီယာပိုင်းဆိုင်ရာ အကြိုတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ မူလလုပ်ငန်းအစီအစဉ်အရ ရေလှောင်တမံတည်ဆောက်ခြင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်ရန်ဖြစ်ပြီး ရေအားလျှပ်စစ်တည်ဆောက်ခြင်းကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လတွင် ထူးထရေးဒင်းကုမ္ပဏီမှ ဆည်တော်ကြီးရေကူတမံ၏ ရေအားလျှပ်စစ် တည်ဆောက်မှုလုပ်ငန်းကို BOT စနစ်ဖြင့် ဆောင်ရွက်ရန် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ MOU လက်မှတ်ရေးထိုးခဲ့ပါတယ်။ ရေလှောင်တမံ တည်ဆောက်မှုလုပ်ငန်းများကိုလည်း အလားတူဆောင်ရွက်ရန် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းခဲ့ပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေနှင့် ၂၀၀၉ ခုနှစ်၊ ဩဂုတ်လတွင် ဘဏ္ဍာငွေအကန့်အသတ် ခွင့်မပြုပေးနိုင်ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှုအားလုံးကို ရပ်နားထားရှိခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇွန်လအတွင်း ထူးထရေးဒင်းကုမ္ပဏီမှ စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုအပေါ်တွင် အကျိုးအမြတ်နှင့် အရင်းပြန်ပေါ်မှုနှုန်းအရ တွက်ခြေမကိုက်သဖြင့်

အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေတွင်မရှိပါကြောင်း အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့ ပြန်ကြားခဲ့ပါတယ်။ ယခုအခါတွင် နိုင်ငံတော်အစိုးရအဖွဲ့မှ ဆည်တော်ကြီး ရေကူရေလှောင်တမံစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စူးစမ်း လေ့လာရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများရှာဖွေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ ညွှန်ကြားလာသဖြင့် အမှန်တကယ်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများကို ကမ်းလှမ်းရှာဖွေလျက်ရှိနေပါတယ်။ ဆည်တော်ကြီးရေကူရေလှောင်တမံ စီမံကိန်းသည် နိုင်ငံတော်နှင့် ဒေသအတွက်များစွာ အကျိုးဖြစ်ထွန်းစေနိုင်မည့်လုပ်ငန်းဖြစ်သော်လည်း လက်ရှိနိုင်ငံတော်၏ ဘဏ္ဍာငွေဦးစားပေးခွင့်ပြုပေးနိုင်မည့် အခြေအနေမရှိသေးပါကြောင်းနှင့် ဘဏ္ဍာငွေခွင့်ပြုလျာထားပေးနိုင်သည့်ကာလတွင် လုပ်ငန်းများဆက်လက်တည်ဆောက် အကောင်အထည် ဖော်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆက်လက်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ရဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်လျက်ရှိသော ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း သည် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလမှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် လုပ်ငန်းများ ရပ်ဆိုင်းခဲ့ပါတယ်။ လုပ်ငန်းတစ်ခုလုံး၏ ၁၃.၀၅ ရာခိုင်နှုန်းပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ဆောင်ရွက်ပြီးပါက မိတ္ထီလာလွင်ပြင်၏ စိုက်ပျိုးရေလိုအပ်ချက်ကို ပါဝင်ဖြည့်ဆည်းပေးနိုင်ခြင်း၊ ရေအားလျှပ်စစ် ထုတ်လွှတ်ပေးနိုင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျိုင်းခမ်းရေလှောင် တမံစီမံကိန်းကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန် ကာလတွင် ဆက်လက်ဆောင်ရွက်မည်ကို သိလိုပါကြောင်းဟူသော မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ဖြေကြားပါမယ်။ ပထမဦးစွာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နယ်မြေလူထုအကျိုးအတွက် မေးမြန်းခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်အား ယခုကဲ့သို့ ဖြေကြားခွင့်ရရှိသည့် အတွက်ကြောင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ ကျိုင်းခမ်းရွာ အနီးတွင် တည်ရှိပါတယ်။ ၂၂-၉-၂၀၀၆ နေ့တွင် ကျင်းပပြုလုပ်သော အထူးစီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် ၁/၂၀၀၆ မှ အကောင်အထည်ဖော် ဆောင်ရွက်ရန်ခွင့်ပြုခဲ့သော စီမံကိန်းဖြစ်ပါတယ်။ ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၅- ၂၀၀၆ ခုနှစ်မှာ စတင်ခဲ့ပြီး အင်ဂျင်နီယာဘူမိဗေဒဆိုင်ရာလုပ်ငန်းများဖြစ်သော ဘူမိဗေဒဆိုင်ရာမြေပုံ

ပြုစုခြင်း၊ အောက်ခံကျောက်သား အခြေအနေအပေါ်မူတည်၍ တမံနှင့်ဆက်နွယ်ရေအား အဆောက်အအုံများ၏ ဒီဇိုင်းပုံစံများရေးဆွဲခြင်း၊ တမံအူကြောင်းတစ်လျှောက် တမံအုတ်မြစ် ပြုပြင်ခြင်းလုပ်ငန်းများဖြစ်သော ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊ တမံ တည်ဆောက်ခြင်းတို့ကိုဆောင်ရွက်ခဲ့ရာ စီမံကိန်းတစ်ခုလုံး၏ ၁၃.၀၅ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ် တပ်ဆင်ဓာတ်အား ၃ မဂ္ဂါဝပ်နှစ်လုံး၊ စုစုပေါင်းတပ်ဆင်ဓာတ်အား ၆ မဂ္ဂါဝပ် နှစ်စဉ်ပျှမ်းမျှ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား ၂၁ ကီလိုဝပ်နာရီသန်းပေါင်း ရရှိမည်ဖြစ်ပါတယ်။ ထို့အပြင် မိတ္ထီလာလွင်ပြင်အတွင်းရှိ ဆည်ရေသောက်ဧရိယာ ၃၃၀၀၀ ဧကခန့်၏ စိုက်ပျိုးရေလိုအပ်ချက်ကို ပါဝင်ဖြည့်ဆည်း၍ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြေရေးကို အထောက်အကူပြုမည်ဖြစ်ပါတယ်။ ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်အစိုးရ အဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ နိုင်ငံတော်အစိုးရအဖွဲ့၏ ဦးစားပေးအစီအစဉ်များအရ ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ်တွင်မူတည်ပြီး ဦးစားပေးအလိုက်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ယခုနေ့လည်စာ စားသုံးရန်အတွက် အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါမည်။ **]**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြား ထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်း စေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်း

တစ်ခုဖြစ်ထွန်းလာမည့်နည်းလမ်းများ လွှတ်တော်သို့တင်ပြရန်အဆိုတင်သွင်းဖို့ တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာအားဖိတ်ခေါ်ပါတယ်။

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ပြည်သူ့လွှတ်တော်အတွင်း ကြွရောက်လာတဲ့ပုဂ္ဂိုလ်အားလုံးကို အထူး လေးစားစွာဖြင့် ကနေ့ Agenda မှာတင်ပြထားတဲ့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်း လာစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက် စနစ်ကောင်း တစ်ခုဖြစ်ထွန်းလာမည့်နည်းလမ်းများအား လွှတ်တော်သို့တင်ပြရန်အဆိုကို ပြည်သူ့ လွှတ်တော်သို့တင်သွင်းသွားမှာဖြစ်ပါတယ်။ ယခုတင်ပြမယ့်အဆိုဟာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးနဲ့လည်း စပ်လျဉ်းသက်ဆိုင်ပါတယ်။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်လည်း စပ်လျဉ်း သောကိစ္စရပ်ဖြစ်ပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို အကျိုးဖြစ်ထွန်းစေနိုင်မယ်လို့ ယုံကြည်လို့ယခုတင်ပြပါအဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ ဘတ်ဂျက် နဲ့လုပ်ငန်းဟာ အမြဲဒွန်တွဲနေတဲ့အတွက် အဆိုတွင်ဘတ်ဂျက်နှင့်လုပ်ငန်းနှစ်ခုစလုံး အကျုံးဝင်ပါဝင် သွားမှာဖြစ်ပါတယ်။ အဆိုကိုပိုမိုသဘောပေါက်စေရန်နှင့် ပါဝင်သောအချက်အလက်များကျန်မသွား စေရန် ပြည့်ပြည့်စုံစုံတင်ပြလိုပါသဖြင့် အဆိုကိုဖတ်ကြားတင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအားလေးစားစွာ ဖြင့်ခွင့်ပန်ကြားအပ်ပါတယ်။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးနောက် တာဝန်ယူခဲ့သည့်အစိုးရ အသီးသီးသည် ၎င်းတို့တာဝန်ယူသည့်အချိန်ကာလအတွင်း နိုင်ငံတော်နှင့်ဆီလျော်၍ ကျင့်သုံးရန် အကောင်းဆုံးဖြစ်မည်ဟုယူဆကြသော နိုင်ငံတော်အရအသုံးဘတ်ဂျက်စနစ်ကို ရွေးချယ်ကျင့်သုံးခဲ့ကြ ပါသည်။ ခေတ်အသီးသီးတွင်ကျင့်သုံးခဲ့သည့်ဘတ်ဂျက်စနစ်တို့၏ အခြေခံကွာခြားမှုများကို ကြည့်ရှု ပါက အမျိုးအစားနှစ်ရပ်တွေ့ရှိနိုင်ပါသည်။ ပထမအမျိုးအစားမှာ နိုင်ငံတော်အစိုးရအဖွဲ့အစည်း အားလုံး၏ဘတ်ဂျက်ကို နိုင်ငံတော်အစိုးရမှ လုံးဝတာဝန်ယူခြင်းနှင့် ဒုတိယအမျိုးအစားမှာ အစိုးရ၏ ဘတ်ဂျက်တွင်သတ်မှတ်ထားသော နိုင်ငံတော်အဖွဲ့အစည်းများ၏ ဘတ်ဂျက်ကိုသာကျခံမည့် အချို့သောဌာနအဖွဲ့အစည်းများ၏အသုံးစရိတ်ကို နိုင်ငံတော်မှကျခံခြင်းမပြုဘဲ ၎င်းတို့၏ဝင်ငွေ အပေါ်တွင်ရပ်တည်၍ နိုင်ငံတော်မှသတ်မှတ်ထားသော မူဘောင်ဖြင့်ဆောင်ရွက်စေပြီး ၎င်း အဖွဲ့အစည်းများမှပင် ကျခံစေခြင်းဟူ၍ နှစ်မျိုးနှစ်စားတွေ့ရှိနိုင်ပါသည်။ ပထမစနစ်တွင် နိုင်ငံတော် အစိုးရဌာနများ၊ အချို့ဌာနများတွင်ဥပဒေဖြင့် သီးခြားပြဋ္ဌာန်းထားသည့်ကိစ္စရပ်များမှတစ်ပါး အစိုးရ

ဌာနများ၏ဝင်ငွေအားလုံးကို နိုင်ငံတော်သို့ပေးသွင်းစေလျက် ဌာနအသီးသီး၏အသုံးစရိတ်ကို နိုင်ငံတော်ဘတ်ဂျက်မှ ခွဲဝေသတ်မှတ်ပေးထားသည့်အတိုင်း နိုင်ငံတော်မှထုတ်ယူသုံးစွဲခွင့်ပြုပြီး လိုအပ်ငွေကို နိုင်ငံတော်မှစိုက်ထုတ်ပေးရသောစနစ် ဖြစ်ပါသည်။ ယင်းစနစ်၏အဓိက အားနည်းချက်မှာ ဌာနများသည်လုပ်ငန်းများပြီးစီးစေရန် ရရှိထားသောဘတ်ဂျက်ကို အားလုံးသုံးစွဲကြသည်ကို တွေ့ရှိရပြီး ၎င်းဌာနအတွက် သတ်မှတ်ထားသောဝင်ငွေရရှိရေးအပိုင်းတွင် များစွာအလေးထားမှု မရှိသည်ကိုတွေ့ရှိရပါသည်။ သို့ပါ၍ဌာန၏မူလခန့်မှန်းဝင်ငွေထက် လျော့နည်းမှုများပေါ်ပေါက်လာစေပါသည်။ ထို့အပြင်ဌာနဝင်ငွေကို တိုးမြှင့်ရရှိအောင်ကြိုးပမ်းအားထုတ်မှုနှင့် အားထုတ်လိုစိတ်များ ရှင်သန်မှုများကိုလည်း မှေးမှိန်စေပါသည်။ အကျိုးဆက်အနေဖြင့် နိုင်ငံတော်၏ဘတ်ဂျက်လိုငွေ တစ်နှစ်ထက်တစ်နှစ် များပြားလာစေပြီး နိုင်ငံတော်တွင်ဘဏ္ဍာငွေလိုအပ်မှု ဝန်ထုတ်ဝန်ပိုးကို ပိုမိုကြီးမားလာစေပါသည်။ ငွေကြေးဖောင်းပွမှုဟုဖြစ်ပေါ်စေပြီး ငွေတန်ဖိုးကျဆင်းမှုကိုလည်း ဖြစ်ပေါ်စေပါသည်။ ထို့အပြင်စီးပွားရေးနှင့် သက်ဆိုင်သောဝန်ကြီးဌာနများ၏ နိုင်ငံတော်အတွင်း ပြည်သူများအကျိုးရှိစေမည့် တိုးချဲ့လုပ်ကိုင်လိုသောလုပ်ငန်းများသည် ဘတ်ဂျက်ကန့်သတ်မှုကြောင့် ရန်ပုံငွေမလုံလောက်သဖြင့် လုပ်ငန်းသစ်များ တိုးချဲ့လုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိခြင်း၊ နောင်လာမည့်ဘဏ္ဍာရေးနှစ်များသို့ လုပ်ငန်းများရွှေ့ဆိုင်းရခြင်းစသည်တို့ကြောင့် တိုးတက်ဖွံ့ဖြိုးမှုလုပ်ငန်းများကို နှောင့်နှေးစေပါသည်။ ဒုတိယစနစ်မှာ အစိုးရသည်ဘတ်ဂျက်ရေးဆွဲရာတွင် စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၊ ဌာနများ၏ဘတ်ဂျက်ကိုသာ အစိုးရဘတ်ဂျက်တွင်ထည့်သွင်းရေးဆွဲပြီး စီးပွားရေးအဖွဲ့အစည်းများ၏ ဘတ်ဂျက်လိုအပ်ချက်ကို အစိုးရဘတ်ဂျက်တွင်ထည့်သွင်းခြင်းမပြုဘဲ ၎င်းတို့၏ဝင်ငွေအပေါ်တွင် ရပ်တည်ဆောင်ရွက်စေသည့်စနစ်ဖြင့်ရေးဆွဲသော ဘတ်ဂျက်စနစ်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အစိုးရတွင်ဘတ်ဂျက်လိုငွေသက်သာစေပြီး ငွေကြေးဖောင်းပွမှုကိုလည်း အတန်အသင့်ထိန်းထားနိုင်မည်ဖြစ်ပါသည်။ တစ်ဘက်မှလည်း စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်ဘတ်ဂျက်ကန့်သတ်မှုဘောင်မှလွတ်ကင်းသွားပြီး ယခင်ကဘတ်ဂျက် ကန့်သတ်မှုကြောင့် ဖော်ဆောင်၍မရသော ပြည်သူ့အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းများကို ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုဖြင့် တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်ငွေရှိပါက နိုင်ငံတော်၏ဘဏ်များမှ သတ်မှတ်သောအတိုးနှုန်းဖြင့်ချေးယူ၍လည်းကောင်း၊ နိုင်ငံတော်မှချမှတ်ထားသောမူဘောင်အတွင်း တစ်ခြားအဖွဲ့အစည်းများမှ ချေးငွေ၊ ထောက်ပံ့ငွေများရယူ၍လည်းကောင်း၊ လိုအပ်သောအရင်းအနှီး Capital ရယူကာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စီးပွားရေးအဖွဲ့အစည်းများကိုလည်း လုပ်ပိုင်ခွင့်ပိုမို

ပေးအပ်ရမည်ဖြစ်ပြီး စီးပွားရေးအဖွဲ့အစည်းများမှလည်း လုပ်ငန်းကိုမြတ်စွန်းအောင်တာဝန်ယူကြရမည်ဖြစ်ပါသည်။ ထို့အပြင်အဆိုပါလုပ်ငန်းများမှ နိုင်ငံတော်၏ဥပဒေအရ သတ်မှတ်ထားသောအခွန်များကိုလည်းပေးဆောင်ရမည် ဖြစ်ပါသည်။ စီးပွားရေးအဖွဲ့အစည်းများမှ လုပ်ငန်းများပိုမိုတိုးချဲ့ဆောင်ရွက်ခြင်းအားဖြင့် ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် အဆိုပါ စီးပွားရေးအဖွဲ့အစည်းများမှ ဥပဒေသတ်မှတ်ချက်အတိုင်း ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနှင့် အိမ်နီးချင်းနိုင်ငံများရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ပြည်သူများလိုအပ်သောဝန်ဆောင်မှုလုပ်ငန်းများ Services များကို တိုးချဲ့ဖြည့်ဆည်းလာနိုင်မှုပုံစံကို ကြည့်ရှုပါက ပထမအဆင့်တွင် နိုင်ငံပိုင်လုပ်ငန်းများကို နိုင်ငံတော်၏ဘတ်ဂျက် ၁၀၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ပြီး ၎င်းမှနိုင်ငံပိုင် Board Corporation နိုင်ငံပိုင်ကုမ္ပဏီ၊ နိုင်ငံမှအစုရှယ်ယာအများစုကုမ္ပဏီ၊ နိုင်ငံမှရှယ်ယာအများဆုံးယူထားသည့်အများပိုင်ကုမ္ပဏီ Public Company စသည်ဖြင့် အဆင့်ဆင့်ပြောင်းလဲမှု၊ ဆောင်ရွက်မှုဖြစ်စဉ်များကို တွေ့ရပါသည်။ မူလက နိုင်ငံတော်ဘတ်ဂျက်တွင် သုံးငွေ၊ ဝင်ငွေအားလုံးကို နိုင်ငံတော်မှတာဝန်ယူထားခဲ့ရာမှ သက်ဆိုင်ရာစီးပွားရေးအဖွဲ့အစည်းများသည် မိမိဝင်ငွေပေါ်တွင် မိမိရပ်တည်၍ဆောင်ရွက်စေခြင်းဖြင့် အစိုးရဘတ်ဂျက်မှကျခံခြင်းမပြုတော့သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ယခုလက်ရှိနိုင်ငံတော်မှ ကျင့်သုံးနေသည့်စနစ်သည် ပထမအမျိုးအစားအခြေခံဖြင့်ဆောင်ရွက်နေသည့်ဘတ်ဂျက်စနစ်ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်များတွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတော်၏ဘတ်ဂျက်အခြေအနေကိုကြည့်ပါက ၂၀၀၀ မှ ၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၄၀၀ ခန့်၊ ၂၀၀၆ -၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၇၀၀ ခန့်၊ ၂၀၀၇- ၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၉၀၀ ခန့်၊ ၂၀၀၈- ၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၆၈၀ ခန့်၊ ၂၀၀၉- ၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၁၅၀၀ ခန့်၊ ၂၀၁၀- ၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၂၆၀၀ ခန့် နှစ်စဉ်လိုငွေဖြစ်ပေါ်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးပိုင်းတွင် စီးပွားရေးအဖွဲ့အစည်းများ ၏ ဘတ်ဂျက်အခြေအနေကိုလေ့လာကြည့်ပါက ၂၀၀၅- ၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ် ဘီလီယံ ၂၃၀ ခန့်၊ ၂၀၀၆ -၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၃၁၀ ခန့်၊ ၂၀၀၇- ၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၄၃၀ ခန့်၊ ၂၀၀၈- ၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ် ဘီလီယံ ၅၀၀ ခန့်၊ ၂၀၀၉- ၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၅၄၀ ခန့်၊ ၂၀၁၀- ၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၅၉၀ ခန့် နှစ်စဉ်ဆက်တိုက် လိုငွေဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ဘတ်ဂျက်တွင် အဓိကကျသောအဖွဲ့အစည်းနှစ်မျိုးနှစ်စားဖြစ်သည့်

စီမံခန့်ခွဲရေးအဖွဲ့အစည်းများနှင့် စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေ၏အသုံးစရိတ်များက အဓိက ပါဝင်လျက်ရှိပါသည်။ စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၏ဘတ်ဂျက်တွင် ၎င်းအဖွဲ့အစည်းများ၏ လုပ်ငန်းသဘာဝအရ လိုငွေဖြစ်ပေါ်လျက်ရှိပါသည်။ စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်း သဘာဝအရ ပိုငွေဖြစ်ပေါ်ရမည်ဖြစ်သော်လည်း နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်း စုစုပေါင်းဝင်ငွေ နှင့်အသုံးစရိတ်တွင် နှစ်စဉ် လိုငွေဖြစ်ပေါ်နေပါသည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် အချို့ ဌာန များအနေဖြင့် ဝင်ငွေရရှိမှုအပိုင်းတွင် အလေးထားဆောင်ရွက်မှုမရှိခြင်း၊ ကုန်ထုတ်လုပ်မှုအပိုင်းတွင် ထုတ်လုပ်မှုစွမ်းဆောင်ရည်တိုးမြှင့်မှုမရှိခြင်း၊ ဈေးကွက်ဝင်ကုန်စည်များနှင့် စားသုံးသူကြိုက်နှစ်သက် သည့် ကုန်စည်များကို အဓိကထား၍ ထုတ်လုပ်မှုမရှိခြင်းနှင့် အရောင်းထိုင်းကုန်ပစ္စည်းများ လက်ကျန် များပြားစေကာမူ ထုတ်လုပ်မှုပုံစံပြောင်းလဲခြင်းမရှိဘဲ ဆက်လက်ထုတ်လုပ်ခြင်း၊ ဈေးကွက်စီးပွားရေး စနစ်မဆန်မှုများစသည့်အကြောင်းများကြောင့် ဝင်ငွေရရှိမှုတွင် လျော့နည်းခဲ့ပြီး လိုငွေများကို နိုင်ငံတော်မှတာဝန်ယူ၍ စရိတ်စကဆောင်ရွက်ရမှု များပြားနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၏ လိုငွေကို ဖြည့်တင်းပေးရခြင်းအပြင် စီးပွားရေးအဖွဲ့အစည်းများ၏ လိုငွေကိုပါ စီမံဖြည့်တင်းနေရသဖြင့် နိုင်ငံတော်အစိုးရတွင် ဘတ်ဂျက်လိုအပ်ငွေပိုမိုကြီးမားစေ ပါသည်။ တစ်ဖက်တွင်လည်း စီးပွားရေးအဖွဲ့အစည်းများ၏ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတားတစ်ရပ် ဖြစ်စေပါသည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် ဝန်ကြီးဌာနများတွင် ယင်းတို့၏ဝင်ငွေနှင့် လုပ်ငန်းလည်ပတ်ရေး၊ လုပ်ငန်းလည်ပတ်မှုနှင့် တိုးချဲ့ရန်အတွက် ဝင်ငွေ မလုံလောက်ပါက အစိုးရမှငွေထုတ်ချေး၍ ထုတ်ချေးသည့်ငွေ ပြန်လည်ပေးဆပ်မှုကို စနစ်တကျ သတ်မှတ်ရေး၊ ရရှိလာသည့်ဝင်ငွေမှ ရာခိုင်နှုန်းတစ်ခုသတ်မှတ်၍ နိုင်ငံတော်သို့ပေးသွင်းရေး၊ စီးပွားရေးအဖွဲ့အစည်းများတွင် ဆွဲဆောင်မှုစနစ် Incentive ကျင့်သုံး၍ ကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ရေး၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်များဖန်တီးပေးရေး အစရှိသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ် ပါသည်။ စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာငွေလိုအပ်ချက်ကို နိုင်ငံတော်အစိုးရမှ တာဝန်မယူရ ပါက နိုင်ငံတော်အစိုးရအနေဖြင့် ဘတ်ဂျက်ရေးဆွဲရာတွင် စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၏ လိုအပ်ငွေကိုသာ အဓိကဖြည့်ဆည်းပေးရန် လိုအပ်မည်ဖြစ်၍ ရန်ပုံငွေများ လိုအပ်မှု ဝန်ထုပ်ဝန်ပိုးကို လျော့နည်းသွားစေမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီးမှ ပထမအကြိမ် ပြည်ထောင်စုပုံမှန် လွှတ်တော်အစည်းအဝေးတွင်လည်း စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ်

ပီပီပြင်ပြင်ပေါ်ပေါက်လာရေး၊ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာရေးအတွက် အရှိန်မြှင့်ဆောင်ရွက်သွားရေးနှင့် ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာ အခွန်အခဆိုင်ရာမူဝါဒများကိုလည်း လိုအပ်သလိုပြင်ဆင်ချမှတ်ကျင့်သုံးဆောင်ရွက်သွားရေးတို့ကို မိန့်ကြားထားပါသည်။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် ဝန်ကြီးဌာနများအတွက် နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသုံးစွဲရမှုများနှင့်ပတ်သက်၍ မူဝါဒပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့် ဝန်ကြီးဌာနများအတွက် ကိုယ်ပိုင်ဝင်ငွေနှင့်ရပ်တည်၍ ဈေးကွက်စီးပွားရေးအခြေခံဖြင့် ပီပီပြင်ပြင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်များဖန်တီးပေးခြင်းဖြင့် နိုင်ငံတော်ဘတ်ဂျက်တွင် နှစ်စဉ်လိုငွေပြမှုများ လျော့နည်းနိုင်မည်ဖြစ်ပြီး တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့်အပြင် နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ယခုအချိန်တွင် ဘတ်ဂျက်လိုငွေများပြားနေခြင်း၊ စက်ရုံအလုပ်ရုံထုတ်ကုန်များနှင့် အရည်အသွေးပိုမိုကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ခြင်း၊ လုပ်ငန်းများတွင် ဝန်ထမ်းများ၏အားထုတ်မှု ကာယ၊ ဉာဏစွမ်းအားများ တိုးတက်ရရှိလာစေရန် အခြေအနေများဖန်တီးပေးခြင်း၊ ဈေးကွက်မှလိုအပ်သော ကုန်ပစ္စည်းများ ထုတ်လုပ်ရန်လိုအပ်ခြင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက်ရန်လိုအပ်နေခြင်းများရှိနေသဖြင့် ယခုလက်ရှိဘတ်ဂျက်စနစ်မှ အထက်တွင် ဖော်ပြထားသော ဒုတိယဘတ်ဂျက်စနစ်သို့ပြောင်းလဲကျင့်သုံးပါက နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးပိုမိုဖြစ်ထွန်းမည်ဖြစ်ပါသည်။ ဤကဲ့သို့ ပြောင်းလဲဆောင်ရွက်ရာတွင် နိုင်ငံတော်၏ဘတ်ဂျက်စနစ်သာမက စီးပွားရေးဌာနများကို ကိုယ်ပိုင်ဆုံးဖြတ်ချက် လုပ်ပိုင်ခွင့်ပေးရမည့်ကိစ္စရပ်များ၊ စီးပွားရေးအဖွဲ့အစည်းများမှ မြတ်စွန်းအောင်တာဝန်ယူရမည့်ကိစ္စရပ်များ၊ အစိုးရမှမူဘောင်ဖြင့် ပြန်လည်ထိန်းကျောင်းပေးရမည့်ကိစ္စရပ်များ ဆောင်ရွက်ရန်ရှိလာပါသည်။ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် အဓိကပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာနိုင်သဖြင့် ချွတ်ချော်မှုများမဖြစ်ပေါ်စေရန် လွန်စွာအရေးကြီးပါသည်။ စနစ်ပြောင်းလဲရာတွင် ချောမွေ့အောင်မြင်စွာ ပြောင်းလဲသွားနိုင်ရေးအတွက် စီးပွားရေးဌာနအားလုံးကို တစ်ပြိုင်တည်း စနစ်ပြောင်းလဲခြင်းမပြုဘဲ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်များသတ်မှတ်၍ အဆင့်ဆင့်ချောမွေ့စွာ ပြောင်းလဲဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ယခုတင်ပြပါအတိုင်း ပြောင်းလဲကျင့်သုံးရာတွင် မချွတ်မချော် အတိမ်းအစောင်းမရှိဘဲ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ယခုအဆိုပြုချက်ကို ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားသည့် သင့်လျော်ရာကော်မတီတစ်ရပ်သို့ တာဝန်ပေးလေ့လာစေပြီး

ကော်မတီ၏လေ့လာတွေ့ရှိချက်၊ အကြံပြုချက်များကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာတင်ပြစေ၍ လွှတ်တော်တွင် ဆွေးနွေးပြုပြင်အတည်ပြုချက်ရယူပြီးမှ နိုင်ငံတော်တွင် လက်ခံကျင့်သုံးသင့်ပါသည်။ သို့ပါ၍ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမည့်နည်းလမ်းများအား လွှတ်တော်သို့ တင်ပြရေးအဆိုကို ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။

**ဦးစိုးမြင့်(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော် ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့်ဖြစ်ပါတယ်။ ဦးစိုးသာ၏အဆိုအား ဖတ်ကြား တင်ပြထောက်ခံခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဘတ်ဂျက်ကိုကြည့်ရင် လွန်ခဲ့တဲ့ ၅ နှစ်သာမက အနှစ် ၂၀ ကျော် လိုငွေပြနေတာ တွေ့ရှိရပါတယ်။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ စုစုပေါင်းဘတ်ဂျက်တွင်လည်း အနှစ် ၂၀ ကျော် ဝင်ငွေထက် သုံးငွေကများပြီး လိုငွေပြနေကြောင်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘတ်ဂျက်လိုငွေအမြဲပြနေတာဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးပိုင်းမှာ ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး။ ဘတ်ဂျက်လိုငွေများနေရင် Inflation ကို ပိုမိုမြင့်မားစေမှာဖြစ်ပါတယ်။ Inflation ပိုမိုမြင့်လာရင်လည်း ပြည်သူများရဲ့အကျိုးကို ထိခိုက်စေပါတယ်။ ဒါ့ကြောင့် ဘတ်ဂျက်လိုငွေ လျော့သွားအောင် ဆောင်ရွက်ဖို့ လိုအပ်လျက်ရှိတာကို တွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အများပြည်သူများအတွက် လိုအပ်တဲ့စီမံကိန်းများ ဆောင်ရွက်နိုင်အောင်လည်း ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၃-၈-၂၀၁၁ ရက်နေ့က ပြည်သူ့လွှတ်တော်မှာတင်ပြသွားတဲ့ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာအမှတ်၊ ၁/၂၀၁၁ မှာ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များရဲ့ အရအသုံးငွေစာရင်းမှာလည်းအားလုံးလိုငွေ ပြနေတာကိုတွေ့ရပါတယ်။ ယခု ၂၀၁၁-၂၀၁၂ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရဲ့ အရအသုံးအခြေအနေမှာ ရငွေ ၅၇၈၁. ၇ ဘီလီယံ၊ သုံးငွေ ၇၉၈၃. ၁ ဘီလီယံနဲ့လိုငွေ ၂၂၀၁. ၄ ဘီလီယံဖြစ်ပေါ်နေကြောင်းတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာသုံးသပ်ချက်မှာလည်းနှစ်ကာလကြာရှည်စွာ လိုငွေပြနေခြင်းမျိုးမဖြစ်စေရေးအတွက် ဂရုပြုဆောင်ရွက်ရမည်ဖြစ်သည်ကိုလည်း သုံးသပ်ဖော်ပြထားတာတွေ့ရှိရပါတယ်။ ဘတ်ဂျက်လိုငွေပြမှုလျော့နည်းသက်သာ

စေရန် အဓိကအချက်တစ်ခုမှာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ အရှုံးမပေါ်ဘဲ မြတ်စွန်းမှုရှိရန် ဆောင်ရွက်နိုင်ရပါမယ်။ နိုင်ငံတော်မှာအရှုံးပြနေတဲ့ စီးပွားရေးအဖွဲ့အစည်းများကို မြတ်စွန်းလာအောင်ပြုပြင်ပြောင်းလဲလုပ်ဆောင်ပေးရန် လိုအပ်မှာဖြစ်ပါတယ်ခင်ဗျား။ ဒါ့ကြောင့် ဦးစိုးသာမှ ဤလွှတ်တော်သို့တင်သွင်းသည့်အဆိုဖြစ်တဲ့ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခုဖြစ်ထွန်းလာမည့်နည်းလမ်းများအား လွှတ်တော်သို့တင်ပြရန်ဆိုတဲ့အဆိုသည် ဆောင်ရွက်သင့်သည့်ကိစ္စရပ် Issued တစ်ခုဖြစ်ပါသဖြင့် ထိုအဆိုကို လေးနက်စွာထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၉ ဦးကအမည်စာရင်းတင်သွင်းထားပါတယ်။ ဦးစွာ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် အားဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ ဒီအချိန်ဟာ မင်္ဂလာအချိန်အခါပါလို့တင်ပြရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ဖြစ်ပြီးတော့ ဒီနေ့အဆိုရှင် ဦးစိုးသာတင်သွင်းသွားတဲ့ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းရန်လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခုဖြစ်ထွန်းလာမည့်နည်းလမ်းများအား လွှတ်တော်သို့တင်ပြရေးအဆိုကို ကျွန်တော်တင်ပြပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အဆိုအား ဖတ်ကြားတင်ပြဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီအဆိုရှင်တင်သွင်းသွားတဲ့အဆိုကို လေ့လာမယ်ဆိုရင် အပိုင်းနှစ်ပိုင်းတွေ့ရမှာ ဖြစ်ပါတယ်။ ပထမပိုင်းအနေနဲ့ကတော့ လက်ရှိအခြေအနေနဲ့ကိုက်ညီတဲ့ နိုင်ငံတော်အစိုးရစီးပွားရေးလုပ်ငန်းများမှာ အကျိုးဖြစ်ထွန်းစေရန် Corporation ကြီးများ၊ အများပြည်သူအစုရှယ်ယာပါဝင်သော ကုမ္ပဏီကြီးများ၊ အစိုးရကလည်းရှယ်ယာအများဆုံးထည့်ဝင်ပါဝင်သောကုမ္ပဏီကြီးများပေါ်ထွန်းလာပြီးတော့ အသုံးစရိတ်များလျှော့ချရန်နဲ့ အမြတ်ငွေများပိုမိုရရှိလာစေရန်၊ ဝင်ငွေများပိုမိုရရှိလာစေရန်ဖြစ်ပြီးတော့ ဒုတိယအပိုင်းကတော့ ဒီစနစ်နဲ့ကိုက်ညီတဲ့ လိုက်လျောညီထွေတဲ့ ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာစေမယ့်နည်းလမ်းကို ရှာဖွေပြီးတော့

လွှတ်တော်တင်ရန်ဟူ၍ အပိုင်းနှစ်ပိုင်းရှိကြောင်းတွေ့ရမှာဖြစ်ပါတယ်။ အဆိုရှင်ကတင်သွင်းသွားသည်မှာတာဝန်ယူခဲ့ကြတဲ့ ခေတ်အလိုက်အစိုးရများသည် မိမိတို့မူဝါဒပေါ်လစီနှင့်ကိုက်ညီသော နိုင်ငံရေး၊ စီးပွားရေးစသည့် ပေါ်လစီများချမှတ်ဆောင်ရွက်ခဲ့ကြောင်း သို့သော်လည်းပဲ ယခုပွင့်လင်းမြင်သာလာသည့်အခြေအနေတစ်ခု၌ လေ့လာပြောင်းလဲရန်လိုအပ်ကြောင်း တင်ပြသွားတာကိုတွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တင်ပြရရင် အနီးစပ်ဆုံးခေတ်စနစ်ဖြစ်တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ အစိုးရကသာ အစစအရာရာ တာဝန်ယူလုပ်ဆောင်ရမည်ဖြစ်ပြီးတော့ ပြည်သူလူထုအတွက်တာဝန်ယူ လုပ်ဆောင်ပေးရမည်ဟူသော မူဝါဒအရ စီမံကိန်းစနစ်၊ စီးပွားရေးစနစ်ကိုချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းမှာ အချိန်အခါတစ်ခုအရ မှန်ကန်သည်ဟု ဆိုနိုင်ခဲ့ပါတယ်။ စီးပွားရေးနဲ့ဆိုင်သောလုပ်ငန်းများအားလုံးကို အစိုးရကသာဆောင်ရွက် ရမည့်မူဝါဒအရ ထုတ်လုပ်မှုလုပ်ငန်းများအားလုံးနီးပါးမှာ အစိုးရကသာ တာဝန်ယူဆောင်ရွက်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီမှာလည်းပဲ ကုန်ဈေးနှုန်းများကို အစိုးရကပဲထိန်းချုပ်ခြင်း၊ ကုန်ပစ္စည်းများကို ကန့်သတ်ဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ပြီးတော့ ကုန်ပစ္စည်းများမှာ အမှန်တကယ်တော့ ဝယ်လိုအားရှိသလောက် ထုတ်လုပ်ပေးနိုင်ခြင်းမရှိတာကိုလည်း တွေ့ခဲ့ရပါတယ်။ ဒါတွေဟာအစိုးရပိုင်းမှာ စက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့် ၎င်းအချိန်အခါက ထုတ်ကုန်ပစ္စည်းများမှာ လွန်စွာဈေးသက်သာပြီးတော့ အရည်အသွေးမှာလည်း သင့်တင့်လျောက်ပတ်တဲ့အတွက် ပြည်သူများကဝယ်လိုအားများသော်လည်းပဲ၊ ဝယ်လိုအားများသလောက် ထုတ်လုပ်ပေးနိုင်ခြင်းမရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီ ၁၉၈၈ နောက်ပိုင်းမှာ တက်ရောက်လာတဲ့ တပ်မတော်အစိုးရကလည်း အဲဒီအမွေကိုဆက်ခံပြီးတော့ ကျင့်သုံးခဲ့ရပါတယ်။ အဲဒီလို ကျင့်သုံးတဲ့အခါမှာ မူဝါဒများကိုတစ်ဖြေးဖြေး ဖြေလျှော့ပြီးတော့ပုဂ္ဂလိကအခန်းကဏ္ဍတိုးတက်ရန် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်လာသည်ကိုတွေ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှ ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်းပြီးတော့ အကြံပြုချက်များကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံတော်ရဲ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံအစည်းအဝေး၌တင်သွင်းခဲ့တာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ အရအသုံးငွေစာရင်းမှာ လိုငွေများလျှော့နည်းပပျောက်စေရန်အတွက် အဓိကပထမအချက်အနေနဲ့ အခွန်အကောက်ရငွေများပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ဒုတိယအချက်အနေဖြင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအား ရငွေများပိုမိုရရှိအောင်ဆောင်ရွက်ရေးတို့ဟာ အဓိကအကျဆုံးသော အချက်နှစ်ချက်ဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ပထမအချက်အနေနဲ့စပ်လျဉ်းလို့တော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အခွန်ကောက်ဆိုင်ရာ

ပြုပြင်ပြောင်းလဲသည့်ကိစ္စများကို ပြုပြင်ပြောင်းလဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ဒုတိယအချက်ဖြစ်တဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ ဝင်ငွေများပိုမိုရရှိအောင် လိုငွေမဖြစ်စေရန်၊ လျော့နည်းစေရန် ပြောင်းလဲဆောင်ရွက်ရေးကို နိုင်ငံတော်မှဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ယခင်ကနိုင်ငံပိုင်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများမှာ တစ်လမ်းသွားဘတ်ဂျက်စနစ်ဖြစ်ပြီးတော့ စီမံကိန်းစီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ စီမံကိန်းရည်မှန်းချက်ကို နည်းမျိုးစုံနဲ့ ပြည့်မီအောင် ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ယခုလိုဆောင်ရွက်တဲ့နေရာမှာ စီမံချက်ပါအတိုင်း အောင်မြင်အောင် ဆောင်ရွက်ခဲ့ရတာဖြစ်ပြီးတော့ အရေအတွက်နှင့် ထုတ်လုပ်မှုတန်ဖိုးပြည့်မီအောင် ဆောင်ရွက်ခဲ့ကြရတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ အရေအတွက်နှင့်ထုတ်လုပ်မှုတန်ဖိုး ပြည့်မီအောင်ဆောင်ရွက်ခဲ့ရတဲ့အတွက် အရည်အသွေးပိုင်းမှာ အချို့နေရာမှာ လိုအပ်လာတာကိုတွေ့ရပါတယ်။ ထုတ်လုပ်မှုကုန်ကျစရိတ်များဟာလည်း အထိုက်အလျောက် များပြားလာပြီးတော့ ဝယ်လိုအားကျဆင်းလာပြီး ဝင်ငွေပိုင်းမှာ လျော့နည်းသွားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီတစ်လမ်းသွားဘတ်ဂျက်ဖြစ်လို့ လိုရင်တောင်းလို့ရတယ်ဆိုတဲ့အတွေးက ဒုက္ခပေးလာတာကိုတွေ့ရတာ ဖြစ်ပါတယ်။ ဒါကိုအဆိုရှင်တင်ပြသလိုပါပဲ ဒါ့ကြောင့် ဆန်းစစ်လေ့လာဖို့ လိုအပ်တယ်ဆိုတာ မှန်ကန်ပါတယ်။ ဒါဟာဘာ့ကြောင့်လည်းဆိုတော့ ထိန်းချုပ်မှုများ မဖြစ်နိုင်သော၊ ပြောင်းလွယ်ပြင်လွယ်မရှိနိုင်သော စည်းမျဉ်းများထားရှိသလို အုပ်ချုပ်သူကိုသာ ကာကွယ်သောညွှန်ကြားချက်များရှိနေတဲ့အတွက်ကြောင့် ဘတ်ဂျက်ကန့်သတ်ထားမှုများရှိခြင်းကြောင့် အောင်မြင်သလောက်မအောင်မြင်ပဲ အရှုံးနှင့်ရင်ဆိုင်ရတာကို အဆိုရှင်မှတင်ပြသွားတာမှာ မှန်ကန်ကြောင်းတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ဥပမာတစ်ခုပြရရင် ၁၉၉၁-၁၉၉၂ ခုနှစ်လောက်က ထုတ်လုပ်မှုဖြစ်တဲ့ သံမဏိစက်ရုံထုတ်လုပ်မှုမှာ ဒီလိုပါပဲ အမြတ်လည်းရမယ်၊ ဝယ်လိုအားလည်းရှိတယ်။ ဒီသံတွေကို ထုတ်ဖို့အတွက်ကို ဝန်ကြီးဌာနမှာ တင်ပြခဲ့ဘူးပါတယ်။ ၁၉၉၁-၁၉၉၂ ကပါ။ ဒါကို RF ခေါ်တဲ့ Revolving Fund ကနေပြီးတော့ ဒေါ်လာကိုယူသုံးပြီးတော့ ကျွန်တော်တို့ လုပ်မယ်၊ ကိုင်မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဒေါ်လာသုံးသိန်းလောက်ဟာ တစ်နှစ်အတွင်းမှာ ပြန်လည်ရနိုင်ပြီးတော့ နောက်ထပ်အရင်းအနှီးကိုလည်းပဲ အစိုးရဆီကတောင်းခံဖို့မလိုဘဲ လုပ်ကိုင်နိုင်တယ်ဆိုတာကိုတင်ပြခဲ့ သော်လည်းပဲ အကြောင်းကြောင်းကြောင့် မလုပ်ကိုင်နိုင်ခဲ့တဲ့အတွက် ဒီနေရာမှာအခြား နိုင်ငံခြားကုမ္ပဏီတစ်ခုက ဝင်ရောက်လုပ်ကိုင်တဲ့အခါမှာ အမြတ်အစွန်းများစွာရရှိသွားတာကို တွေ့ရှိခဲ့ရဘူးပါတယ်။ ဒါဟာဘာလည်းဆိုတော့ ကျွန်တော်တို့ရဲ့လုပ်ပိုင်ခွင့်၊ ကျွန်တော်တို့ လုပ်နေတဲ့သူများအပေါ်မှာ ယုံကြည်မှုစတဲ့ ဒါတွေဟာ

လိုအပ်လာတဲ့အတွက်ဖြစ်ကြောင်းကို ဒီမှာသာဓကတစ်ရပ်အဖြစ် ကျွန်တော်ကိုယ်တိုင်တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့်အဆိုမှာ အဆိုပြုထားသလို စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၊ ဌာနများရဲ့ဘတ်ဂျက်များကိုသာ အစိုးရဘတ်ဂျက်မှာ ထည့်သွင်းရေးဆွဲပြီးတော့ စီးပွားရေးအဖွဲ့အစည်းများရဲ့ ဘတ်ဂျက်လိုအပ်ချက်ကို အစိုးရဘတ်ဂျက်မှာထည့်သွင်းခြင်းမပြုဘဲ ၎င်းတို့ရဲ့ဝင်ငွေ အပေါ်မှာရပ်တည်ဆောင်ရွက်စေသည့်စနစ်သည် နိုင်ငံတော်အစိုးရတွင် ဘတ်ဂျက်လိုငွေသက်သာစေပြီးတော့ ငွေကြေးဖောင်းပွမှုကိုလည်း အတန်အသင့်ထိန်းသိမ်းထားနိုင်မှာဖြစ်ပါတယ်။ တစ်ဘက်က လည်းပဲစီးပွားရေးအဖွဲ့အစည်းများအနေနဲ့ နိုင်ငံတော်ဘတ်ဂျက်ကန့်သတ်ချက်ဘောင်မှ လွတ်ကင်းသွားပြီး ယခင်ဘတ်ဂျက်ကန့်သတ်မှုကြောင့် ဖော်ဆောင်၍မရသော ပြည်သူ့အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းများကိုလည်းပဲ ၎င်းတို့ရင်းနှီးမြှုပ်နှံမှုများဖြင့် တိုးချဲ့လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ အဆိုရှင်တင်သွင်းသွားသည့် နည်းလမ်းများကို ရှာဖွေလေ့လာတင်ပြသွားရမှာဖြစ်ပြီးတော့ မှန်မှန်ကန်ကန်အဖြေရှာ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဓိကဖြစ်တဲ့နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းများကို ခွဲခြမ်းစိတ်ဖြာပြီးတော့ မိမိတို့ဘတ်ဂျက်နဲ့သွားမယ်မိမိတို့ဝင်ငွေဖြင့် ရပ်တည်ဆောင်ရွက်နိုင်မယ့်စနစ်နဲ့ အခြားနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများကဲ့သို့နိုင်ငံတော်အစိုးရက အရင်းအနှီးရှယ်ယာများပါဝင်တဲ့ လုပ်ငန်းကြီးများ၊ ကုမ္ပဏီကြီးများကိုစတင်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဤသို့ဆောင်ရွက်လည်ပတ်ရန်အတွက် နိုင်ငံတော်ဘတ်ဂျက်မှာမထည့်သွင်းတော့ပဲ မိမိကိုယ်တိုင်ထည့်ဝင်ငွေများဖြင့်လည်းကောင်း၊ ရှယ်ယာများဖြင့်လည်းကောင်းဆောင်ရွက်ခြင်း၊ ဘုတ်အဖွဲ့များဖွဲ့စည်း၍ အုပ်ချုပ်စီမံဆောင်ရွက်ခြင်း၊ အချို့စီးပွားရေးလုပ်ငန်းများမှာစီးပွားရေးလုပ်ငန်းတွင်ပါဝင်သူများအား ၎င်းတို့ကိုယ်စားနိုင်ငံတော်မှ ရှယ်ယာ၊ အစုရှယ်ယာ ချေးငွေအဖြစ်ထည့်ဝင်ပေးခြင်းဖြင့် အကျိုးအမြတ်ခံစားစေခြင်း၊ မိမိတို့ရဲ့စီးပွားရေးလုပ်ငန်းကိုအောင်မြင်အောင် Incentive ပေးခြင်းကဲ့သို့ဖြစ်ပါတယ်။ ဒါ ဥပမာ တရုတ်ပြည်မှာ ဒီနေ့စက်ရုံ၊ အလုပ်ရုံတွေကိုမိမိတို့လုပ်သားများဟာ အဲဒီစက်ရုံ၊ အလုပ်ရုံထဲမှာ မိမိတို့ရဲ့တန်ဖိုးကို နိုင်ငံတော်ကနေပြီးတော့ငွေထုတ်ပေးပြီးရှယ်ယာအဖြစ်ထည့်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နေတာတွေ့ရမှာဖြစ်ပါတယ်။ ဒါတွေဟာဆိုရင်လည်းပဲ တော်တော်ကိုအောင်မြင်နေတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီစက်ရုံလုပ်သားတွေကိုစက်ရုံက မိမိတို့စက်ရုံပိုင် မိမိတို့ငွေနဲ့ ဆောင်ရွက်ထားသကဲ့သို့ဖြစ်တဲ့အတွက် လုပ်သားများမှာလည်းအကျိုးကျေးဇူးရှိပြီးတော့ ဆောင်ရွက်နေတာ၊ အောင်မြင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့အိမ်နီးချင်းနိုင်ငံများရဲ့ လုပ်ငန်းများကို ကျွန်တော်တို့ ပြန်လည် လေ့လာကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ စင်္ကာပူနိုင်ငံမှာ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်ဟာ ယခုအခါ ကော်ပိုရေးရှင်း

အသွင်ပြောင်းပြီးတော့ လေဆိပ်အဖွဲ့၊ ချန်ဂီ Airport Gorup မှ ရင်းငွေနဲ့စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူပြီးတော့ အစိုးရပိုင်းမှ စည်းမျဉ်းစည်းကမ်းပိုင်းကို အစိုးရပိုင်းမှ ဆောင်ရွက်တာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ထို့အတူ စင်္ကာပူနိုင်ငံ Media Group မှာလည်း ယခင်က အစိုးရပိုင်ဖြစ်သော်လည်းပဲ အခုအခါမှာ အစိုးရမှအစုရှယ်ယာများ ပါဝင်သည့် မီဒီယာကုမ္ပဏီကြီး တစ်ခုဖြစ်လာတာကို ဒါပြောင်းလဲလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ထို့နည်းတူစွာ ထိုင်းနိုင်ငံ လေကြောင်းမှာလည်းပဲ မူလအစိုးရပိုင်ဖြစ်ပြီးတော့ ယခုအစိုးရကရှယ်ယာ အများဆုံးပါတဲ့အများပိုင် ကုမ္ပဏီအဖြစ်လည်းကောင်း၊ မလေးရှားနိုင်ငံ ပန်ထရိုနက်ကုမ္ပဏီမှာလည်းပဲ နိုင်ငံပိုင်ကော်ပိုရေးရှင်းမှ အုပ်ချုပ်မှု၊ ဘုတ်အဖွဲ့ စီမံခန့်ခွဲမှုကော်မတီများနှင့် ဆောင်ရွက်ရာမှာ နိုင်ငံစုံကော်ပိုရေးရှင်းအနေနဲ့ အောင်မြင်တာတွေ့ရမှာ ဖြစ်ပါတယ်။ မလေးရှားလေကြောင်းလိုင်းလည်း ထိုနည်းအတူတူပါပဲ နိုင်ငံတော်ပိုင်မှအများပိုင်ကို ပြောင်းလဲထားတာကိုတွေ့ရမှာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာဆိုရင်လည်းပဲ ဆက်သွယ်ရေးကဏ္ဍမှာ အစိုးရပိုင်မှ Semi Private လုပ်ငန်းအဖြစ်လည်းကောင်း၊ ဂရူပါလေကြောင်းလိုင်းဟာဆိုရင်လည်းပဲ အစိုးရနှင့်ပုဂ္ဂလိကရှယ်ယာပါဝင်သော လုပ်ငန်းကြီးအဖြစ်လည်းကောင်း၊ အိန္ဒိယနိုင်ငံရေနံကော်ပိုရေးရှင်း လီမိတက်ကြီးမှာလည်းပဲ အစိုးရပိုင်းမှာရှယ်ယာအများဆုံးပါဝင်တဲ့ လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နေသည်ကိုလည်းကောင်း၊ ကနေဒါရထား၊ လေကြောင်းလိုင်း၊ ဂျပန်မီးရထား၊ ကြေးနန်းစသည့် လုပ်ငန်းများမှာ အစိုးရပိုင်မှ ပုဂ္ဂလိကပိုင် လုပ်ငန်းအဖြစ်လွှဲပြောင်းပေးခဲ့တဲ့ အများပိုင်ကုမ္ပဏီများ အဖြစ်ရပ်တည်နေတာကိုတွေ့ရမှာဖြစ်ပါတယ်။ အဲဒါကြောင့် စီးပွားရေးအဖွဲ့အစည်းများအနေနဲ့ တိုးချဲ့ရင်းနှီးမှုလုပ်ငန်းများအတွက် ငွေလိုအပ်တဲ့အခါမှာလည်းပဲ နိုင်ငံတော်ဘဏ်များမှသတ်မှတ်တဲ့ အတိုးနှုန်းနဲ့ချေးယူပြီးတော့ နိုင်ငံတော်မှချမှတ်ထားတဲ့ မူဝါဒဘောင်အတွင်းစည်းမျဉ်း၊ စည်းကမ်းများ မှချေးငွေ၊ ထောက်ပံ့ငွေရယူ၍ လိုအပ်သောအရင်းအနှီးများ Capital ကိုရယူပြီးတော့ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စီးပွားရေးအဖွဲ့အစည်းများမှ လုပ်ငန်းများပိုမိုတိုးချဲ့ဆောင်ရွက်ခြင်း အားဖြင့် ဝင်ငွေတိုးတက်ရရှိလာမှာဖြစ်ပြီးတော့ နိုင်ငံတော်အနေနဲ့လည်းပဲ စီးပွားရေးအဖွဲ့အစည်း များမှ ဥပဒေသတ်မှတ်ချက်အတိုင်း ဝင်ငွေပိုမိုရရှိလာမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းဆောင်ရွက် သည့် ဝန်ကြီးဌာနများအတွက် နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသုံးနှုန်းမှုနှင့်ပတ်သက်၍ မူဝါဒပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် ဝန်ကြီးဌာနများ အတွက် ဝင်ငွေနှင့်ရပ်တည်၍ ဈေးကွက် စီးပွားရေးအခြေခံဖြင့် ပီပီပြင်ပြင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်များဖန်တီးပေးခြင်းဖြင့် နိုင်ငံတော်ဘတ်ဂျက်တွင် နှစ်စဉ်လိုငွေပြမှု လျော့နည်းနိုင်မည် ဖြစ်ပြီး တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါနဲ့

ပတ်သက်လို့လည်းပဲ ကျွန်တော်တို့ နိုင်ငံတစ်ခုမှာ ကျွန်တော်တို့ ရောက်စာရင်းတူးဖော်ခဲ့ရတာကတော့ ကုမ္ပဏီကြီးတစ်ခုမှာ ဒီကုမ္ပဏီကြီးကို သွားရောက်လေ့လာတဲ့ အခါမှာ ကျွန်တော်တို့ ရောက်တဲ့နေ့မှာလည်းပဲ အဲဒီကုမ္ပဏီကြီးဟာ အစိုးရပိုင်ကနေပြီးတော့ ပြည်သူပိုင်အဖြစ် ပြောင်းလဲနေတာကို တွေ့ရပါတယ်။ ဒီကုမ္ပဏီကြီးဟာကြည့်ရလို့ရှိရင် သူ့နိုင်ငံမှာတော့ အမြတ်အများဆုံးရရှိအောင် ဆောင်ရွက်ပေးနေတဲ့ အစိုးရကုမ္ပဏီကြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ သူဟာအမြန်ပုဂ္ဂလိကကို ပြောင်းလဲပေးနေတာတွေ့တဲ့အတွက် ကျွန်တော်တို့ တော်တော်အံ့ဩသွားပါတယ်။ အဲဒီခေတ်ကတော့ ဆိုရှယ်လစ်ခေတ်ကပါ ဘာလို့ အဲဒီလိုပြောင်းရလဲလို့မေးကြည့်တော့ အစိုးရဆိုတာက ပြည်သူ့အတွက် နောက်ထပ် အမြတ်အစွန်းရနိုင်မယ့်လုပ်ငန်းကို ရှာရမယ်။ အခုမြတ်နေတဲ့လုပ်ငန်းကိုတော့ ပြည်သူက ဆက်လုပ်ဖို့ပဲ၊ ဆက်ထိန်းဖို့ပဲ အစိုးရကတော့ထပ်ပြီးတော့ အကျိုးရှိမယ့်လုပ်ငန်းကို ဆက်လက်ရှာဖွေဆောင်ရွက်သွားရမှာဖြစ်တယ်လို့ ကုမ္ပဏီကနေပြီးတော့ လုပ်ငန်းကြီးကနေပြီးတော့ ရှင်းလင်းပြတာကို မှတ်သားရဘူးပါတယ်။ ဒါ့ကြောင့် အစိုးရရဲ့နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများကိုအစိုးရရဲ့ ဘတ်ဂျက်နဲ့ မသွားဘဲ အစိုးရပိုင်းကလည်းပါ၊ လုပ်သားပြည်သူများကလည်းပါ၊ ပြည်သူများကလည်းပါတဲ့ နိုင်ငံတော်ကပါဝင်ဆောင်ရွက်တဲ့ ဘုတ်ကော်ပိုရေးရှင်းလုပ်ငန်းကြီးများ အသွင်ဖြင့်ရှယ်ယာများပါဝင်ဆောင်ရွက်မယ်ဆိုရင် အများဆုံးသောလုပ်ငန်းများမှာ တိုးတက်လာကြမှာဖြစ်သလို အောင်မြင်မှုကိုလည်း ခံစားလာရမှာဖြစ်ပါတယ်။ ဤသို့နိုင်ငံပိုင်လုပ်ငန်းများကို ဘတ်ဂျက်မှာ ကျခံသုံးစွဲသည့် မူဝါဒအားပြန်လည်သုံးသပ်ပြီးတော့ ဘုတ်ကော်ပိုရေးရှင်းအသွင်ဖြင့်လည်းကောင်း၊ လွတ်လပ်စွာဆောင်ရွက်သည့်ပုံစံဖြင့်လည်းကောင်း၊ နိုင်ငံတော်ပိုင်ဆိုင်မှုပုံစံကို လျှော့ချပြီးတော့ အစိုးရကရှယ်ယာများပါဝင်တဲ့ ကုမ္ပဏီပုံစံဖြင့်လည်းကောင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်သည့်ပုံစံဖြင့်လည်းကောင်း သွားမည်ဆိုပါက နိုင်ငံတော်အတွက်ဘတ်ဂျက်ရန်ပုံငွေ လျှာထားသုံးစွဲခြင်းကို ခုသာခံသာဖြစ်သလို လွတ်လပ်စွာ လုပ်ငန်းလုပ်ကိုင်လာရသဖြင့် ယခင်ထက်အောင်မြင်မှုများပိုမိုရရှိလာနိုင်မှာဖြစ်ပါတယ်။ ရသင့်ရထိုက်တဲ့ အခွန်အခများကိုလည်းရနိုင်မှာ ဖြစ်ပါတယ်။ သို့ပါ၍ အဆိုရှင်တင်ပြသည့်အတိုင်း အကြံပြုချက်များဖြင့် ပြည်သူ့လွှတ်တော်သို့ တင်ပြဆွေးနွေးကာ အတည်ပြုချက်ရယူပြီးလျှင် နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းလာရန် လိုက်လျောညီထွေသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမည့်နည်းလမ်းများအား လွှတ်တော်သို့တင်ပြရေးအတွက် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ယခုလိုလွှတ်တော်သို့ တင်ပြထောက်ခံဆွေးနွေးရတဲ့အချိန်မှာလည်းပဲ အကြိုပြောင်းလဲမှုအဖြစ်တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် စက်မှု(၁)မှာဆိုလို့ရှိရင် စက်ရုံများကို ယခုပြင်ပပုဂ္ဂလိကများသို့ ထပ်မံပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ငှားရမ်းလာတာကိုတွေ့ရ

မှာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ်ငွေးရမ်းလာရတဲ့အတွက် ဒီဘတ်ဂျက်မှာအသုံး၊ ဘတ်ဂျက်လျာထားချက်တွေဟာ လျော့နည်းသွားမှာဖြစ်ပါတယ်။ အသုံးစရိတ်များဟာလည်းလျော့နည်းသွားမှာဖြစ်ပါတယ်။ ထို့အတူ ဒီနေ့ ပို့ဆောင်ရေးဝန်ကြီးဌာနမှာဆိုရင်လည်းပဲ ရငွေအတွင်းသာသုံးငွေကို အသုံးပြုကြောင်း ပြည်ထောင်စုဝန်ကြီးကရှင်းလင်းသွားတာလည်းကြားခဲ့ရပါတယ်။ ထို့နည်းတူစွာ အခြားဌာနများမှာလည်းပဲရငွေအတွင်းမှာ မိမိရငွေနှင့်သုံးငွေကိုက်ညီအောင်ဆောင်ရွက်နေတာကို တစ်စတစ်စဆောင်ရွက်လာတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုတင်ပြပါအတိုင်းပြောင်းလဲကျင့်သုံးရာမှာ မချွတ်မချော်အတိမ်းအစောင်းမရှိစေပဲ အဆင့်ဆင့်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ယခုအဆိုပြုချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း ပြည်သူ့လွှတ်တော်မှကော်မတီ၊ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီးတော့ လေ့လာစေပြီးတော့ ကော်မတီရဲ့လေ့လာတွေ့ရှိချက်၊ အကြံပြုချက်များကို ပြည်သူ့လွှတ်တော်တွင်အစီရင်ခံ၍ လွှတ်တော်တွင်ဆွေးနွေးအတည်ပြုချက်ရယူပြီး နိုင်ငံတော်တွင် လက်ခံကျင့်သုံးသင့်ပါတယ်။ ယခုကိစ္စသည်ဌာနအားလုံးနှင့်သက်ဆိုင်သည့်အတွက် ကော်မတီဖွဲ့စည်းပါကလည်း လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ သက်ဆိုင်ရာကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းရန် အကြံပြုတင်ပြအပ်ပါတယ်။ သို့ပါ၍ ယခုလုပ်ဆောင်နေသော ဘတ်ဂျက်စနစ်မှ အဆိုတွင်တင်ပြထားသော နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းရန် လေ့လာဆန်းစစ်မှုပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမည့်နည်းလမ်းအား လွှတ်တော်တင်ပြရေးဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာတင်သွင်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်တိုး မင်းလှမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဒီလိုစတင်မဆွေးနွေးမီမှာ ကျွန်တော်တင်ပြတဲ့ဟာကို တင်ပြချက်တွေကိုပိုပြီးတော့ လေးနက်စေတဲ့သဘောနဲ့ ကျွန်တော်ဟာ ၁၉၉၈ ကနေပြီးတော့ ၂၀၁၀ ထိသတ္တုတွင်းဝန်ကြီးဌာနမှာ ဦးဆောင်ညွှန်ကြားရေးမှူးလုပ်ခဲ့တာဖြစ်ပါတယ်။ လုပ်ခဲ့တဲ့ ၁၂ နှစ်လောက်ကာလအတွင်းမှာ ဒီဘတ်ဂျက်ကိုအများကြီးတွေ့ခဲ့ပါတယ်။ ကျွန်တော်ရဲ့ဌာနဟာထုတ်လုပ်ရေးတင်မကပဲ Marketing ကိုပါ လုပ်ရတာဖြစ်ပါတယ်။ နောက်တစ်ခါ Essential Community မဟုတ်ဘဲနဲ့ Luxuaury ဖြစ်တဲ့အတွက် ကျွန်တော်တို့ကအစိုးရဈေးဆိုတာမရှိဘူး။

ဈေးကွက်မှာယှဉ်ပြိုင်ပြီးတော့ ရောင်းချရတာဖြစ်ပါတယ်။ အဲဒီအခါမှာ လက်ရှိကျင့်သုံးနေတဲ့ ဘတ်ဂျက် စနစ်ရဲ့အားနည်းချက်တွေကို အများကြီးပဲတွေ့ရပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ ဘတ်ဂျက် စနစ်ဟာဆိုလို့ရှိရင် အဆင့်ဆင့်ကွပ်ကဲကြပ်မတ်စစ်ဆေးတဲ့စနစ် ဖြစ်ပါတယ်။ ဒီစနစ်ဟာမှန်ပါတယ်။ ဒီပြည်သူတွေရဲ့ ငွေကိုသုံးတဲ့ဌာနတွေ အထူးသဖြင့် ထင်ရှားအောင်ပြရလျှင် ပညာရေးတို့၊ ကျန်းမာရေးတို့ပေါ့။ ဒီလိုမျိုးဌာနတွေကိုတော့ ကျွန်တော်တို့ သေသေချာချာစိစစ်ပြီးတော့ လက်ရှိ စနစ်နဲ့သုံးတာဟာမှန်ကန်ပါတယ်။ သို့သော်လည်းပဲ ဒီထုတ်လုပ်ရေးကိုလုပ်တဲ့ စီးပွားရေးတွေကို လုပ်တဲ့ဌာနတွေကို ဒီလိုမျိုး Centralized ပေါ့ ဗဟိုကကိုင်ထားတဲ့အခါမှာ အောက်မှာဘာမှ လုပ်လို့မရပါဘူး။ ဒီလိုလုပ်လို့မရတဲ့အတွက်ကြောင့်လည်းပဲ ကျွန်တော်တို့ဟာ ခုနပြောတဲ့ ဆုံးရှုံးမှုတွေ တွေ့ရတယ်။ ၁၉၉၁-၁၉၉၂ မှာစတင်ပြီးတော့ ဈေးကွက်စီးပွားရေးကိုပြောင်းမယ်ဆိုကတည်းက ဒီ Centralized ဗဟိုဦးစီးစနစ်ကို လျှော့ချမယ်လို့ အတိအလင်းကြေညာခဲ့ပါတယ်။ သို့သော်လည်းပဲ ယခုအချိန်အထိ အစိုးရဌာနတွေမှာ Decentralized ကို မလုပ်နိုင်သေးပါဘူး။ အပေါ်ကပဲ ကွပ်ကဲတဲ့ဥစ္စာ ကျွန်တော်တို့ရဲ့ Interperise တွေမှာသိသာတယ်။ ဒီ Interperise တွေဟာ အဆိုရှင်တင်သွင်းသလိုပဲ ဒီလုပ်ငန်းဌာနတွေ ဟာဆိုလို့ရှိရင် ရှုံးရှုံးမြတ်မြတ် ဘာမှတာဝန်မရှိဘူး။ နှစ်ကုန်လို့ရှိရင် ဘတ်ဂျက်ကိုပြန်တောင်း အပေါ်ကချပေးတာနဲ့လုပ် အဲဒီလိုဖြစ်တဲ့အတွက် ကျွန်တော်တို့ အခုပြောပြောနေတဲ့ Accountability ပေါ့တာဝန်ခံမှုလည်းမရှိပါဘူး။ လူတွေကို စွမ်းအားပြည့်တဲ့ Incentive ဆိုတဲ့ဟာလည်းမရှိပါဘူး။ ကျွန်တော်တို့ဘာတွေဆုံးရှုံးနေလဲ။ ကျွန်တော် ဒီမှာတင်ပြချင်တာကတော့ ဘယ်လိုလုပ်မယ်ဆိုတာထက် ဘာ့ကြောင့်ဒီဟာကို လုပ်ကိုလုပ် ရမယ်ဆိုတာကို ကျွန်တော်က ဆွေးနွေးချင်တာပါ။ ဘယ်လိုလုပ်မယ်ဆိုတာက ကျွန်တော်ကကမ္ဘာမှာ အခုမှစလုပ်တာမဟုတ်ပါဘူး။

နိုင်ငံတကာတွေမှာ လေ့လာကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့ ကအများကြီးတွေ့ရှိရမှာ ဖြစ်ပါ တယ်။ အဲဒီတော့ ဘာတွေဆုံးရှုံးမလဲဆိုလို့ရှိရင် တကယ်အရေးကြီးတဲ့ Human Resources ပေါ့။ Human Resources မှာ ဒီဌာနတွေမှာ လုပ်ငန်းတွေမှာရှိတဲ့လူတွေဟာ သူတို့တွေရဲ့စွမ်းရည်တွေကို သူတို့ဟာတစ်ခါတည်း အစွမ်းကုန်ထုတ်ပြီးတော့ သုံးလို့မရဘူး။ အပေါ်ကနေပြီးတော့ ထိန်းချုပ် ထားတဲ့အခါ ဘာမှလုပ်လို့မရဘူး။ အဲဒီလိုဖြစ်တဲ့အတွက် သူတို့ရဲ့စွမ်းရည်တွေဆုံးရှုံးတယ်။ ဒီဌာနမှာ ရှိတဲ့လူတွေဟာ ညံ့လို့မဟုတ်ပါဘူး။ ကျွန်တော်တို့ ဝန်ထမ်းတွေထဲမှာလည်း လူတော်တွေ၊ တကယ်လုပ်ချင် တဲ့သူတွေအများကြီးပဲ ရှိပါတယ်။ သို့သော်လည်းပဲ ထိန်းချုပ်မှုတွေများတဲ့အခါမှာ လုပ်လို့မရပါဘူး။ နောက်တစ်တခုကတော့ Accountability လို့ခေါ်တဲ့တာဝန်ခံမှုရှုံးလည်း

ဘာမှမဖြစ်ဘူး၊ မြတ်လည်းဘာမှမဖြစ်ဘူးဆိုတဲ့အခါကျတော့ ဝန်ထမ်းတွေကို မလိုအပ်ဘဲနဲ့ပိုပြီးတော့ ခန့်တယ်။ ဒါကျွန်တော်ကိုယ်တိုင် လည်းဒီထဲမှာပါမှာပဲ။ အားနာပါးနာခန့်တာနဲ့၊ ဝန်ထမ်းတွေက မလိုအပ်ဘဲဖောင်းပွတယ်။ အဲဒီတော့ လူတွေရဲ့အင်အားတွေဟာ ဆုံးရှုံးတယ်။ နောက်တစ်ခါ Natural Resources က ကမ္ဘာမှာအခုပြောနေတဲ့ ဥစ္စာကလူသားတွေရဲ့ Unlimited Wants တွေပေါ့ ဒီအဆုံးအဆမရှိတဲ့ လိုအပ်ချက်တွေကို ကျွန်တော်တို့က Limited Resources အကန့်အသတ်ရှိတဲ့သယံဇာတတွေနဲ့ ဖြည့်ဆည်းနေရတဲ့အခါမှာ ကျွန်တော်တိုက Efficiency လိုပါတယ်။ ဒီသယံဇာတနဲ့ ကျွန်တော်တို့က ထိထိရောက်ရောက်သုံးနိုင်မှ လူသားတွေရဲ့ဆန္ဒကို ဖြည့်စွမ်းနိုင်မှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ ကျွန်တော်တို့က ဒီလုပ်ငန်းဌာနတွေရဲ့ Efficiency မရှိဘူးဆိုလို့ရှိရင် သယံဇာတတွေကို ဖြုန်းနေသလိုပဲဖြစ်ပါတယ်။ အဲဒီတော့ နောက်တစ်ခါလူတွေရဲ့ စိတ်ဓာတ်တွေကို ပျက်ပြားစေပါတယ်။ မလုပ်ရင်လည်းရတာပဲဆိုပြီးတော့ ဘယ်သူမှမလုပ်တော့ဘူး။ နောက်တစ်ခါ ကိုယ်လုပ်လို့ရှိရင်ကိုယ် Interprise ကလုပ်ရင်ကိုယ်မြတ်လာလို့ရှိရင် ငါတို့အကျိုးခံစားခွင့်ရှိမယ်ဆိုတာ ဒီလိုမတွက်တော့ဘဲနဲ့ ဒါဒီလို Incentive မရှိတဲ့အခါကျတော့ ကျွန်တော်တို့ တစ်ခြား Production တွေဘာတွေညာတွေပေါ့နော်။ ဥပမာဆိုပါတော့ ဒီလုပ်ငန်းဌာနတစ်ခုက ပစ္စည်းထုတ်တယ်၊ ပစ္စည်းထုတ်ပြီးတော့ ဈေးတွေလျှော့ အများကြီးရောင်းတယ်ဆိုလို့ရှိရင် ဒီလျှော့ရောင်းတဲ့ဈေးကို ဝယ်ဖို့အတွက်ကို လျှောက်လွှာတွေတင်ကြ၊ ဒီလျှောက်လွှာတွေအပေါ်မှာ Corruption တွေဖြစ်ကြ ဒါမျိုးတွေဖြစ်မှာပေါ့နော် အဲဒီတော့ ကျွန်တော်တို့က ဈေးကွက်စီးပွားရေးစနစ်နဲ့ လုပ်ရမှာဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်မှာ အရေးအကြီးဆုံးကတော့ ကျွန်တော်တို့ တွန်းအားလို့ခေါ်တဲ့ Accountability ပေါ့ သူရှုံးရင် တာဝန်ရှိမယ်ဆိုတဲ့ တွန်းအားလိုသလို သူမြတ်လို့ရှိရင် Incentive ရမယ်ဆိုတဲ့စွဲအားလိုပါပဲ ဒီလိုမျိုးတွန်းအား စွဲအားမရှိဘဲနဲ့ မင်းတို့လုပ်ဟိုလုပ်ဒီလိုလုပ်ဆိုပြီးတော့ ပြောနေရုံနဲ့မရပါဘူး။ အပေါ်ကကွပ်ကဲလို့ ဘယ်လိုပဲ ကွပ်ကဲကွပ်ကဲ တကယ်လက်တွေ့အကောင်အထည်ဖော်ရမယ့် တကယ်ထုတ်လုပ်မှုမှာ အရေးကြီးတဲ့ Men, Material, Money ပေါ့လွယ်လွယ်ကူကူပြောရရင် Labour Resources, Capital လို့ပဲပြောပြော ဒါတွေကို ကိုင်သုံးနေတဲ့လူတွေက မလုပ်ဘူးဆိုလို့ရှိရင် ကျွန်တော်ကို့က မအောင်မြင်နိုင်ပါဘူး။ ဒီလိုမျိုးဟာတွေကို ကျွန်တော်တို့ရဲ့အစိုးရဌာနတွေမှာ အများကြီးပဲ ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်တို့က ဒီနေရာမှာ ဒီဟာတွေကို ပြင်လိုက်မှဖြစ်မှာပါ။ အဲဒီတော့ ဒီလိုလုပ်တဲ့အခါကြလို့ရှိရင် လွယ်လွယ်ကူကူတော့ ဖြစ်မှာမဟုတ်ပါဘူး။ လွယ်လွယ်ကူကူနဲ့ မဖြစ်တဲ့အတွက် မလုပ်ဘူးဆိုလို့ရှိရင်တော့ ကျွန်တော်တို့က ဒီလိုပဲ တောက်လျှောက်သွားပြီးတော့ရင် ကျွန်တော်တို့ ပြည်သူတွေပေါ်မှာ

သစ္စာမရှိရာကျမယ် ပြည်သူတွေရဲ့ငွေတွေကို ဖြုန်းတီးရာကျမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်လို့ရှိရင်ဘာတွေတွေ့လာမလဲ။ အနည်းဆုံးကတော့ ဒီလိုမျိုး သူတို့ကို သူတို့ရဲ့ဘတ်ဂျက်နဲ့ သူတို့လမ်းလုပ်ဖို့ ပုံစံတွေကတော့ အမျိုးမျိုးရှိတာပေါ့ Cooperate ပုံစံရှိရင် ရှိမယ်ဟုတ်လားအမျိုးမျိုးရှိတယ်။ အဲဒီတော့ ဘယ်လိုပဲလုပ်လုပ်သေချာတာကတော့ သူရဲ့ Accountability လို့ခေါ်တဲ့ ဒီတာဝန်ခံမှုရှိလာတယ်ဆိုလို့ရှိရင် အဲဒီတာဝန်ရှိတဲ့ MD ဖြစ်ရင်လည်းဖြစ်မယ်။ စက်ရုံမှူးဖြစ်ရင်လည်းဖြစ်မယ်။ ဒီပုဂ္ဂိုလ်ကသူက လူတွေကိုလျှော့တော့မယ်၊ ဝန်ထမ်းတွေလျှော့တော့မယ် အရင်တုန်းက အမျိုးမျိုးခန့်ထားတာလည်း ရှိကောင်းရှိမယ်။ ဒါတွေကို သူကလျှော့ရမယ်။ ဘာလို့လဲဆိုတော့ သူမြတ်ရမှာကိုး။ အဲဒီလို လုပ်လာတာဖြစ်တဲ့အတွက် ဝန်ထမ်းတွေအလုပ်လက်မဲ့ပြဿနာတွေ ဒါဖြစ်လာနိုင်တယ်။ နောက်တစ်ခါ ဒီလိုမျိုးလုပ်ပိုင်ခွင့် ပေးတဲ့အတွက် တချို့သော တချို့လူတွေက အမျိုးမျိုးရှိပါတယ်။ အပေါ်က ကွပ်ကဲမှုအများဆုံးလုပ်မှ လုပ်တဲ့သူရှိတယ်။ ဒီလိုမျိုးလူကျလို့ရှိရင် လုပ်ပိုင်ခွင့်ပေးလိုက်တာနဲ့ သူကခြစားမှုတွေ Bribary တွေပေါ်လာနိုင်တယ်၊ အလွဲသုံးစားမှုတွေပေါ်လာနိုင်တယ်။ ဒါတစ်မျိုးပေါ့ နောက်တစ်ခါ လုပ်ပိုင်ခွင့်ပေးလိုက်လို့ရှိရင် ဘယ်လိုလူမျိုးပေါ်လာမလဲဆိုရင် မလုပ်တတ်မကိုင်တတ်တဲ့သူတွေ ပေါ်လာမယ်။ ယခင်တုန်းကတော့ အပေါ်က၊ အပေါ်ကနေညွှန်ကြားကွပ်ကဲပြီးတော့ ဒါဆိုဒါလုပ်လိုက်၊ ဟိုဟာဆို ဟိုဟာလုပ်လိုက် ဒီလိုလုပ်တဲ့အခါကျတော့ နည်းနည်းလွယ်သလိုပဲပေါ့လေ။ မင်းလုပ်ပြီးတော့ကွာ မင်းရှုံးရင် မင်းခံ၊ မင်းမြတ်ရင်မင်းရဆိုတဲ့ အဲဒီအခါကျတော့ မလုပ်တတ်တော့ဘဲနဲ့ရှုံးတာတွေပဲ ပေါ်လာနိုင်တယ်။ သို့သော်လည်းပဲ အများစုကတော့ ဒီလိုလူမျိုးတွေကို ဖယ်လိုက်လို့ရှိရင် အများစုဟာတော့ဖြင့် တကယ်လုပ်ချင်ကိုင်ချင်တဲ့စိတ်နဲ့ လုပ်ပြီးတော့ တိုးတက်အောင်မြင်တဲ့ ဟာတွေဖြစ်လာမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဖြစ်တဲ့အတွက် ဒီဥစ္စာဟာ လုပ်ကိုလုပ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နမူနာအနေနဲ့တင်ပြ ရလို့ရှိရင်အားလုံး ပြောသလိုပါပဲ တရုတ်နိုင်ငံမှာ ၁၉၇၈ ခုနှစ်မှစပြီးတော့ SOE တွေကို စပြီးတော့ Reform လုပ်တဲ့အခါမှာ ဒီ SOE ပေါင်း ၃ သိန်းကျော် ရှိတယ်လို့ပြောပါတယ်။ ကျွန်တော်တို့ဆီမှာ လိုက်ရေကြည့်ပါတယ်။ တချို့ ဝန်ကြီးဌာနတွေက စက်ရုံတစ်ခုချင်းကို ဘတ်ဂျက်မှာဖော်ပြတာပေါ့နော် ကျွန်တော်တို့ သတ္တုတွင်းဆိုလို့ရှိရင် အဲဒီလိုမပြဘူး။ ဘယ်လိုပဲပြောပြော စက်ရုံတစ်ခုချင်းဆီကို လိုက်ပြီးတော့ ရေတွက်လို့ရှိရင်တောင်မှပဲ ကျွန်တော်တို့ဆီမှာ ဒီလိုမျိုးနိုင်ငံတော်ရဲ့ ဘတ်ဂျက်နဲ့ ထုတ်လုပ်မှုကို လုပ်နေတဲ့ဥစ္စာဟာ ၂၅၀ ထက်မပိုပါဘူး။ သူတို့ဆီမှာ ၃ သိန်းဆိုတော့ လူဦးရေနဲ့အချိုးကျလို့ရှိရင် ကျွန်တော်တို့ရဲ့ သန်း ၆၀ နဲ့ သူတို့ရဲ့ ၁၃၀၀ နဲ့ တွက်မယ်ဆိုလို့ရှိရင် သူတို့ဟာ လူဦးရေ သန်း ၆၀ မှာ SOE ပေါင်း ၁၃၆၀၀ ရှိတယ်ဆိုတာတွေ့ရပါတယ်။

ဒါကိုတောက်လျှောက်လုပ်ခဲ့တယ်။ လုပ်ခဲ့တဲ့အခါမှာ သူတို့ဆီမှာလည်း ဒီ Try and Error ပေါ့ ဒီလိုမျိုးပြင် လိုက်ပြုလိုက်လုပ်တာပေါ့နော်။ နောက်ဆုံးသူတို့ရဲ့ မူဟာဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒီစက်ရုံ အကြီးတွေကို တော့ထိန်းထားမယ်။ အငယ်တွေကို prepesize ဆိုတာတွေလုပ်ခဲ့တယ်။ နောက်ဆုံးတစ်ခါ ၂၀၀၃ ခုနှစ်မှာဆိုလို့ရှိရင်တော့ ဒီဥစ္စာတွေကို ဝန်ကြီးဌာနတွေအောက်မှာ မထားတော့ဘဲနဲ့ ဒီသက်သက်ပေါ့ SASAC လို့ခေါ်တဲ့ (State-Owned Assets Supervision and Administration Commission) ဆိုပြီးတော့ တိုက်ရိုက်ထားမှုလုပ်ပါတယ်။ အဲတော့ဆိုတဲ့သဘောက တော့ ကျွန်တော်တို့ဟာ ဒီဥစ္စာဟာ တကယ့်ကိုလုပ်သင့်တာကြာပါပြီ။ ဒီလိုမျိုးခိုင်မာတဲ့မူကိုချပြီးတော့ Decentralize လုပ်မှသာလျှင် လူတွေရဲ့အားအင်တွေရမယ်။ Natural Resources တွေကို မဖြုန်းတီးရာကျမယ်။ အဲဒီတော့ ဒီလိုပြောင်းတဲ့အခါမှာ တရုတ်မှာ ဘာပြောလဲဆိုလို့ရှိရင် ဒီ SOE တွေကို ပျက်ပြီးတော့ရင် လမ်းပိတ်နေတဲ့ကားဟောင်းကြီးတွေလို့ပြောတယ်။ နောက်တစ်ခါလည်းပဲ တရုတ်မှာ သူတို့နိုင်ငံမှာ Reform လုပ်တဲ့အခါမှာ ဈေးကွက်စီးပွားရေးကို ပြောင်းတဲ့အခါမှာ ဒီ SOE ကိုပြောင်းရတာ အခက်ဆုံးပဲလို့ပြောတယ်။ တော်တော်လေးခက်ပါတယ်။ ဒါကတော့ မှန်ပါတယ်။ အိမ်ဟောင်းကြီးကို ပြင်ရတာနဲ့ အိမ်သစ်ဆောက်ရာတာနဲ့တော့ မတူဘူးပေါ့လေ။ ကျွန်တော်အနေနဲ့ နိဂုံးချုပ်တင်ပြရလို့ရှိရင် ကျွန်တော်တို့ တွံတေးမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာ ရဲ့ ဘတ်ဂျက်မူဝါဒပြောင်းလဲရေးအဆိုဟာ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အခက်အခဲတချို့ ရှိကောင်းရှိမှာဖြစ်သော်လည်းပဲ ဒီဥစ္စာဟာ နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မဖြစ်မနေ လုပ်ဆောင်ရမယ့်အရာဖြစ်တဲ့အတွက် ဒီအဆိုကိုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ထောက်ခံ ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိန်သာ၊ မင်းပြားမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိန်သာ(မင်းပြားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံးကို ကျွန်တော်ဦးစွာပထမ လေးစားဂါရဝပြုပါကြောင်း ပြောကြားလို ပါတယ်။ ကျန်းမာစေကြောင်း ဆုတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မင်းပြားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာ ဖြစ်ပါတယ်။ ကျွန်တော်က ၃၀-၉-၂၀၁၁ ရက်နေ့က တွံတေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာတင်သွင်းတဲ့အဆိုဖြစ်တဲ့ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်း များ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော

နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမည့်နည်းလမ်းများအား လွှတ်တော်သို့ တင်ပြရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြမယ့်အကြောင်းအရာတွေကို ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီသော စီးပွားရေးစနစ်မှာတော့ ဈေးကွက်စီးပွားရေးစနစ်ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများအပိုဒ် ၃၅ မှာလည်း ဒီအတိုင်းပြဋ္ဌာန်းထားပါတယ်။ သို့သော်လည်း ကျွန်တော်တို့နိုင်ငံမှာက ဈေးကွက်စီးပွားရေးစနစ် အားမကောင်းသေးတဲ့အတွက် အဲဒီအားမကောင်းသေးတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ပဲကိုက်ညီတဲ့ စီးပွားရေးမူဝါဒများ ချမှတ် ဆောင်ရွက်သွားသင့်တာဖြစ်ပါတယ်။ အဲဒီလိုချမှတ်မယ်ဆို ရင်ပုဂ္ဂလိကပိုင်းမှာ ဈေးကွက်စီးပွားရေးနဲ့ ကိုက်ညီတဲ့ စီးပွားရေးမူဝါဒများချမှတ်ရမှာဖြစ်သလို နိုင်ငံတော်အပိုင်းမှာလည်း ဈေးကွက်စီးပွားရေးနဲ့ ကိုက်ညီတဲ့မူဝါဒများ ချမှတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီနိုင်ငံတော်အပိုင်းမှာ ဈေးကွက်စီးပွားရေးနဲ့ကိုက်ညီတဲ့ မူဝါဒချမှတ်မယ်ဆိုရင် လက်ရှိအစိုးရဌာနအချို့က စီမံခန့်ခွဲလုပ်ကိုင် နေတဲ့ အရှုံးပြစီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကလက်သို့ရောင်းချခဲ့ပြီးနောက် ကျန်နေသေးတဲ့ လုပ်ငန်းများကိုလည်း ကော်ပိုရေးရှင်းများဖွဲ့စည်းပြီး သူ့ဘတ်ဂျက်နဲ့သူ အရှုံးအမြတ်ရရှိပေါ်လွင်စေ တဲ့စနစ်ဖြစ်ပြီး ဆုပေးဒဏ်ပေးစနစ်လည်း ပါရှိရမည်ဖြစ်ပါတယ်။ အဲလို အမျိုးအစားကော်ပိုရေးရှင်း ကုမ္ပဏီကြီးများကို ကျွန်တော်တို့ တရုတ်ပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စဥ်မှာ တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံမှာဆိုရင်လည်း ဦးပိုင်ကုမ္ပဏီကြီးဟာ ဖြစ်ထွန်းအောင်မြင်နေတာ တွေ့ရပါတယ်။ ဒါကြောင့် အစိုးရဌာနများမှ စီမံခန့်ခွဲလုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းများကို တဖြည်းဖြည်းချင်း နီးစပ်ရာပူးပေါင်းပြီး ကော်ပိုရေးရှင်းကြီးများ၊ ကုမ္ပဏီကြီးများ ဖွဲ့စည်းတည် ထောင်ပေးသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ့အပြင်လည်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းပိုင်းနဲ့ ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် ပုဂ္ဂလိကပိုင်းမှာ အရင်းအနှီး၊ နည်းပညာကျွမ်းကျင်မှုများအားနည်းနေ တာကြောင့် ပုဂ္ဂလိကပိုင်းသို့ နိုင်ငံတော်က အရင်းအနှီးထောက်ပံ့ပေးသည့်သဘောလည်းဖြစ်၊ နည်းပညာကျွမ်းကျင်မှုထောက်ပံ့မှုသဘောလည်းဖြစ်တဲ့ (အစိုးရနဲ့ပုဂ္ဂလိကဖက်စပ်ကော်ပိုရေးရှင်း များ) ဖွဲ့စည်းတည်ထောင်ပေးသင့်ပါတယ်။ မြန်မာနိုင်ငံတော်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ် မတိုင်မီကာလက ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ကာလမှာ ဖက်စပ်ကော်ပိုရေးရှင်းများ အောင်မြင်စွာ လုပ်ကိုင်နိုင်ခဲ့တာကို တွေ့ခဲ့ရပါတယ်။ သို့သော်လည်း ယခုဖွဲ့စည်းလုပ်ကိုင်ခွင့်ပြုမည့် အခါမှာတော့

ကုန်ထုတ်လုပ်ငန်းလုပ်တဲ့ ဖက်စပ်ကော်ပိုးရေးရှင်းများကို ဦးစားပေးဖွဲ့စည်းသင့်ပါတယ်လို့ ယူဆပါတယ်။ အထူးပြုကုမ္ပဏီများနဲ့ကုမ္ပဏီအုပ်စုပါတဲ့ စီးပွားရေးအဖွဲ့အစည်းကြီးများလည်းဖွဲ့စည်းဖို့လုပ်ကိုင်ဖို့လိုအပ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများကိုလည်း စွဲဆောင်ဖိတ်ခေါ်သင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံဟာ ရေမြေတောတောင်သယံဇာတမျိုးစုံ မြေပေါ်၊ မြေအောက်က ထုတ်ယူနိုင်တဲ့၊ ထုတ်ယူရရှိနိုင်တဲ့ အခွင့်အလမ်းကောင်းများရှိနေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ စီးပွားရေးစနစ်ကောင်းတစ်ခု၊ အုပ်ချုပ်ရေးစနစ်ကောင်းတစ်ခု မှန်ကန်မျှတတဲ့တရားရေးလမ်းကြောင်းပေါ်မှာ ဆောင်ရွက်ခွင့်ရမယ်ဆိုရင် နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ဆယ်စုနှစ်အနည်းငယ်အတွင်းမှာပင် အာဆီယံပတ်ဝန်းကျင် ထိပ်တန်းနိုင်ငံတွေကို လိုက်မီနိုင်မှာမလွဲပါဘူး။ ကျွန်တော်တို့မှာ ရေသယံဇာတက လျှပ်စစ်နဲ့ ငါးထုတ်လုပ်ရေး၊ ရေ၊ မြေသယံဇာတက ရွှေ၊ ငွေ၊ ခဲမဖြူ၊ ခဲ၊ အဖြိုက်နက်၊ ကျောက်စိမ်း၊ ပတ္တမြားမျိုးစုံနဲ့ တောတောင်ကထွက်တဲ့ ဝါး၊ ကျွန်းသစ်၊သစ်မျိုးစုံနဲ့ သံမဏိ၊ ဝူးဖရမ်၊ ပလက်တီနမ်စတဲ့အဖိုးတန်သတ္တုတွေ ပင်လယ်အောက်ကနှင့် ကုန်းတွင်းပိုင်းကထွက်တဲ့ဓာတ်ငွေ့နဲ့ ရေနံစသည်တို့ရှိတဲ့အပြင် ပထဝီသဘာဝအရ ရရှိတဲ့ စီးပွားရေးပို့ ဆောင်ရေးလမ်းကြောင်း၊ ရေနက်ဆိပ်ကမ်းများနဲ့ ယင်းကိုအကြောင်းပြုပြီးရရှိမည့် အခွင့်အခများ၊ ဖြတ်သန်းခများရရှိမည့် နိုင်ငံတစ်ခုဖြစ်ပါတယ်။ တက်ညီလက်ညီလုပ်ကိုင်လိုက်ရင် မကြာမီသောကာလမှာ ဖွံ့ဖြိုးတိုးတက်လာမှာအမှန်ပါ။ တစ်ခုသတိမှတ်ဖို့လိုတာကတော့ ကော်ပိုးရေးရှင်းကြီးများ၊ ကုမ္ပဏီကြီးများတွေကို သွင်းကုန်ပို့ကုန်ကဏ္ဍမှာ ရှိမနေစေဘဲ Productive ခေါ်တဲ့ထုတ်လုပ်မှုကဏ္ဍမှာ အလေးထားဆောင်ရွက်စေဖို့ ပံ့ပိုးကူညီပေးရန်လိုအပ်ပါတယ်။ ဒါကြောင့် ဒီလိုစီးပွားရေးအရင်းအမြစ်များကို အသုံးပြုပြီး ပြည်နယ်/တိုင်းဒေသကြီးမရွေး အကောင်အထည်ဖော်မယ်ဆိုရင် တစ်ဘက်မှာလည်း ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တဲ့ ပြည်နယ်ဒေသကြီးတွေမှာ အလုပ်အကိုင်အခွင့်အလမ်းလည်းရပြီး လူမှုရေး၊ စီးပွားရေး တိုးတက်လာမှာဖြစ်ကာ တောင့်တင်းခိုင်မာသော တစ်စုတစ်ဝေးတည်းသော ပြည်ထောင်စုဒီမိုကရေစီ မြန်မာနိုင်ငံတော်ကြီး မကြာမီပေါ်ပေါက်လာတော့မယ်လို့ ယုံကြည်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ တင်ပြဆွေးနွေးလိုတာကတော့ ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာရေးဆိုရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဘတ်ဂျက်ဟာ သီအိုရီအရပြောရရင် လိုငွေဘတ်ဂျက်ပဲ ဖြစ်သင့်ပါတယ်။ ပိုငွေဘတ်ဂျက် မဖြစ်သင့်ပါဘူး။ အားမျှဘတ်ဂျက်လည်း လိုအပ်မယ်မထင်ပါဘူး။ ဖွံ့ဖြိုးတိုးတက်ရေးကို လိုအပ်တဲ့ ဘတ်ဂျက်မူဝါဒမှာ လိုငွေပြဘတ်ဂျက်သာ အများအားဖြင့်ဖြစ်ပါတယ်။ အဲဒါကြောင့် အဲ့ဒါကို

ကြောင့်ကြစိုးရိမ်စရာ မလိုပါဘူး။ လိုငွေရှိမှန်းသိမှမလိုတဲ့ အသုံးစရိတ်တွေလျှော့ချထား လျှော့ချတာတို့ မလိုအပ်တဲ့ အဆောင်အယောင်အသုံးအစွဲများနဲ့ Productive မဖြစ်တဲ့ လုပ်ငန်းအသုံးအစွဲများကို ရှောင်ရှားပြီး ဘတ်ဂျက်ပြည့်မီရန် လုံလဝိရိယစိုက်ကြိုးစားမှုများ မိတ်ဆွေနိုင်ငံတို့ရဲ့ ထောက်ပံ့ကူညီမှုများ အခွန်အတုတ်များ အလေအလွင့်မရှိဘဲကောက်ခံမှုများ ကမ္ဘာဘဏ်မှချေးငွေ ရရှိနိုင်မှုများစတဲ့ နည်းလမ်းများရှိနေပါတယ်။ ဘတ်ဂျက်ကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါတယ်။ သို့ပါ၍ တွံတေးမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာတင်သွင်းတဲ့ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ ကုမ္ပဏီများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းလာစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာစေမည့်နည်းလမ်းများအား လွှတ်တော်သို့ တင်ပြရန်အဆိုကို ကျွန်တော် လေးနက်စွာ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာကြပါစေ။ ကျွန်မက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းလာစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီးဆိုတဲ့အပိုင်းနဲ့ ဒုတိယအပိုင်းက ဒီကိစ္စခုနက လေ့လာဆန်းစစ်တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်မှာ ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမယ့် နည်းလမ်းများဆိုပြီးတော့ နှစ်ပိုင်းခွဲပြီးတော့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆိုရှင်ဦးစိုးသာရဲ့အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ပထမပိုင်း အနေနဲ့ဆိုတော့ မြန်မာနိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်ရှိအခြေအနေနဲ့ ကိုက်ဖို့ဆိုတော့ ကျွန်မတို့ အခုတိုင်းပြည်က Macro Economic Policy ကိုသွားနေတဲ့ အတွက်ကြောင့်မို့လို့ ဒီ Macro Economic Policy အောင်မြင်အောင်လို့ ကျွန်မတို့ ပထမဦးဆုံး Financial Sector ကြီးကို ပြန်ပြီးတော့ Reform လုပ်ရမှာပါ။ အဲတော့ ဒီ Macro Economic Policy ကျွန်မတို့မြန်မာပြည်မှာတစ်ခါမှမကြုံခဲ့ဘူးတဲ့အတွက်ကြောင့် Financial Sector ကြီးကို Reform လုပ်မယ်ဆိုလို့ရှိရင် အချက်နှစ်ချက်လုပ်ရမှာပါ။ တစ်ချက်ကတော့ Economic Analysis လုပ်ရမှာပါ။ နောက်တစ်ခုကကျတော့ ဒီ Finance နဲ့ပတ်သက်ပြီးတော့ Financial Analysis နှစ်ခုလုပ်ရပါမယ်။ အဲဒီတော့ Economic Analysis လုပ်မယ်။ Financial Analysis ဆိုတာ ဟိုအရင်

လူကြီးမင်းများပြောသလိုပဲ အလွန်ခက်ခဲတဲ့အလုပ်တွေ ဖြစ်ပါတယ်။ အဆင့်တစ်ဆင့် တစ်ဆင့်ဆိုပြီး တော့ အဆင့်ပိုင်းခြားလုပ်ရမှာ ဖြစ်ပါတယ်။ အချိန်လည်းအတော်ယူရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ပြန်ကြည့်မယ်ဆိုရင် Economic Analysis လုပ်ဖို့အဆင့်တွေလုပ်ပြီးမှ ခုနတုန်းက ဘတ်ဂျက် လိုငွေပြတဲ့ကိစ္စတွေ၊ ပိုငွေပြတဲ့ကိစ္စတွေ ပြန်ပြီးတော့ရှင်းနိုင်မယ်လို့ ကျွန်မထင်ပါတယ်။ အဲဒီတော့ Government အနေနဲ့ တစ်နည်းအားဖြင့် Public Finance ကိုပြန်ပြီးတော့ ကြည့်မယ်ဆိုလို့ရှိရင် အစိုးရရဲ့ Policy၊ ဘာ Policy တွေရှိသလဲ ဒါပြန်ကြည့်ရမယ်။ Analysis လုပ်မယ်။ အဲဒီတော့ Policy ဟာဘာတွေရှိသလိုဆိုရင် Economic Policy ပြန်ကြည့်ရမယ်။ Fiscal Policy, Monetary Policy,Trade Policy,Investment Policy,Agricultural Policy,Industrial Policy,Energy Policy, Social Policy နောက်ပြီးတော့ Policy တွေအားလုံးကို Mix လုပ်တယ်။ လိုအပ်သလိုပေါင်းစပ် ညှိနှိုင်းမယ်။ လိုအပ်သလိုထုတ်ယူသုံးစွဲလို့ရတဲ့ Policy တွေပေါင်းတာတို့၊ ခွဲစိတ်တာတို့လုပ်ပြီးတော့ စစ်ဆေး မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီ Policy တွေလုပ်ဖို့ဆိုတော့ တစ်ခါကျွန်မတို့ tools ကလိုပါတယ်။ နည်းလမ်းလိုတာပေါ့။ အဲဒီနည်းလမ်းကတော့ တစ်ခါပြန်ကြည့်မယ်ဆိုလို့ရှိရင် ကျွန်မတို့ AFTA နဲ့ လည်းလာတော့မယ်ဆိုတော့ ကျွန်မတို့က ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို ပြန်ကြည့်မယ်ဆိုရင် ခုနကပြီးခဲ့တဲ့ လူကြီးမင်းသုံးယောက်ပြောခဲ့သလိုပဲ အဲဒီဗမာပြည်မှာက သွင်းကုန်အစားထိုးထုတ်လုပ် မယ်ဆိုပြီးတော့ ကုန်ပစ္စည်းတွေ ထုတ်လုပ်ခဲ့တယ်။ အမြတ်လည်းမရှိဘူး။ ဘာလိုအမြတ်မရှိဘူးလို့ ဆိုတော့တန်ဖိုးမရှိဘူး။ အနုတ်လက္ခဏာဆောင်တဲ့ ကုန်ပစ္စည်းတွေ ဗမာပြည်က ထုတ်လုပ်ခဲ့တဲ့ကြောင့် မို့လို့ အဲဒီတော့ Import Substitution နဲ့လုပ်တဲ့ Industrialization ကျွန်မတို့ မသွားတော့ပါဘူး။ အဲဒီလိုသွားတဲ့တိုင်းပြည်တွေကလည်း ဆင်းရဲမွဲတေပြီးကျန်ရစ်ခဲ့တာတွေကြုံမှာပါ။ အဲဒီတော့ ကျွန်မတို့ ဘယ်ကိုသွားမလဲဆိုရင် Export Oriented Industrialization ကိုသွားပါမယ်။ AFTA ကလည်း နီးလာပြီဆိုတော့ အဲဒီအတွက်ကို ကျွန်မတို့ လုပ်ဆောင်စရာရှိတာတွေ အများကြီးလုပ်ရမှာပါ။ အဲဒီအတွက် ကျွန်မတို့ ဘာတွေထပ်ပြီးလုပ်ရမလဲဆိုရင်တော့ Foreign Direct Investment နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလာပြီးတော့ ရင်းနှီးမြှုပ်နှံနိုင်အောင်လို့လည်း အစီအစဉ်တွေလုပ်ရမှာပါ။ နောက်တစ်ပိုင်းကကျတော့ ခုနက ကျွန်မပြောခဲ့တဲ့အတိုင်းပဲ ဘဏ္ဍာရေးအပိုင်း၊ ဘဏ္ဍာရေးအပိုင်း ပြန်ကြည့်မယ်ဆိုလို့ရှိရင် ကျွန်မတို့ဘတ်ဂျက်ရဲ့ Fiscal Policy ကိုပြန်ကြည့်မယ်။ Fiscal Policy ကိုပြန်ကြည့်တဲ့အခါကျလို့ရှိရင် ဗမာပြည်ရဲ့ဘတ်ဂျက်က deficit ဖြစ်ခဲ့တာကြာခဲ့ပါပြီ။ တစ်နည်းအား ဖြင့်ဆိုလို့ရှိရင် ခုနတုန်းက ဥက္ကဋ္ဌကြီး ဦးစိုးသာပြောခဲ့သလိုပဲ စီမံခန့်ခွဲရေးအဖွဲ့အစည်းတွေကို ဘတ်ဂျက်ထဲမှာ ထည့်ထားတဲ့အတွက်ကြောင့်မို့လို့ စီးပွားရေးအဖွဲ့အစည်းတွေကို ဘတ်ဂျက်ထဲက

ထုတ်လိုက်မယ် ဆိုလို့ရှိရင် ဘတ်ဂျက်ရဲ့လိုငွေတွေက အများကြီးသက်သာသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဘတ်ဂျက် လိုငွေကြောင့်မို့လို့ ကျွန်မတို့ စိုးရိမ်စရာမရှိပါဘူး။ ဥပမာ-US တိုင်းပြည်မှာ ဆိုဘတ်ဂျက်လိုငွေ ၁၃ နှစ် လောက်တောက်လျှောက်ပေါ်ခဲ့တာပါ။ ဘုရှ်လက်ထက်မှာလည်း ပေါ်တယ်။ Greespan, Federal Reseve Bank ကနေပြီးတော့ Monetay Policy ကိုကိုင်ပြီးတော့ Plan ဘတ်ဂျက်တွေလုပ်ခဲ့တယ်။ အဲဒါကြောင့်မို့လို့ သူတို့ရဲ့ဘတ်ဂျက်လိုငွေက **ပေ့ရ်**တွေ Loan တွေ လည်းပေးတယ်။ ပေးတဲ့ကြားထဲကလိုငွေဖြစ်တာကိစ္စမရှိဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီ Employment အလုပ်လက်မဲ့တွေကို ပပျောက်အောင်ဆိုပြီးတော့ စီမံကိန်းတွေလုပ်တယ်။ အဲဒီစီမံကိန်းတွေက ဆယ့်နှစ်နှစ်နေရင် ပြန်ပြီးတော့ အရင်းပေါ်မယ်ဆိုပြီးတော့ သူကတွက်ချက်ပြီးတော့ လုပ်ခဲ့တယ်။ အဲတော့ ဘတ်ဂျက်လိုငွေနဲ့ပတ်သက်လို့ ကျွန်မကတော့ စိတ်ဆင်းရဲစရာကောင်းတယ်လို့ မထင်ပါဘူး။ အဲဒီတော့ ဗမာပြည်ရဲ့ဘတ်ဂျက်နဲ့ပြန်ကြည့်မယ်ဆိုရင် မြန်မာပြည်မှာ ပါလီမန်လက်ထက်ကတည်းက ဘတ်ဂျက်ကလိုငွေပေါ်သလောက်တော့ ပေါ်ခဲ့တာပါပဲ။ ဒါပေမယ့် ပြီးခဲ့တဲ့မဆလအစိုးရလက်ထက်မှာ ကျတော့ စီမံကိန်းစီးပွားရေးစနစ်ကျင့်သုံးတဲ့အခါကျတော့ ရသုံးမှန်းခြေငွေစာရင်းနဲ့ ပတ်သက်ပြီးတော့ ပြည်သူသို့ အစီရင်ခံစာဆိုပြီးတော့ Transparence ဖြစ်တဲ့အစီရင်ခံစာကို နှစ်တိုင်းတွေ့ရပါတယ်။ ခုနောက်ပိုင်းအထူးသဖြင့် ၁၉၉၅ နောက်ပိုင်းမှာ ပြည်သူသို့အစီရင်ခံစာမတွေ့ရပါဘူး။ အဲဒီတော့ ဝင်ငွေက ဘယ်လောက်လဲ။ ဘတ်ဂျက်က ဘယ်လောက်ခိုင်မာမှုရှိသလဲ ကျွန်မတို့ မသိပါဘူး။ အသုံးစရိတ်ကလည်း ဘယ်လောက်ရှိ သလဲမသိရပါဘူး။ ကျောထောက်နောက်ခံရွှေမသိရပါဘူး။ နောက်ပြီးတော့ Result Fund ဘယ်လောက်ရှိသလဲ။ အရေးရယ်၊ အကြောင်းရယ်ထုတ်သုံးဖို့ Result Fund ဘယ်လောက်ရှိ သလဲဆိုတာ Transparence ဖြစ်အောင် ကျွန်မတို့ အခုမမြင်နိုင်ခဲ့ရပါဘူး။ အဲဒီတော့ ဘတ်ဂျက်သုံးတဲ့အခါမှာ ခုနတုန်းကဝင်ငွေနဲ့အသုံးစရိတ်မှာ ဝင်ငွေအနေနဲ့ကကျွန်မတို့ အစိုးရက Tax တစ်ခုတည်းကဝင်ငွေရှိတာ အဓိကဖြစ်ပါတယ်။ အခြားဝင်ငွေကတော့မပြောပလောက် ပါဘူး။ အဲတော့ Tax System နဲ့ပတ်သက်လို့လည်း ဒီ Tax ကလူတွေပေးချင်အောင်လို့ အလွန်ကြီးမားတဲ့ကုမ္ပဏီ၊ နာမည်ကြီးတဲ့ ကုမ္ပဏီကျတော့ Tax မကောက်ဘူး။ ဒီမြို့နယ်မှာရှိတဲ့ အသေးအမွှားစီးပွားရေး လုပ်ငန်းလေးတွေကျတော့ Tax ကောက်တယ်။ အဲဒီတော့ Tax ကောက်တာ လစ်ဟင်းမှုမရှိအောင်လို့ Tax ကောက်ဖို့လည်း အရေးကြီးပါတယ်။ အဲဒီတော့ Tax ကနေမှ မြန်မာပြည်က အသုံးစရိတ်ကို ကျွန်မတို့နိုင်ငံမှာ အသုံးစရိတ်ကိုသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ဘတ်ဂျက်ကိုသုံးတဲ့အခါမှာ Plan ချပြီးတော့သုံးသလား။ စနစ်တကျသုံးသလား။ အချိုးကျကျသုံး သလားဆိုတာ ပြန်ပြီးတော့ Analyze လုပ်ရမှာပါ။ နောက်တစ်ခုက ခုနက ဦးမောင်တိုးပြောခဲ့သလိုပဲ

Efficient မဖြစ်တဲ့ Capability မဖြစ်တဲ့ Accountable မဖြစ်တဲ့ Staff တွေရဲ့ ဘတ်ဂျက် ခေါင်းစဉ်တွေကို ပြန်ကြည့်မယ်ဆိုရင် တစ်နည်းအားဖြင့်ဝန်ထမ်းဦးရေရဲ့အရေအတွက်က Total Budget ရဲ့ 25 Percent ထက်မကျော်ရ ပါဘူး။ အဲကြည့်လိုက်တဲ့အခါမှာ Budget က 36 Percent လောက်လခကိုတိုးခဲ့တယ်။ အဲဒီတော့ ရာခိုင်နှုန်းဘယ်လောက်လဲ ပြန်ကြည့်မယ်ဆိုရင် ဖောင်းပွနေတာတွေ့ရမှာပါ။ အဲဒီတော့ ပေါင်းသင့်တဲ့ ဌာနတွေကိုပေါင်း၊ ဖြုတ်တန်တဲ့ဝန်ထမ်းတွေကိုဖြုတ် အဲလိုလုပ်မှဘတ်ဂျက်က Deposite ကလျော့နည်းမှာ အဲဒါလည်း အကြောင်းတစ်ခု ဖြစ်ပါတယ်။ အဲဒီတော့ ဘတ်ဂျက်ဖောင်းပွမှု အဓိကက အဲဒီလစာဖောင်းပွမှုကြောင့်ဖြစ်တာ။ လစာဘာကြောင့်ဖောင်းပွလဲ ဝန်ထမ်းတွေဖောင်းပွတယ်။ ဝန်ထမ်းကဘာ့ကြောင့်ဖောင်းပွလဲ မဆလလက်ထက်ကခန့်ခဲ့တဲ့ ဖွဲ့စည်းပုံအရခန့်ထားတဲ့ဝန်ထမ်းများသည် ၇၅ ခုနှစ်မှာ ၇၀ ရာခိုင်နှုန်းလောက် ဖောင်းပွနေပါတယ်။ အဲဒါကြောင့် ဘတ်ဂျက်လိုငွေ တောက်လျှောက်ပေါ်လာတဲ့အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ အဲဒီတော့ ဘတ်ဂျက်လိုငွေပြတယ်ဆိုတော့ ကျွန်မတို့ဘယ်လိုကုစားမလဲ ကုစားတဲ့နည်းလမ်းတွေတော့ရှိပါတယ်။ အဲဒီတော့ ကျွန်မတို့ မကြိုက်ဆုံးနည်းလမ်းကတော့ **Devalue** လုပ်တာပေါ့။ ကိုယ့်တိုင်းပြည်က ငွေကိုယ်တန်ဖိုးချတာပေါ့။ အဲဒါတော့မလုပ်နိုင်ပါဘူး။ ဒါပေမယ့် အခုလောလောဆယ် ကျွန်မတို့ လုပ်နေတဲ့ နည်းလမ်းနှစ်မျိုးရှိပါတယ်။ အဲဒါကျတော့ ပြည်ပပို့ကုန် Export တွေကို Tax တွေ လျှော့လိုက်တယ်။ Import တွေကိုလည်း Tax တွေလျှော့တယ်။ With Holding Tax တွေ ဖြုတ်လိုက်တယ်။ အဲဒီတော့ ပြည်ပပို့ကုန်ကိုလည်း ကျွန်မတို့ အခုဦးစားပေးတယ်။ Tax တွေလျှော့လိုက်တယ်။ နောက်ပြီးတော့ အခု သွင်းကုန်တွေကိုလည်း Tax တွေလျှော့တယ်။ နောက်ပြီးတော့ ဦးစားပေးပစ္စည်းအမျိုးအစားပေါ်တည်ပြီးတော့ သွင်းကုန်တွေကို ဦးစားပေးပြီးတော့ အကုန်သွင်းလာတာတွေ့ရပါတယ်။ တစ်နည်းအားဖြင့် ကုန်သွယ်ရေးမူဝါဒပြောင်းလဲလုပ်လာတာ တွေ့ရတယ်။ နောက်တတိယအချက်ကကျတော့ သူများတိုင်းပြည်ကနေ Loan တို့၊ Grant တို့ ဘယ်ကရနိုင်မလဲ လျှောက်ပြီးတော့ ကြည့်ရမှာပေါ့။ ရနိုင်ချေ ရှိ၊ မရှိ Loan တွေ၊ Grant တွေ ပေးနိုင်ခြေ ရှိ၊ မရှိ ကျွန်မတို့တိုင်းပြည်ရဲ့ ဒီ **Stability** ဖြစ်မဖြစ်ပေါ်မှာ တည်ပါတယ်။ အဲဒီတော့ အခြားနည်းနဲ့ပြောရမယ်ဆိုလို့ရှိရင်လည်း အဓိကပို့ကုန်တိုးမြှင့်တာ၊ သွင်းကုန်တွေကို အားပေးတာ၊ တစ်ခြားတိုင်းပြည်က Loan တွေ၊ Grant တွေကို ရရှိဖို့စောင့်စားမယ်။ နောက်တစ်ခုက ငွေကြေးတန်ဖိုးချမယ်။ ဒီလေးနည်းအပြင် နောက်တစ်ခု ခေါင်းကိုက်၊ ဗိုက်နာဖြေရှင်းတဲ့နည်းကတော့ Assets တွေကို Privatization လုပ်တယ်ဆိုပြီးတော့ လူတွေကိုရောင်းချတာ၊ အဲဒီတော့ လူတွေကဝယ်နိုင်တဲ့လူရဲ့ အရေအတွက်က မြန်မာပြည်မှာ လက်တစ်ဆုပ်စာလောက်ရှိတယ်။ ရေရှည်မှာအဲဒါက တိုင်းပြည်စီးပွားရေးအတွက် အကျိုးမဖြစ်နိုင်

ပါဘူး။ Return of **Assets** ဖြစ်အောင် ဘယ်လိုလုပ်မလဲ။ **Assets** တွေကို တန်ဖိုးသတ်မှတ်ပြီးတော့ Stock တွေ Share တွေ ပုံစံပြန်ပြောင်း၊ ပြန်ပြောင်းပြီးတော့ Financial Market ကို အဲဒီ Financial Market ပုံစံနဲ့ပြန်ပြောင်းပြီးတော့ Stock and Share Market ဈေးကွက်ကြီး တစ်ခါပြန်လုပ်မယ် ဆိုရင်တော့ အဲဒီဟာ တော်တော်လေး Fair ဖြစ်မှာပါ။ ဘာလို့လည်းဆိုတော့ ခုနက ဦးအေးမောက်ပြော ခဲ့တဲ့အတိုင်းပဲ ဒီကုန်ထုတ်လုပ်ငန်းတွေမှာ အမြတ်ကမရှိဘူး။ အမြတ်မရှိဘဲနဲ့ အလုပ်လုပ်နေတဲ့အခါ ကြတော့ သူတို့ရဲ့ Cost ကဘာလဲ။ ဘာဖြစ်လို့ ဒီလိုအမြတ်မရှိဘဲ ဆက်လုပ်နေလည်းဆိုတာ သူတို့က ကုန်ပစ္စည်းရောင်းတဲ့ ကုန်းပစ္စည်းတွေကို ဝယ်တဲ့လူက ဥပမာ B.P.I ကဆေး ဝယ်တဲ့သူက ကြိုက်ပြီ ဆိုရင် ဆက်မထုတ်တော့ဘူး။ လူတွေကသဘောကျလို့ Customer က Behaviour ကဘယ်လိုလဲ ဆိုတာမကြည့်ဘဲနဲ့ ကုန်ပစ္စည်းထုတ်ချင်သလောက်ထုတ်နေတယ်။ ထုတ်တဲ့အခါကြတော့ ရောင်းဖို့ကြ တော့ ပစ္စည်းကမရှိဘူး။ နောက်တစ်ခါ Quality မကောင်းဘူး။ Price ကလည်းမြင့်တဲ့ပစ္စည်းတွေကြ တော့ ရောင်းလို့မရဘူး။ အဲဒီတော့ ဘာဖြစ်လဲ Stock ထဲမှာ လက်ကျန်တွေကပိုနေတယ်။ အဲတော့ အဲလို ပြဿနာတွေလည်း ရှင်းသွားအောင်လို့ ခုနက Assets တွေကို ပြန်ပြီးတော့ ဒီ Privatization လုပ်တာ အဲဒီနည်းကတော့ မှားနေပါတယ်။ နောက်တစ်ခုကကျတော့ ကျွန်မတို့ Printing Money လုပ်တဲ့အခါမှာ ငွေကြေးရရှိတဲ့အခါမှာ Seigntorage လို့ခေါ်တဲ့ Benefit တွေရတာရှိတယ်။ ဥပမာ ဟိုးရှေးရှေးတုန်းက ကျွန်မတို့ကြားဖူးတာ ၁၀ ပြားစေ့တွေနဲ့ ဘတ်ထရီအိုးလုပ်တာက ပိုသက်သာ တယ်။ ၁၀ ပြားစေ့ဆိုတာ ဘတ်ထရီအိုးကပိုတန်ဖိုးရှိတာ။ အဲတော့ အဲလို့ Seigntorage ရတဲ့ပိုက်ဆံ လည်း ရနိုင်ပါတယ်။ နောက်တစ်နည်းကကျတော့ ခုနက ခေါင်းကိုက်ဗိုက်နာနည်းကတော့ Fiscal Policy အတွက် ထားထားတဲ့ ကျောထောက်နောက်ခံငွေတွေကို သုံးစွဲခြင်းဖြစ်ပါတယ်။ အဲတော့ လိုငွေ ကုစားဖို့အတွက် သီအိုရီအရ နည်းလမ်းလေးခု ရှိတယ်။ ခေါင်းကိုက်ဗိုက်နာနည်းတွေလည်း ရှိပါတယ်။ အဲဒီတော့ တိုင်းပြည်ရဲ့လိုငွေပြခြင်းကြောင့် ကျွန်မ စိတ်မဆင်းရဘူးဆိုတာ ခုနကပြောတဲ့အတိုင်း စီးပွားရေးတိုးတက်တဲ့တိုင်းပြည်ကိုပြန်ကြည့်မယ်ဆိုရင် အဲဒီတိုင်းပြည်ကလည်း လိုငွေတောက်လျှောက် ပြခဲ့တာကြောင့်မို့ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ စိတ်မဆင်းရဲကြပါနဲ့လို့ပြောရင်း ဦးစိုးသာ ရဲ့အဆိုကို ထောက်ခံပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအား နာရီဝက်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြား ထားသည့်ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃ အရ အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် အဆိုတစ်ခုတင်သွင်းလိုကြောင်း ၁၄-၁၀-၂၀၁၁ ရက်စွဲဖြင့် ကိုယ်စားလှယ်တစ်ဦးက စာဖြင့်ရေးသားတင်ပြထားပါတယ်။ ထပ်မံပြီးအကြောင်းအရာ သဘောထားချင်းတူညီတဲ့ အဆိုတစ်ခုကို အခြားကိုယ်စားလှယ်တစ်ဦးကဒီနေ့ရက်စွဲဖြင့် ခေတ္တ အနားယူချိန်မှာ တင်ပြချက်မိမိထံရောက်ရှိခဲ့ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၃ အရ အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် အဆိုတစ်ခုတင်သွင်းလိုတဲ့ ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်အား အဆိုတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ယူကြိုဆိုပါကြောင်းအဆိုအား ပြည်သူ့လွှတ်တော်မှ မှတ်တမ်းတင်ပေးပါရန် အဆိုကိုတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှ ပြည်သူတို့၏အသံကို နားထောင်၍ တိကျသောအချက်အလက်များကိုရယူပြီး ပြည်သူတို့၏ဆန္ဒကို ဖော်ထုတ်၍ ပြည်သူတို့၏မျှော်လင့်ချက်ကို စဉ်ဆက်မပြတ် ဖော်ဆောင်လျက်ရှိရာ လွတ်ငြိမ်းချမ်းသာ ခွင့်ရရှိရေးအတွက် ဤလွှတ်တော်မှ ကိုယ်စားလှယ်များက အဆိုတင်သွင်းခြင်း ထောက်ခံမှုများ ပြုလုပ်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတကြီးထံ သဝဏ်လွှာပေးပို့၍ ဆောင်ရွက်ခဲ့ကြပါ တယ်။ နိုင်ငံတော်သမ္မတကြီးသည် ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် ရက်စွဲဖြင့် အမိန့်အမှတ်(၄၉/၂၀၁၁) လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပေးခဲ့ပြီး အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား ၆၃၅၉ ဦးတို့အား ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များ အပေါ် ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ခရစ်သက္ကရာဇ် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် နေ့မှစ၍ ကျခံနေရသော ပြစ်ဒဏ် အသီးသီးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးခဲ့ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်ရ အကျဉ်းသားများနှင့်

၎င်းတို့၏မိသားစုများသည် နိုင်ငံတော်သမ္မတကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အတူ အစိုးရသစ်၏ မေတ္တာ၊ စေတနာများအပေါ် အထူးကျေးဇူးတင်ရှိပြီး ပြည်သူများကလည်း မုဒိတာပွားများ၍ ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်မှ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သောအမိန့်အမှတ် (၄၉/၂၀၁၁) လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ တို့အား ပြည်သူ့လွှတ်တော်မှ လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ယူကြိုဆိုပါကြောင်းအဆိုအား ဤလွှတ်တော်မှ မှတ်တမ်းတင်ပေးရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး တင်သွင်းသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်မှ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သောအမိန့်အမှတ် (၄၉/၂၀၁၁)လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ တို့အား ပြည်သူ့လွှတ်တော်မှ လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ယူကြိုဆိုပါကြောင်းအဆိုအား ဤလွှတ်တော်မှ မှတ်တမ်းတင်ပေးရန်အဆိုကို ကျွန်တော့်အနေဖြင့် လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အလားတူ ဒီအဆိုကို၊ ဒီအဆိုပါအဓိပ္ပာယ်မျိုးကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့စွဲဖြင့် ဦးသိန်းညွန့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်ကလည်း ဒီလို ကျွန်တော့်ထံ တင်ပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်ရဲ့ တင်ပြချက်နဲ့ပတ်သက်ပြီးတော့ ဦးသိန်းညွန့်ရဲ့ သဘောထားကိုလည်း သိလိုပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခုနက အမရပူရကိုယ်စားလှယ် တင်သွင်းသွားတဲ့ နိုင်ငံတော်သမ္မတရုံးရဲ့အမိန့်အမှတ်(၄၉/၂၀၁၁)နဲ့ပတ်သက်တဲ့ တင်ပြတဲ့အဆိုဟာ ကျွန်တော်အခုတင်ပြတဲ့အဆိုနဲ့ အနှစ်သာရအတူတူပါပဲ။ ဒုတိယအပိုဒ်မှာ တစ်ခုပဲ ကျွန်တော်ကတော့ ဒီအဆိုကို ဖော်ပြတဲ့နေရာမှာ နိုင်ငံတော်သမ္မတရုံးရဲ့အမိန့်တင်မကပါဘူး။ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့

အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီ၊ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုစတဲ့ပုဂ္ဂိုလ်များပါဝင်တဲ့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကို ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ကျွန်တော့်အဆိုထဲမှာ ဖော်ပြထားပါတယ်။ ဒါက ဘာကြောင့်လဲဆိုရင် အခြေခံဥပဒေကို လေ့လာတဲ့လူတိုင်း လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာ နိုင်ငံတော်သမ္မတအတွက်ကို အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ ထောက်ခံချက်ရမှသာလျှင် ထုတ်ပြန်နိုင်တဲ့အတွက် ကျွန်တော်တို့ ဒီအမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကို ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ကျွန်တော့်အဆိုမှာ ဖော်ပြထားပါတယ်။ နောက်တစ်ချက်က ဒီအဆိုကို ကျွန်တော်တင်သွင်းရတဲ့အပိုင်းကတော့ တကယ်အကျဉ်းသားတွေလွတ်မြောက်တဲ့အခါမှာ ကျွန်တော်ကိုယ်တိုင် အင်းစိန်အကျဉ်းထောင်ထဲမှာ လွတ်မြောက်လာတဲ့အကျဉ်းသားတွေနဲ့လည်းတွေ့ခဲ့ပါတယ်။ ပြန်လည် လွတ်မြောက်လာသူတွေနဲ့လည်း တွေ့ခဲ့ပါတယ်။ အားလုံးပြည်သူတွေဟာ ပျော်ရွှင်ဝမ်းမြောက်နေကြပါတယ်။ အားလုံးစိတ်ချမ်းသာနေကြပါတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ လွှတ်တော်နိုင်ငံရေးကို ပြည်သူ့ရဲ့ယုံကြည်မှု၊ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အပေါ်မှာမူတည်ပြီးတော့ လွှတ်တော်နိုင်ငံရေးအပေါ်မှာ ပြည်သူရဲ့စိတ်ဝင်စားမှုဟာ ဘယ်တုန်းကမှ မကြုံဘူးအောင် အဆင့်မြင့်တဲ့တုန့်ပြန်မှုမျိုးကိုလည်း ကျွန်တော် ကိုယ်တွေ့တွေ့ခဲ့ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ဒီလွတ်ငြိမ်းချမ်းသာခွင့်များကို ခြောက်လကျော်အတွင်းမှာ နှစ်ကြိမ်ထုတ်ပြန်ခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတကြီးကိုကော၊ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကိုကော ဒီအဆိုကိုပြုခဲ့တဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုကော သမိုင်းကမှတ်တမ်းတင်လိမ့်မယ်ဆိုတာ ကျွန်တော် လေးလေးနက်နက် ယုံကြည်တဲ့အတွက် မှတ်တမ်းတင်ဂုဏ်ပြုကြောင်းအဆိုကို ကျွန်တော် တင်ပါတယ်။ ကျွန်တော့်အဆိုမှာကျန်နေတဲ့ ဒုတိယအချက်ကတော့ အမျိုးသားအင်အားစုများ တည်ဆောက်နေတဲ့အချိန်မှာ ဒီနေ့အထဲမှာ ကျန်နေတဲ့လူတွေထဲမှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်ရေး ကော်မရှင်ကလည်းဖော်ပြထားတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင်ပြောထားတဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ ထောင်တွင်းမှာ ကျန်ရစ်နေခဲ့ပါတယ်။ ဒါကြောင့် ၆၃၅၉ ဦး လွတ်တာကို ဝမ်းမြောက်ဂုဏ်ယူသလို ထောင်တွင်းမှာကျန်ရှိနေတဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ အပါအဝင် ကျန်ရှိနေတဲ့ အကျဉ်းသားများကိုလည်း ကျွန်တော်တို့က ဆက်လက်လွှတ်ပေးဖို့ ဤအဆိုထဲမှာ ကျွန်တော်တို့လွှတ်တော်က နိုင်ငံတော်သမ္မတကို မေတ္တာရပ်ခံပါတယ်လို့ ကျွန်တော် ဖော်ပြထားပါတယ်။ ဒါဘာကြောင့် ဖော်ပြရသလဲဆိုရင် အင်မတန်မှ ဒီမိုကရေစီအသွင်ကူးပြောင်းမှုရလာတဲ့အခါမှာ အခုပြန်ထွက်လာတဲ့သူတွေ လေ့လာကြည့်တဲ့အခါမှာ ၁၀ ယောက်၊ ၉ ယောက်ဟာ နိုင်ငံ

တည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးလမ်းကြောင်းကို ရောက်လာတော့မှာပါ။ နောက်တစ်ခါ ကျန်ခဲ့တဲ့သူတွေကလည်း သူတို့မိသားစုတွေက ပြောတဲ့အသံတွေကို မီဒီယာတွေမှာ နားထောင်ကြည့်တဲ့ အခါကျတော့ ဒီပူးပေါင်းဆောင်ရွက်ရေးလမ်းကိုသွားမယ်လို့ ပြောလာကြပါတယ်။ မနက်ကပဲ BBC က လွှင့်တဲ့အထဲမှာ ကျောင်းသားခေါင်းဆောင် မင်းဇေယျာရဲ့ဇနီး၊ မင်းဇေယျာ လားရှိုးထောင်က ပြောကြားချက်ကိုလည်း ကျွန်တော်တို့ ကြားလိုက်ရပါတယ်။ နောက်တစ်ခုကတော့ လူသားထောင့်ကပါ ကျွန်တော်တို့နိုင်ငံက အားလုံးသိကြတဲ့ ဂီတဘုရင်မကြီး၊ ဒေါ်မာမာအေးသီချင်း ထဲကလို ကွေကွင်းသူများရဲ့ ဝေဒနာဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ အကျဉ်းခံမိသားစုတွေမှာ အမိကခံစားနေရတဲ့ လွတ်မြောက်လာတဲ့အခါမှာ သူတို့ပျော်ရွှင်မှုလည်း ကျွန်တော်တွေ့ခဲ့ရတယ်။ ကျန်ခဲ့သူများအတွက်လည်း ကွေကွင်းသူများရဲ့ ဝေဒနာကို တကယ်သူတို့ခံစားနေရပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော် ကိုးကားဖော်ပြချင်တာကတော့ ဒီနောက်ဆုံးထုတ် Voice မဂ္ဂဇင်းမှာ ဖော်ပြထားတဲ့ ၁၀၆ နှစ် အကျဉ်းကျခဲ့တဲ့ ရှမ်းတိုင်းရင်းသား ခေါင်းဆောင်ဗိုလ်ချုပ်စေထင် သူ့ကို ပြန်လွှတ်တာနဲ့ပတ်သက်ပြီး သူ့သမီးအကြီးဖြစ်တဲ့ ဒေါ်နန်းခမ်းဖောင်းနဲ့တွေ့တဲ့အခါမှာ သူ့သမီးရဲ့ ဆန္ဒကတော့ အကျဉ်းသားအားလုံးကို အဖေ့လိုပဲ လွတ်မြောက်စေချင်တယ်ဆိုတာ အင်မတန်မှ ကွေကွင်းသူများရဲ့စာနာမှုပါ။ အဲဒါကြောင့် ကျွန်တော်ကတော့ ခုန အမရပူရကိုယ်စားလှယ်နဲ့ အနှစ်သာရတူပါတယ်။ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီ ကို ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ဂုဏ်ပြုကြောင်းနဲ့ ကျန်ရှိနေတဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများ အပါအဝင်ကျန်ရှိနေသော အကျဉ်းသားများကိုလည်း အကျဉ်းထောင်မှ လွှတ်ပေးရေးကို အလေးထားစဉ်းစားပေးပါရန် နိုင်ငံတော်သမ္မတအား ပြည်သူ့လွှတ်တော်မှ မေတ္တာရပ်ခံပါတယ်ဆိုတဲ့အဆိုကို ကျွန်တော်တို့နိုင်ငံရဲ့ အကျိုးစီးပွား၊ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ ပြန်လည်ပေါင်းစည်းမှု၊ ချစ်ကြည်မှု၊ ငြိမ်းချမ်းမှုဖြစ်တဲ့အတွက်ကြောင့် ဒီအရေးတကြီး အဆိုကို ပြည်သူ့လွှတ်တော် နည်းဥပဒေပုဒ်မ ၁၃၃ အရ လွှတ်တော်ဥက္ကဋ္ဌကြီးထံ ကျွန်တော်ပေးပို့ အဆိုပြု ရခြင်းဖြစ်ပါတယ်။ အဲဒီတော့ သမိုင်းက ကျွန်တော်တို့ကို ကျေးဇူးတင်ပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ လွှတ်တော်နိုင်ငံရေးကို အငြင်းမပွားနိုင်အောင်အတွက် ဒီအဆိုများကို လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လေးလေးနက်နက်ခံစားမှုများနဲ့ စဉ်းစားအဆုံးအဖြတ်ပေးပါရန် ကျွန်တော် လေးစားစွာ ပန်ကြားအပ်ပါ တယ်။ ဒါပါပဲခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးတင်မောင်** ။ ဦးသိန်းညွန့်တင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ နောက်ကြောင်းပြန် လွှတ်တော်ကို တင်ပြစရာရှိပါတယ်။ ရက်စွဲမမှတ်မိတဲ့ရက်မှာ ဦးသိန်းညွန့်က အဆိုအားဖြင့်တော့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေသူများဆိုတဲ့စကားလုံးသုံးပြီးတော့ အဆိုတင်သွင်းပါတယ်။ ဒီမှာ လွှတ်တော်ကိုယ်စားလှယ်များ ဒီအဆိုကိုကြားနာပြီးတော့ ထောက်ခံမှု၊ နောက်တစ်ခါဆွေးနွေးမှုများ ပြုတာလည်း ရှိပါတယ်။ အဲဒီနေ့က ချုပ်လိုက်တဲ့အခါကျတော့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများဆိုတဲ့ အစား လွှတ်တော်အနေနဲ့ အကျဉ်းကျခံကြသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုဖို့ဆိုတဲ့ဟာ အတည်ဖြစ်ပါတယ်။ အဲဒီနေ့ ကျွန်တော်တို့ ဒီကအဆိုတင်သွင်းတယ်၊ ဆွေးနွေးတယ်၊ ဆုံးဖြတ်တဲ့အချိန်မှာပဲ စစ်ကိုင်းတိုင်း မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဒီအဆိုကိုတင်ပြတဲ့ဟာကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်က အဆိုတင်သွင်းဖို့ အကြောင်းကြားလာပါတယ်။ သို့ရာတွင် ခုနက အဲဒီနေ့မှာ ဦးသိန်းညွန့်ရဲ့ အဆိုကစတင်တင်သွင်းတဲ့အတွက် နောက်တင်လာတဲ့အဆိုကို ကျွန်တော်တို့ လွှတ်တော်မှာ ဆွေးနွေးစရာမလိုတော့ဘဲနဲ့ ထားလိုက်ပါတယ်။ အခု နိုင်ငံတော်သမ္မတကြီးက လွတ်ငြိမ်းချမ်းသာခွင့်ပြုတဲ့နေရာမှာ ခုနက ဦးသိန်းညွန့်တင်ပြသလိုပဲ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သလို အဲဒီနေ့က ကျွန်တော်တို့ လွှတ်တော်ကတင်သွင်းတဲ့ အဆိုပြုချက်အပေါ်မူတည်ပြီးတော့ လွတ်ငြိမ်းချမ်းသာခွင့်များပေးခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်သိရသလောက်ဆိုရင် ကျွန်တော်တို့အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကော၊ နိုင်ငံတော်သမ္မတကြီးမှာကော ခုနကဦးသိန်းညွန့်တင်ပြတဲ့အဆိုအတိုင်းပဲ အကျဉ်းကျခံနေတဲ့ အကျဉ်းကျခံသူများအား အချိန်ကာလနဲ့ အခြေအနေပေါ်မူတည်ပြီးတော့ ဖြစ်နိုင်သမျှ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ အစီအစဉ်ရှိပါတယ်။ ရှိတဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့အဆိုမှာ သီးခြားဖော်ပြဆောင်ရွက်မယ်ဆိုလို့ရှိရင် နိုင်ငံတော်သမ္မတကြီးရဲ့စေတနာ၊ အစိုးရရဲ့စေတနာ၊ နောက်ကျွန်တော်တို့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီရဲ့ စေတနာတွေကို ကျော်လွန်ပြီးတော့ ဆောင်ရွက်တဲ့သဘောမျိုးဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ဖက်ကလည်း ဒီအစီအစဉ်ရှိနေတယ်ဆိုတာသိခြင်းအားဖြင့် ခုနက အစတင်ပြခဲ့တဲ့ ဦးသိန်းထွန်းဦးရဲ့ အဆိုမှာလိုနေတဲ့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီကောပြီးတဲ့အခါ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုလည်း အများက အတည်ပြုပေးတဲ့အဆိုကိုကော ဒါကိုကျွန်တော်တို့ လွှတ်တော်က မှတ်တမ်းတင်သွားဖို့ ရှိပါတယ်။ ကျန်တဲ့ခုနကပြောမယ်ဆိုရင်တော့ သမ္မတကြီးကို ကျန်ရှိနေသော အကျဉ်းသားများ အကျဉ်းထောင်မှ လွတ်ပေးရေးကို အလေးထားစဉ်းစားပေးပါရန် နိုင်ငံတော်သမ္မတအား ပြည်သူ့လွှတ်တော်မှ မေတ္တာရပ်ခံပါသည်ကတော့ ဒီအချိန်မှာတင်သွင်းရန်မသင့်သေးကြောင်း လွှတ်တော်ကိုတင်ပြပါတယ်။

ဒါဆိုလို့ရှိရင်လည်း လွှတ်တော်က ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က မိမိတို့ရဲ့ဆောင်ရွက်ချက်၊ ပြည်သူများရဲ့ စေတနာသဘောထားများကို လွှတ်တော်ကတင်ပြခဲ့တာ ရှိသလိုတစ်ဖက်က နိုင်ငံတော်သမ္မတကြီးအနေနဲ့လည်း စာနာထောက်ထားပြီးတော့ စဉ်းစားဝေဖန် ပိုင်းခြားနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ ပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ အပါအဝင် အမျိုးသား ကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီကလည်း အရာရာကို စဉ်းစားချင့်ချိန်ပြီးတော့ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့သဘောထား၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားကို နားလည်ပြီးဖြစ်တဲ့ အတွက် ဒီအဆိုမှာတော့ နောက်ဆုံးကတစ်ခုချန်ပြီးတော့ ကျန်တာကို ဆက်လက်ဆောင်ရွက်မှာဖြစ် ကြောင်း လွှတ်တော်ကို တင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်က ၁၄-၁၀-၂၀၁၁ ရက်နေ့က တင်သွင်းတဲ့အဆို၊ ဒီနေ့ ၁၇-၁၀-၂၀၁၁ ရက်နေ့မှာ ထပ်မံပြီးတော့ ဦးသိန်းညွန့်ကလည်း ဒီအဆိုနဲ့ ထပ်တူထပ်မျှ တင်ပြတဲ့အဆိုကို ကျွန်တော်တို့လွှတ်တော်က ဖြည့်စွက်ပြီးတော့ ဦးသိန်းထွန်းဦး တင်တဲ့ အဆိုမှာ ကျန်နေတဲ့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်တဲ့ အဆိုကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း အဆိုကိုလွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတကြီးဦးသိန်းစိန်မှ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် ရက်စွဲပါ အမိန့်အမှတ်(၄၉/၂၀၁၁)ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပေးခဲ့ခြင်းနှင့် နိုင်ငံတော် သမ္မတဦးဆောင်သော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဆောင်ရွက်မှုအား ပြည်သူ့လွှတ်တော်မှ လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းအဆိုအား ဤလွှတ်တော်မှ မှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်မှအဆိုအား ဆက်လက် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အသီးသီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်ရောကိုယ်ပါ ကျန်းမာရွှင်လန်းကြပါစေလို့ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့မှာ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာ တင်သွင်းခဲ့တဲ့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာနိုင်မည့်နည်းလမ်းများအား လွှတ်တော်သို့ တင်ပြရန်ဆိုသောအဆိုကို ဆွေးနွေးထောက်ခံသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ ဆွေးနွေးချက်ကို စာဖြင့်ဖတ်ကြားတင်ပြခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ခေတ်စနစ်တွေ အမျိုးမျိုးပြောင်းလဲခဲ့တာကို ကျွန်တော်တို့အားလုံး တွေ့ကြုံခံစားသိရှိခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီခေတ်စနစ်တွေကို ဦးဆောင်ဦးရွက်ပြုခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးများဟာလည်း မိမိတို့နိုင်ငံ တိုးတက်ကောင်းစားရေးကို အဓိကဦးတည်ထားဆောင်ရွက်ခဲ့တယ်ဆိုတာ ဘယ်လိုမှ ယုံမှားသံသယဖြစ်စရာမရှိပါဘူး။ သို့သော်လည်း ယနေ့ မျက်မှောက် ခေတ်ကာလမှာတော့ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်သင့်သလောက် ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသေးတာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၈၉ ခုနှစ်ကစတင်ပြီး ဈေးကွက်စီးပွားရေးမူဝါဒကို စတင်ချမှတ်ကျင့်သုံးခဲ့ပါတယ်။ ဒါပေမယ့် တကယ့်ကိုပီပြင်တဲ့ ဈေးကွက်မူဝါဒပေါ်ထွန်းလာခြင်းမရှိခဲ့ဘဲ လိုက်လျောညီထွေ ကျင့်သုံးခဲ့တဲ့ တစ်ဝက်တစ်ပျက် ဈေးကွက်မူဝါဒပဲ ဖြစ်ခဲ့ပါတယ်။ ဒါဟာလည်း စနစ်တစ်ခုမှတစ်ခုကို ကူးပြောင်းရာမှာဖြတ်ကျော်မှု အဆင့်တစ်ခုပဲလို့ သတ်မှတ်ရင်လည်းရပါတယ်။ ဒါပေမယ့် တကယ့်လက်တွေ့ဘဝမှာတော့ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခွင့်ရတဲ့ ဈေးကွက်စီးပွားရေးမူဝါဒတစ်ရပ်ဖြစ်ဖို့ ခရီးတော်တော်ဆက်ရဦးမှာဖြစ်ပါတယ်။ လေးစားအပ်ပါ သောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ဆွေးနွေးတင်ပြချက်ထဲမှာ ကျင့်သုံးနေတဲ့ ဘတ်ဂျက်အမျိုးအစား နှစ်ရပ်ကို စိစစ်ပိုင်းခြားတင်ပြသွားခဲ့ပါတယ်။ စနစ်နှစ်ရပ်စလုံးရဲ့အားသာချက်၊ အားနည်းချက်များကိုလည်း တင်ပြသွားခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကမ္ဘာကြီးပြားနေတဲ့ ခေတ်၊ ကမ္ဘာ့ ရွာလို့တင်စားခေါ်ဝေါ်နေတဲ့ခေတ်ကာလမှာ ကျွန်တော်တို့ဟာလည်း ကမ္ဘာနဲ့အဝန်းမဟုတ်တောင်မှ အာဆီယံမိသားစုဝင်ထဲမှာ နောက်မကျစတမ်း၊ အောက်မကျစတမ်း အမီလိုက်နိုင်ဖို့ ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြချက်ထဲမှာလည်း အခြားဖွံ့ဖြိုးတိုးတက်နေတဲ့၊ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများမှာ ကျင့်သုံးနေတဲ့နည်းစနစ်များကို ဆွေးနွေးဖော်ပြသွားပြီး ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ လက်တွေ့ ဥပမာတစ်ခုကို တင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ၁၁ ရာစုနှစ်လောက်ကတည်းက ရေနံနှင့်

သဘာဝ ဓာတ်ငွေ့ကြွယ်ဝမှုကို မှတ်တမ်းများအရသိရှိခဲ့ပြီး ရှာဖွေတူးဖော်ထုတ်လုပ်သုံးစွဲခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ပထမဆုံးရေနံချက်စက်ရုံကို ချောက်ရေနံမြေမှာ ၁၉၅၄ ခုနှစ်ကတည်းက တည်ဆောက်လည်ပတ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ရေနံစိမ်းကိုသာ အဓိကထား ထုတ်လုပ်ခဲ့တာဖြစ်လို့ ရေနံစိမ်းနဲ့အတူပါလာတဲ့ သဘာဝဓာတ်ငွေ့တွေကို လေထဲကိုထုတ်ပြီး မီးရှို့ခဲ့ရတာကိုလည်း အချို့သော လွှတ်တော်ကိုယ်စားလှယ်ကြီးများ သတိရမိမှာဖြစ်ပါတယ်။ ဒါပေမယ့် ၁၉၇၀ ခုနှစ်လောက်မှာတော့ သဘာဝဓာတ်ငွေ့တွေကို စီးပွားအဖြစ်အသုံးချဖို့ နည်းပညာတွေ တိုးတက်ဖွံ့ဖြိုးလာတာမို့ ပထမဆုံးသောသဘာဝဓာတ်ငွေ့သုံး ယူရီးယား ဓာတ်မြေဩဇာစက်ရုံကို စလေမြို့မှာ ၁၉၇၃ ခုနှစ်က တည်ဆောက်ပြီး ဓာတ်မြေဩဇာများ ထုတ်လုပ်ခဲ့ပါတယ်။ အဲဒီ ၁၉၇၀ ခုပတ်ဝန်းကျင်မှာမှ ကျွန်တော်တို့ရဲ့ အရှေ့ဘက် အိမ်နီးချင်းနိုင်ငံဟာ ရေနံနှင့် သဘာဝဓာတ်ငွေလုပ်ငန်း စတင်ဆောင်ရွက်ဖို့ အဖွဲ့အစည်းတစ်ရပ်ထူထောင်ပြီး အစပျိုးခဲ့ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲသလိုကျွန်တော်တို့ရဲ့ နောက်နှစ်ပေါင်း ၂၀ ခန့်ကြာမှ ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ အရှေ့အိမ်နီးချင်းနိုင်ငံက ရေနံနှင့် သဘာဝဓာတ်ငွေ့အဖွဲ့အစည်းဟာဆိုရင် အဆိုရှင် ဦးစိုးသာ တင်ပြခဲ့တဲ့ ဒုတိယဘတ်ဂျက်စနစ်ကို ကျင့်သုံးပြီး ပထမဦးစွာ အစိုးရက ၁၀၀ ရာခိုင်နှုန်းဘတ်ဂျက်နဲ့ စတင်'မ'တည်ထူထောင်ရာက နောက်ထပ်အဖွဲ့အစည်းငယ်များ ခွဲခြား ထူထောင်ခြင်း၊ အကျိုးအမြတ်ပိုမိုရရှိမည့်လုပ်ငန်းများကို ကိုယ်ပိုင်စိတ်တိုင်းကျ နားလည်တတ်ကျွမ်းသောပညာရှင်များနှင့် တိုင်ပင်ဆောင်ရွက်ခြင်း စသည့်စသည့်ဖြင့် နောက်ဆုံးအခုအချိန်မှာတော့ အာဆီယံနိုင်ငံအသိုင်းအဝိုင်းသာမက ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ ဈေးကွက်မှာပါ Public ကုမ္ပဏီကြီးတစ်ရပ်အဖြစ် Public Share များ တစ်နည်းအားဖြင့်စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ချင်တဲ့ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ရှယ်ယာဖြင့် အဆင့်အတန်းမြင့်မြင့် ရပ်တည်နိုင်နေပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့နိုင်ငံတော်တစ်ခု တည်ဆောက်ရာမှာ 3E လို့ခေါ်တဲ့ Economics Development , Energy Supply Security နဲ့ Invironmental တို့ဟာ အရေးတကြီးဟန်ချက် ညီညီရှိဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ စွမ်းအင်ကဏ္ဍအထူးသဖြင့် Oil and Gas Sector ရဲ့ Exploration Production of Oil and Gas Sector ကိုခေတ်မီဖွံ့ဖြိုးတိုးရေးကို ဦးစားပေးပြီး ဆောင်ရွက်သင့်ပါကြောင်း တစ်ပါတည်း အကြံပြုတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးဟာ သဘာဝသယံဇာတကြွယ်ဝတယ်။ ရာသီဥတုသာယာမျှတတယ်။ ချစ်ခင်ဖော်ရွေတဲ့ တိုင်းရင်းသားများနဲ့ ပေါင်းစည်းထားတယ်။ ကိုယ်ချင်းစာတရားမေတ္တာတရားကို ရှေ့ထားလေ့ရှိတဲ့ဘာသာတရားများကို

သက်ဝင်ယုံကြည်သူများနဲ့ တည်ဆောက်ထားတာဖြစ်ပြီး အခုအခါမှာတော့ အများပြည်သူဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ စုဝေးတိုင်ပင်ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ရာမှာအတိတ်ကာလက အတွေ့အကြုံတွေကို ပိုင်းခြားစိတ်ဖြာကာ တိုးတက်ရာတိုးတက်ကြောင်းကို ရဲရဲဝံ့ဝံ့ဆောင်ရွက်သွားကြမယ်ဆိုရင် မကြာခင်ကာလအတွင်းမှာ အာဆီယံအဆင့်ကို ရောက်ရှိနိုင်မှာ မလွဲမသွေယုံကြည်မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဦးစိုးသာကလည်း ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖန်တီးရာမှာ မချွတ်မချော်အတိမ်းအစောင်းမရှိစေဘဲ အောင်မြင်စေဖို့အတွက် အဆင့်များခွဲခြားဆောင်ရွက်သင့်ကြောင်း အကြံပြုသွားပါတယ်။ မှန်ပါတယ်ခင်ဗျား။ အစိုးရတစ်ရပ်ဟာ လောင်းကစားပွဲတစ်ခုရဲ့ ဒိုင်သဖွယ်သာ ဖြစ်သင့်ပါတယ်။ ထိုးသားဝင်လုပ်ဖို့ မသင့်တော်ပါဘူး။ ထိုးသားလုပ်လို့ ရှုံးရင်အစိုးရသာမက တစ်ပြည်လုံးနစ်နာတတ်ပါတယ်။ ဒီလိုပါပဲ ကျွန်တော်တို့ရဲ့ လက်ရှိအခြေအနေတွေကို တစ်စထက်တစ်စတိုးတက်အောင် ဆောင်ရွက်ရာမှာ သတိကြီးစွာထားဖို့ လိုအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာစီးပွားရေးသတင်းများအရ လာမယ့် ၂၀၁၂ ခုနှစ်မှာ နိုင်ငံတကာငွေကြေး အကြပ်အတည်း တွေ့ကြုံရနိုင်တယ်လို့ ကြိုတင်ခန့်မှန်းထားတာကို တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့ ဘတ်ဂျက်စနစ်ကောင်း ပြောင်းလဲကျင့်သုံးတဲ့နေရာမှာ-

(က) စနစ်ကိုအထောက်အကူပြုမယ့် ထိရောက်သွက်လက်သောဘဏ်စနစ်များ၊

(ခ) ပိုမိုခေတ်မီထိရောက်သည့် ဆက်သွယ်ရေးစနစ်များ၊

(ဂ) ပါဝင်ပတ်သက်မယ့်အဖွဲ့အစည်းများ Stake-holder များရဲ့ စနစ်တကျဖွဲ့စည်းတည်ဆောက်မှုများ၊

(ဃ) ကျွမ်းကျင်ဝန်ထမ်းများနှင့် စီမံခန့်ခွဲသူများကို လေ့ကျင့်စုဆောင်းနိုင်မှုအခြေအနေများ၊

(င) နိုင်ငံတကာနှင့်အထူးသဖြင့်ပတ်ဝန်းကျင်နိုင်ငံများရဲ့ မြန်မာဈေးကွက် တုန့်ပြန်နိုင်မှုအခြေအနေများနှင့်

(စ) စတင်ကျင့်သုံးသင့်သည့်လုပ်ငန်းအမျိုးအစား

စသည့်တို့ကို HARMONY ကျကျလေ့လာ စိစစ်သင့်ပါကြောင်းအကြံပြုရင် တွံတေးမဲဆန္ဒနယ်က အဆိုရှင် ဦးစိုးသာရဲ့ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွက်စေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ပေါ်ထွန်းလာအမည့်

နည်းလမ်းများအား လွှတ်တော်သို့ တင်ပြရန်အဆိုကို ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်လဲ့လဲ့ဝင်းဆွေ၊ တာမွေမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ် ပါတယ်ရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့နေရာမှာ ဖတ်ကြား တင်ပြခွင့်ပြုပါရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်အနေဖြင့် ဈေးကွက် စီးပွားရေးစနစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာရေးအတွက် နိုင်ငံနှင့်ပြည်သူတို့၏ အနာဂါတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာရေးကို အရှိန်မြင့်ဆောင်ရွက်သွားရန် ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ၊ အခွန်အကောက်ဆိုင်ရာမူဝါဒများကို လိုအပ်သလို ပြင်ဆင်ချမှတ်ပြီး ကျင့်သုံးဆောင်ရွက်သွားရန် လိုအပ်လှပါတယ်။ မှန်ကန်သော ဘဏ္ဍာရေးမူဝါဒများ ချမှတ်ကျင့်သုံးနိုင်ရန် အတွက်နိုင်ငံတော် ဘတ်ဂျက်စနစ်ကို ပြန်လည်သုံးသပ်ရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်တွင် အဓိကရရှိသည့် ဝင်ငွေအရင်းအမြစ်မှာ အခွန်အကောက်ရငွေများ၊ နိုင်ငံတော်စီးပွားရေးအဖွဲ့ အစည်းများမှရငွေများနှင့် နိုင်ငံခြားအစိုးရနှင့် နိုင်ငံခြားအဖွဲ့အစည်းများမှ ထောက်ပံ့ငွေများ ပါဝင်ပါတယ်။ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများရဲ့ အခြေအနေကို လေ့လာကြည့်ပါကလည်း နှစ်ပေါင်းများစွာ နှစ်စဉ်လိုငွေ ပြလျက်ရှိနေတာကို တွေ့ရပါတယ်။ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်း များရဲ့ လိုငွေပြမှုသည် နိုင်ငံတော်ရဲ့ ဘတ်ဂျက်လိုအပ်ချက်ကို ဝန်ထုပ်ဝန်ပိုး ပိုမိုဖြစ်ပေါ်စေပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများအား လုပ်ပိုင်ခွင့်ပိုမိုပေးရေးနှင့် ကန့်သတ်ချက်များ ပိုမိုလျှော့ချရေး၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ခွင့်ပြုရေး၊ လုပ်ငန်းစွမ်းရည်များ ကျဆင်းပြီး အရှုံးပေါ်နေသော နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်၍ အမြတ်ရရှိ

အောင်ဆောင်ရွက်နိုင်သော နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအား တွန်းအားပေးဆောင်ရွက်ရေး တို့ကို ထည့်သွင်းဆွေးနွေးထားတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများအား ၎င်းတို့ရဲ့ဝင်ငွေ အပေါ်မှာ ရပ်တည်ဆောင်ရွက်စေခြင်းဖြင့် ၎င်းတို့ရဲ့အသုံးစရိတ်ကို နိုင်ငံတော်ရဲ့ဘတ်ဂျက်မှကျခံရန် လိုအပ်တော့မည် မဟုတ်ပါဘူး။ စီးပွားရေးအဖွဲ့အစည်းများရဲ့ ဘဏ္ဍာငွေလိုအပ်ချက်ကို နိုင်ငံတော်အစိုးရမှ တာဝန်မယူရဘူးဆိုရင် နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးအဖွဲ့အစည်းများရဲ့ လိုအပ်ငွေကိုသာ အဓိကထားပြီး ဖြည့်ဆည်းပေးရန်လိုအပ်တော့မှာပဲ ဖြစ်ပါတယ်။ ရန်ပုံငွေလိုအပ်မှု ဝန်ထုပ်ဝန်ပိုးကိုလည်း ပိုမိုလျော့နည်းသွားစေမှာ ဖြစ်ပါတယ်ရှင့်။ အဆိုမှာ ဖော်ပြထားတဲ့ ဒုတိယ စနစ်အရ ဆောင်ရွက်မယ်ဆိုပါက စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်ရဲ့ဘတ်ဂျက် ကန့်သတ်မှုဘောင်မှ လွတ်မြောက်သွားပြီး ပြည်သူ့အကျိုး ဖြစ်ထွန်းစေမယ့်လုပ်ငန်းများ အဲဒီ လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံခြင်း၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ငန်းများတိုးချဲ့ လုပ်ကိုင်နိုင်ခြင်းများကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ထို့အပြင် စီးပွားရေးအဖွဲ့အစည်းများ အနေဖြင့်လည်း မြတ်စွန်းအောင် တာဝန်ယူဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းတွင် ထိရောက်မှုများစွာ ဖြစ်ပေါ်လာနိုင်မှာဖြစ်ပါတယ်ရှင့်။ အကျိုးအမြတ်များရရှိလာတာနှင့်အမျှ လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ခြင်းအားဖြင့် ဝင်ငွေတိုးတက်ရရှိလာမှာဖြစ်ပြီး နိုင်ငံတော်အနေဖြင့် လည်း အဆိုပါစီးပွားရေးအဖွဲ့အစည်းများမှ ဥပဒေသတ်မှတ်ချက်အတိုင်း ဝင်ငွေပိုမိုရရှိလာနိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှား၊ အိန္ဒိယ၊တရုတ်နိုင်ငံ အစရှိတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှာ နိုင်ငံအများအပြားကို လေ့လာကြည့်မယ်ဆိုရင်လည်း အဆိုပါပုံစံများနှင့် လုပ်ငန်းများဆောင်ရွက်နေတာတွေ့ရှိရပါတယ်။ နိုင်ငံတော်ဘတ်ဂျက်တွင် ပါဝင်ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကို ကော်ပိုးရေးရှင်းစနစ်ဖြင့်ပြောင်းလဲပြီး လုပ်ကိုင်စေခြင်း၊ နိုင်ငံတော်မှ ရာနှုန်းပြည့်ပိုင်ကုမ္ပဏီများဖြင့် ပြောင်းလဲလုပ်ကိုင်စေခြင်း အများပိုင်ကုမ္ပဏီများဖြင့် ပြောင်းလဲ၍ Stock Exchange များဖြင့် ဆောင်ရွက်ခြင်းအဆင့်ဆင့် ပြောင်းလဲဆောင်ရွက်မှုတို့ကိုလည်း တွေ့ရမှာဖြစ်ပါတယ်ရှင့်။ နိုင်ငံတော်နဲ့ လက်ရှိဘတ်ဂျက်စနစ်ကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် ဘတ်ဂျက်လိုငွေပြနေမှုမှာ နှစ်ပေါင်း ၃၀ ကျော်ရှိပြီဖြစ်တာကိုလေ့လာတွေ့ရှိရပါတယ်။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ စုစုပေါင်း ဘတ်ဂျက်တွင် နှစ်ပေါင်း ၃၀ ကျော် နှစ်စဉ်လိုငွေပြလျက်ရှိနေပါတယ်။ အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် ပျမ်းမျှ ၂၀ ရာခိုင်နှုန်းအထက်ရှိနေသည်ကို တွေ့ရှိရပြီး

အိမ်နီချင်းနိုင်ငံများတွင် ၁၀ ရာခိုင်နှုန်းအောက်နှင့် အများစုမှာ ၅ ရာခိုင်နှုန်းခန့်သာ ဖြစ်ပေါ်နေကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ရာ လက်ရှိဘတ်ဂျက်စနစ်ကို ပြောင်းလဲကျင့်သုံးရန် လိုအပ်နေပြီဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်ရှင်။

လေးစားရပါသောဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်အနေဖြင့်အဆိုရှင် ဖော်ပြထားသကဲ့သို့ ပြောင်းလဲဆောင်ရွက်တဲ့နေရာတွင် နိုင်ငံတော်ရဲ့ ဘတ်ဂျက်စနစ်သာမက စီးပွားရေးဌာနများကို ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်ခွင့်ပေးရမည့်ကိစ္စရပ်များ၊ စီးပွားရေးအဖွဲ့အစည်းများမှ မြတ်စွန်းအောင်တာဝန်ယူရမည့်ကိစ္စရပ်များ၊ အစိုးရမှ မူဘောင်ဖြင့် ပြန်လည်ထိန်းကျောင်းရမည့်ကိစ္စရပ်များဆောင်ရွက်ရန်ကိုလည်း ထည့်သွင်းစဥ်းစားဖို့ လိုအပ်လှပါတယ်ရှင်။ အဆိုပါကိစ္စရပ်များသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် အဓိကပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာနိုင်တာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ချွတ်ချော်မှုများမဖြစ်ပေါ်စေရန် စနစ်ပြောင်းလဲရာမှာလည်း ချောမွေ့အောင်မြင်စွာ ပြောင်းလဲသွားနိုင်ရေးအတွက် လေ့လာဆောင်ရွက်ပြီး စီးပွားရေးဌာနအားလုံးကို တစ်ပြိုင်နက်တည်း ပြောင်းလဲခြင်း မပြုဘဲ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်များသတ်မှတ်၍ အဆင့်ဆင့်ချောမွေ့စွာ ပြောင်းလဲဆောင်ရွက်သွားခြင်းသည် သင့်လျော်တဲ့အစီအမံတစ်ခု ဖြစ်ပါတယ်။ ထိုနည်းတူပါပဲရှင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ ဘတ်ဂျက်များအတွက်လည်း ပြည်ထောင်စုဘတ်ဂျက်မှာ ဆောင်ရွက်သကဲ့သို့ စီစဥ်ဆောင်ရွက်သင့်ပါတယ်။ အဆိုမှာဖော်ပြထားမှုများဟာလည်း ချက်ချင်းဆောင်ရွက်ရန် မဟုတ်ဘဲ လွှတ်တော်ကော်မတီတစ်ရပ်လေ့လာစေပြီး ပြည်သူ့လွှတ်တော်တွင်တင်ပြရမယ့် အစီအစဥ်ဖြစ်တဲ့အတွက်ကြောင့် တိုင်းပြည်ရဲ့အကျိုးစီးပွားကို ထိခိုက်စေနိုင်မှာ မဟုတ်ပါဘူး။ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမှုကိုသာ ဖြစ်ပေါ်စေတော့မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုပိုမိုမြန်ဆန်စွာဖြစ်ထွန်းလာနိုင်ဖို့အတွက် ပြောင်းလဲနေသောခေတ်စနစ်နှင့်အညီ ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ပေါ်လာနိုင်သည့် နည်းလမ်းများအား လွှတ်တော်သို့ တင်ပြရေးအဆိုကို အတည်ပြုပေးနိုင်ရန်အတွက် ကျွန်မအနေနဲ့ ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ ဒီနေ့ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဖိတ်ကြားထားသော ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်ဝကြပါစေလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဂွမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာမှ တွံတွေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့အဆိုကိုဖတ်ရှုတင်ပြခွင့်ပြုပါရန်ပန်ကြားအပ်ပါတယ်။ လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ဘတ်ဂျက်ရေးဆွဲတဲ့ပုံစံနှစ်မျိုးကိုတင်ပြသွား ပါတယ်။ ပထမအမျိုးအစားကတော့ နိုင်ငံတော်အစိုးရအဖွဲ့အစည်းအားလုံးရဲ့ ဘတ်ဂျက်ကို နိုင်ငံတော်က လုံးလုံး တာဝန်ယူတဲ့ စနစ်မျိုးဖြစ်ပါတယ်။ ၁၉၈၉-၁၉၉၀ ခုနှစ်လောက်ကစပြီး နိုင်ငံတော်မှာ လုပ်ကိုင်နေတဲ့ စီးပွားရေးအဖွဲ့အစည်းတွေဟာ မိမိတို့ရဲ့ရရှိတဲ့ငွေတွေကိုလည်း State Own Fund ကိုသွင်းတယ်။ သုံးစရာ ရှိတာတွေကိုလည်း State Own Fund ကပြန်လည်ပြီးတော့ ထုတ်ယူတဲ့စနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ဒီလိုကျင့်သုံးတဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ဟာ ဒီစနစ်ကို ဘာကြောင့် အသုံးပြုသလဲဆိုရင် တစ်ပါတီဆိုရှယ်လစ်စနစ်ကနေ ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲမယ့် အသွင်ကူးပြောင်းရေးကာလမှာ နိုင်ငံတော်ကခွင့်ပြုတဲ့ စီးပွားရေးအဖွဲ့အစည်းတွေက လည်း စီးပွားရေးဆန်ဆန် ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်သေးမှာ မဟုတ်တဲ့ဟာကလည်းတစ်ကြောင်း၊ စနစ် တစ်ခုမှတစ်ခုသို့ကူးပြောင်းရာမှာ အပြောင်းအလဲကဏ္ဍမှာ ပြည့်ပြည့်စုံစုံမဖြစ်သေးတာကတစ်ကြောင်းဖြစ်တဲ့အတွက်ကြောင့် ဝိုင်းကြီးချုပ်သဘောမျိုးထိုစဉ်က တာဝန်ယူခဲ့တဲ့ အစိုးရအနေနဲ့လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနောက်ပိုင်းမှာ တာဝန်ယူခဲ့တဲ့ အစိုးရအနေနဲ့ချွင်းချက်အဖြစ် ဥပဒေပြုပြီးတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးအဖွဲ့၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့ကို စမ်းသပ်တဲ့အနေနဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေဆောင်ရွက်၍ ရရှိတဲ့ငွေကိုလည်း မိမိရဲ့ဘတ်ဂျက်အပေါ်မှာ မိမိရပ်တည်ဆိုတဲ့စနစ်နဲ့ ကျင့်သုံးစေတဲ့အခါ အကျိုးအမြတ်အများကြီးရှိလာတာကို တွေ့ရပါတယ်။ ဒီအချက်ကို ထောက်ရှုခြင်းအားဖြင့် အဆိုရှင်တင်ပြထားတဲ့ ဒုတိယဘတ်ဂျက်ရေးဆွဲတဲ့စနစ်ဖြစ်တဲ့ အစိုးရရဲ့ဘတ်ဂျက်မှာ သတ်မှတ်ထားတဲ့ နိုင်ငံတော်အဖွဲ့အစည်းပိုင်း၏ ဘတ်ဂျက်ကိုသာ ကျခံစေပြီး အချို့သောဌာနအဖွဲ့အစည်းများရဲ့ အသုံးစရိတ်ကို နိုင်ငံတော်က ကျခံခြင်းမပြုဘဲ ၎င်းတို့ဝင်ငွေပေါ်တွင်ပင် ရပ်တည်နိုင်ဖို့ဆိုတဲ့အဆင့်ကို ကူးပြောင်းဖို့အဆင်သင့်ရှိပြီဆိုတဲ့ သဘောမျိုးပဲ တွေ့ရပါတယ်ခင်ဗျား။ အဲဒီတော့ အဆိုရှင်တင်ပြသွားတဲ့

ကိန်းဂဏန်းတွေအရ ပြန်ကြည့်မယ်ဆိုရင် ၂၀၀၅-၂၀၀၆ မှ ၂၀၁၀-၂၀၁၁ ခုနှစ်၊ ၆ နှစ်ကာလအတွင်းမှာ နိုင်ငံတော်ရဲ့ လိုငွေစုစုပေါင်း ဘီလီယံကျပ် ၆၇၈၀ အနက်မှာ စီးပွားရေးအဖွဲ့အစည်းများရဲ့ ဒီ ၆ နှစ် စုစုပေါင်းလိုငွေဟာ ၂၅၄၀ ဘီလီယံဖြစ်တဲ့အတွက် ၃၇.၄၀ ရာခိုင်နှုန်း ရှိတာတွေ့ရပါတယ်။ အထူးသဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်ကဆိုရင် တစ်နိုင်ငံလုံးရဲ့ ဘတ်ဂျက်ဝင်ငွေ ဘီလီယံ ၆၈၀ မှာ အစိုးရအဖွဲ့အစည်းများရဲ့လိုငွေဟာ ဘီလီယံ ၅၀၀ ဖြစ်တဲ့အတွက်ကြောင့် ၇၃.၅၃ ရာခိုင်နှုန်း အထိတောင် ရှိတာတွေ့ရပါတယ်။ ဒါဟာဘာကို ဖော်ပြနေသလဲဆိုတော့ စီးပွားရေးလုပ်တဲ့ နိုင်ငံပိုင်အဖွဲ့အစည်းတွေဟာ လိုငွေကို သူတို့ပိုငွေနဲ့ ပြန်ပြီးတော့ ဖြည့်ဆည်းပေးရမယ့်အစား သူတို့ ကိုယ်တိုင်ပင်လျှင် လိုငွေတွေ တစ်နှစ်ထက်တစ်နှစ် တိုးလာအောင် ဆောင်ရွက်လာတဲ့အတွက်ကြောင့် စီးပွားရေးဆန်ဆန်မလုပ်နိုင်ခဲ့တယ်ဆိုတဲ့သဘောကို တွေ့ရပါတယ်။ ဒီအခြေအနေအရဆိုရင် တင်ပြထားသလို ကျွန်တော်တို့ဟာ ဘတ်ဂျက်စနစ်လည်း ပြောင်းရမယ်။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတွေကိုလည်း လုပ်ပုံလုပ်နည်းတွေကို အခွင့်အရေးပေးတာမျိုးပေးရမယ်။ တစ်ချို့နိုင်ငံတွေမှာဆိုရင် Financailly Independence ဆိုပြီးတော့ စီးပွားရေးလုပ်တဲ့ အဖွဲ့အစည်းတွေကို ဘဏ္ဍာရေးဆိုင်ရာထိန်းချုပ်မှုလုံးဝ လွှတ်ပေးပြီးတော့ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခဲ့တာတွေ့ရသလို အောင်မြင်ခဲ့တာတွေ တွေ့ရပါတယ်။ ဒီလို ဆောင်ရွက်လို့မှ အောင်မြင်မှုမရှိလို့ ရှိရင်လည်း ထိထိရောက်ရောက် အရေးယူခဲ့တာတွေကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာအခုအချိန်မှာ ဘတ်ဂျက် Reform ဘက်ကို သွားရမယ့်အခြေအနေ ရောက်ပြီဆိုတဲ့အတွက်ကြောင့် အိမ်နီးချင်း ထိုင်းနိုင်ငံရဲ့ ဘတ်ဂျက် Reform လုပ်တဲ့စနစ်လေးကို အလျဉ်းသင့်လို့ တင်ပြပါရစေ။ ထိုင်းနိုင်ငံဟာ သက္ကရာဇ် ၂၀၀၃ ခုနှစ် ဘဏ္ဍာနှစ်က စပြီး ဘတ်ဂျက် Reformစနစ်ကို ပြောင်းလဲသွားတယ်လို့ သိရပါတယ်။ ဒီလို ပြောင်းလဲသွား ဖို့အတွက် ထိုင်းနိုင်ငံက Bureau of Budget ဆိုတဲ့ အဖွဲ့အစည်းဟာ သက္ကရာဇ် ၂၀၀၁ ခုနှစ်ကစပြီး အချိန် ၃ နှစ်ယူပြီး Budget စနစ်ပြောင်းဖို့ကို စနစ်တကျလေ့လာခဲ့တယ်လို့ တွေ့ရပါတယ်။ ဒီ Budget Reform, Bureau of Budget (BOB)ကော်မတီဟာ ထိုင်းနိုင်ငံမှာရှိတဲ့ အစိုးရဌာနပေါင်း ၁၇၈ ခုကို မေးခွန်းပေါင်း ၂၁၁ ခု မေးမြန်းပြီးတော့ သူတို့ Index Study အသေးစိတ်ထဲထဲဝင်ဝင် Budget အကြောင်းကို လေ့လာခြင်း၊ ဆွေးနွေးခဲ့ခြင်းများ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီလို သိရတဲ့အခါမှာ ဘာတွေအဖြေထွက်လာလည်းဆိုတော့ Budget ရေးဆွဲတဲ့ကော်မတီရဲ့ စီမံကိန်းလုပ်ငန်းပြုလုပ်တဲ့ဌာန တွေရဲ့ ချိတ်ဆက်မှုအလွန်အားနည်းတာ၊ Weak link between budget process cessing and planning department လို့သူ့ကိုပြောပါတယ်။

နောက်တစ်ခုကအရင်က traditional budget process ခေါ်တဲ့ ရိုးရာ budget စနစ်အရ budget ကိုရေးဆွဲတဲ့နေရာ imput data တွေ၊ ဌာနတွေရဲ့သုံးစွဲတဲ့ အသုံးအစွဲတွေအပေါ်မှာ ကြည့်ပြီးတော့ ရေးဆွဲတဲ့ budget စနစ်အရ ထွက်ပေါ်လာတဲ့ output autdum ကိုလေ့လာပြီးရေးဆွဲတဲ့ budget စနစ်၊ သူတို့ရေးသားထားတာကတော့ Emphasizing on output rather than input system ဆိုတာမျိုး၊ သူတို့ လုပ်ခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံဟာ budget reform ပြောင်းလဲဖို့အတွက် နိုင်ငံကြီးတစ်နိုင်ငံရဲ့အကူအညီနဲ့ အစိုးရ budget ဌာနအောက်နဲ့ အစိုးရအဖွဲ့အစည်းအားလုံးကို OnLine System ရရှိဖို့လည်းဆောင်ရွက်ခဲ့ကြောင်းသိရပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ပြီးမှ The Role of Parliament on budget processing ဆိုတဲ့ ဆွေးနွေးပွဲမျိုးပြုလုပ်ပြီး budget processing act ဆိုတာကို Parliament ကပြဋ္ဌာန်းပေးခဲ့ တယ်လို့သိရပါတယ်။ကျွန်တော်တို့အဆိုရှင်ရဲ့ အနေနဲ့တင်ပြတာကလည်း ဒီလိုဘတ်ဂျက်စနစ်ကို ချောချောမွေ့မွေ့ပြောင်းလဲနိုင်ဖို့အတွက် စီးပွားဌာနအားလုံးကို တစ်ပြိုက်နက် တည်းပြောင်းလဲခြင်း မပြုဘဲ၊ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်သတ်မှတ်ပြီး အဆင့်ဆင့် ချောမွေ့စွာ ဆောင်ရွက်သွားရန် တင်ပြထားတာကို တွေ့ရပါတယ်။ ဒါကြောင့် အဖက်ဖက်ကကြည့်ရင် အခြေအနေအချိန်အခါအရ ဆောင်ရွက်သင့်သည်များကို သတိကြီးစွာဖြင့် ဆောင်ရွက်ရန်အဆိုပြုထား တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာရဲ့ နိုင်ငံတော်စီးပွားရေးစနစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင် လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိ သော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမည့်နည်းလမ်းအား လွှတ်တော်သို့ တင်ပြရေးအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများအား လေးစားစွာ ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော် ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးဟာ တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရှေ့မှာလည်း ကိုယ်စားလှယ်တော်တော်များများက အကျယ်တဝင့်၊ အသေးစိတ်ဆွေးနွေးပြီးသွားကြပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလွှတ်တော်ထဲမှာရှိနေတဲ့ ကိုယ်စားလှယ်အားလုံးဟာ အားလုံးနဲ့အတူ လွှတ်တော်ကြီး

ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများကို ကိုယ်စားပြုသူများ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ကိုယ်စားလှယ်တွေကလည်း နယ်ပယ်အသီးသီးကနေ အတွေ့အကြုံများ ပြည့်ဝကြသူများလည်း ဖြစ်ပါတယ်။ တစ်ခါ လွှတ်တော်ထဲမှာ ကျွန်တော်တို့ ကိုယ်စားလှယ်များ မေးခွန်းများ၊ အဆိုများ ဆွေးနွေးကြ၊ ပြောကြတဲ့အခါမှာလည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက ပြန်လည်ဖြေကြား ပေးတဲ့အတွက် ကျွန်တော်တို့မှာ အသိအမြင်များလည်း ပိုမိုတိုးပွားလာတဲ့အတွက်ကြောင့် ယခု လွှတ်တော်ထဲမှာရှိနေကြတဲ့ ကိုယ်စားလှယ်များဟာ အားလုံးလောက်က ခေသူများမဟုတ်ပါဘူး။ ဒါ့အပြင် လွှတ်တော်ထဲမှာ ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်ချက်၊ ဥက္ကဋ္ဌကြီးရဲ့သုံးသပ်ချက်၊ ဥက္ကဋ္ဌကြီးရဲ့ ဆုံးဖြတ်ချက်တွေကို ကျွန်တော်တို့အနေနဲ့ အလွန်ကိုအလေးထားပြီးတော့ လိုက်နာဆောင်ရွက်ခဲ့ ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ထဲမှာ ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမရှိဘဲနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးအတွက် အကျိုးရှိမယ့်ကိစ္စမှန်သမျှကို ဖော်ဆောင်လုပ်ကိုင်ကြဖို့ဆိုတဲ့ ခံယူချက် အသီးသီး ကျွန်တော်တို့မှာ ရှိပါတယ်။ အဆိုရှင်တင်ပြသွားတဲ့အဆိုပိုင်းမှာ ၂ ပိုင်း တွေ့ရပါတယ်။ ပထမပိုင်းကတော့ နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ခေတ်စနစ်နှင့်အညီ လက်ရှိခေတ်နဲ့အညီ တိုးတက်ပြောင်းလဲ လုပ်ကိုင်သွားနိုင်ဖို့ဆိုတဲ့ အဆိုဖြစ်ပါတယ်။ ဒီအပိုင်းမှာလည်း တော်တော်များများဆွေးနွေးပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအသစ်အနေနဲ့လည်း ယခု ခြောက်လတာကာလအတွင်းမှာကိုပဲ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေ တော်တော်လေးလုပ်နေခဲ့တာကို ကျွန်တော်တို့ ထင်သာမြင်သာတွေ့ရပါတယ်။ နိုင်ငံပိုင်လုပ်ငန်း တော်တော်များများကို ပုဂ္ဂလိကပိုင်းတွေကို လွှဲပြောင်းပေးနေတာလည်း တွေ့ရပါတယ်။ တစ်ချိန်မှာ ၂၀၁၅ AFTA မတိုင်ခင်မှာ နိုင်ငံပိုင်လုပ်ငန်း ၉၈ ရာခိုင်နှုန်းလောက်ကို ပုဂ္ဂလိကပိုင်းကို လွှဲပြောင်းလုပ်ကိုင်ပေးသွားမယ်။ ခွင့်ပြုပေးသွားမယ်လို့လည်း ကျွန်တော်တို့ ကြားသိထားရပါတယ်။ နိုင်ငံပိုင်လုပ်ငန်းများအပြင် နိုင်ငံပိုင်ကုမ္ပဏီများရှိပါတယ်။ ဥပမာ-စီးပွားရေးဦးပိုင် ကုမ္ပဏီလိုမျိုး၊ မြဝတီတို့လိုမျိုး တခြားဘဏ်တွေလိုမျိုး တော်တော်များများရှိတဲ့အပိုင်းကိုလည်း ယနေ့ခေတ်နဲ့ အညီ ပြုပြင်ပြောင်းလဲမယ်ဆိုရင် နိုင်ငံတော်ကနေပြီးတော့ ရှယ်ယာအများစုလောက်ကို ထိန်းသိမ်းယူ ထားပြီးတော့ ကျန်တဲ့အပိုင်းတွေကို ဖြစ်ပေါ်လာမယ့် Market မှာ သို့မဟုတ် အများပိုင်အနေနဲ့ ချရောင်းပေးနိုင်ခြင်းဖြင့် နိုင်ငံတော်မှရှယ်ယာပိုင်ဆိုင်သော အများပိုင်ကုမ္ပဏီကြီးတွေ ပေါ်ပေါက်လာ မှာလည်း ဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် နိုင်ငံမှနိုင်ငံတော်အနေနဲ့ ရင်းနှီးမြှုပ်နှံရမယ့် အပိုင်း တွေ မှာ လျော့နည်းသွားပြီးတော့ အခွန်အခများလည်းရလာမှာ ဖြစ်ပါတယ်။ အရှုံးနည်းတဲ့အပြင်ကို ဒီရင်းနှီးမြှုပ်နှံရမယ့်ငွေပမာဏကို ထုတ်ချေးပေးနိုင်ခြင်းအားဖြင့် တစ်ဖက်က အတိုးလည်းရနိုင်ပြီး

တော့ ဘတ်ဂျက်လိုငွေများကို လျှော့ချပေးသွားနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့တော့ ရိုးသားစွာတစ်ခု တင်ပြလိုပါတယ်။ ကိုယ်စားလှယ်ကြီး ဦးမောင်တိုး ပြောသွားသလိုပဲ ယခင်တုန်းကဌာနအတွင်းမှာ လုပ်ကိုင်ရတာခက်ခဲတဲ့ အပိုင်းလေးတွေ၊ ထိန်းချုပ်မှုများတဲ့ အပိုင်းလေးတွေရှိခဲ့သလိုပဲ၊ တစ်ချိန်တုန်းက ကျွန်တော်တို့ စီးပွားရေးလုပ်ကြတဲ့ စီးပွားရေးလုပ်ငန်းသမားလေးတွေဟာ ကျွန်တော်တို့ သမာအာဇီဝစီးပွားရေးလုပ်ကြတဲ့ လုပ်ငန်းသမားလေးတွေပါ။ ဌာနဆိုင်ရာတွေသွားရတဲ့အခါတိုင်းမှာ ကျွန်တော်တို့ စီးပွားရေးသမားဆိုရင် မျက်မှန်စိမ်းတပ်ပြီးတော့ ခုတ်မယ်၊ ထစ်မယ်၊ ပါးပါးလှီးမယ်ဆိုပြီး စောင့်နေကြပါတယ်။ ကျွန်တော်တို့ စီးပွားရေးလုပ်တယ်ဆိုတာ ကျွန်တော်ဆိုလိုတာကတော့ ဥပဒေဘောင်အတွင်းမှာ သမာအာဇီဝတရားသဖြင့် စီးပွားရေးလုပ်တယ်ဆိုတာမှာ ကျွန်တော်တို့လုပ်ကတည်းကိုက ဒီလုပ်ငန်းကြီးတစ်ခု အောင်မြင်အောင်၊ မဆုံးရှုံးရအောင် တရားသဖြင့်ထိုက်သင့်တဲ့ အမြတ်အစွန်းရအောင်ဆိုတဲ့ စီမံကိန်းများနဲ့ စဉ်းစားတွေးတောပြီးတော့မှ လုပ်ကိုင်ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ မတရားစီးပွားရှာနေတဲ့ စီးပွားရေးသမားတွေမဟုတ်ပါဘူးခင်ဗျား။ နိုင်ငံပိုင်ကနေပြီးတော့ နိုင်ငံပိုင်ကုမ္ပဏီများ၊ နိုင်ငံပိုင်လုပ်ငန်းများ ပုဂ္ဂလိကပိုင်းကို တော်တော်များများလွှဲပြောင်းပေးတဲ့အခါမှာလည်း လုပ်ပိုင်ခွင့်လေးတွေ တရားသဖြင့် ထိုက်သင့်တဲ့ ဘောင်အတွင်းကနေ ခွင့်ပြုပေးနိုင်ဖို့ အရေးကြီးပါတယ်ခင်ဗျား။ ထို့အပြင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလာမယ့် Investment များကိုလည်း ထိုက်သင့်တဲ့အခွင့်အရေး လေးတွေ Incentive လေးတွေလည်း ပေးသင့်ပါတယ်ခင်ဗျား။ ဒီလိုနည်းတွေနဲ့ လုပ်သွားလို့ ရှိရင်တော့ ကျွန်တော်တို့နိုင်ငံရဲ့ ဘတ်ဂျတ်လိုငွေတစ်ချို့ လျော့ကျလာနိုင်ပြီး စီးပွားရေးအရှိန်အဟုန်နဲ့ တိုးတက်လာနိုင်တယ်။ နှစ်တို အတွင်းမှာ တိုးတက်လာနိုင်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်ခင်ဗျား။

ဒုတိယပိုင်းအနေနဲ့ ဘတ်ဂျက်ကောင်းစနစ်တစ်ခုလို့ အဆိုရှင်က တင်ပြသွားပါတယ်။ ကျွန်တော်တို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု နည်းနေတဲ့နိုင်ငံ Less Development Country အဲဒီ အဆင့်ကနေ ကျော်လွှားနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားလုပ်ကိုင်နေတဲ့အချိန်မှာတော့ ဘတ်ဂျက်လိုငွေ ပြတာမှန်ပါတယ်။ သို့သော်လည်း ယနေ့ခေတ်ကာလမှာတော့ ဘတ်ဂျက်လိုငွေမများရအောင်၊ နည်းလာအောင်တော့ ကျွန်တော်တို့ နည်းအမျိုးမျိုးနဲ့ကြံဆပြီးတော့ လျော့ကျအောင် အဘက်ဘက်က နေလုပ်ရမှာ အမှန်ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ဘတ်ဂျက်လိုငွေပြတယ်ဆိုပြီးတော့ ကျွန်တော်တို့ နိုင်ငံကသယံဇာတတွေ ကျွန်တော်တို ထုတ်ရောင်းကြတယ်။ မြေပေါ်မြေအောက်သယံဇာတတွေ ထုတ်ရောင်းကြတယ်။ တစ်ခါနိုင်ငံသားများဆီကနေ အခွန်အကောက်များကောက်ခံပြီးတော့ရရှိလာတဲ့ အပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများကို တစ်နိုင်ငံလုံးအတွက် အတိုင်းအတာနဲ့ ဘတ်ဂျက်ခွဲဝေချ

ပေးရတဲ့နေရာမှာ အားလုံးအတွက် လုံလောက်အောင်ပေးနိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်တို့ နားလည်ထားပါတယ်ခင်ဗျား။ အဲဒီတော့ နှစ်စဉ်နှစ်စဉ်တတ်နိုင်သလောက် ခွဲဝေပေးတဲ့အခါမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ရလာတဲ့ဘတ်ဂျက်ကို အလေအလွင့် မရှိအောင်လိုအပ်တဲ့နေရာမှာ ဖြစ်မြောက်အောင်မြင်အောင် သေသေချာချာဂရုတစိုက် သုံးစွဲသွားဖို့ လိုအပ်တယ်လို့ပဲ ကျွန်တော် ယုံကြည်ပါတယ်ခင်ဗျား။ တဖန်လိုအပ်တဲ့ဘတ်ဂျက်ကို ဖြည့်ဆည်းနိုင်ဖို့ အတွက် အခွန်တွေကောက်ခံတဲ့နေရာမှာ မြို့နယ်အသီးသီးအလိုက် လျာထားချက်များ ချပေးပါတယ်။ တချို့မြို့နယ်များမှာ လျာထားချက်ပြည့်မီအောင် ကောက်ခံနိုင်ခြင်းမရှိပါဘူး။ တချို့မြို့နယ်မှာ လျာထားချက်ပြည့်မီတဲ့အပြင်ကို သူ့ထက်ငါကျော်လွန်ကောက်ခံနိုင်အောင်လို့ အခွန်ဝန်ထမ်းများကလည်း ကြိုးကြိုးစားစား လုပ်ကြပါတယ်ခင်ဗျား။ မပြည့်မီတဲ့ မြို့နယ်များကလည်း ပြည့်မီအောင်လို့ ကြိုးကြိုးစားစား လုပ်ကြပါတယ်။ ဒီအချိန်မှာတော့ အခွန်ထမ်းရတဲ့ ကျွန်တော်တို့ ပြည်သူများအနေနဲ့ ရှုံးသည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ ကောက်ခံတဲ့အမြတ်ငွေ၊ ဝင်ငွေခွန်တွေကို လိုက်ပြီးပေးဆောင်ရတဲ့အခါမှာ ကျွန်တော်တို့ ကြိုးကြိုးစားစားလုပ်နေကြရတဲ့ လုပ်ငန်းလေးတွေမအောင်မြင်လာတဲ့အပြင်၊ မတိုးတက်လာတဲ့အပြင် ရရစားစားလေးကနေ တစ်ချို့ဆို အရင်းပြုတ်ပြီး လုပ်ငန်းတောင် မလုပ်နိုင်တဲ့ဘဝတွေ ရောက်ကုန်ကြတယ်။ အဲဒီလို မဖြစ်အောင်လည်း အခုအချိန်ကစပြီးနောက်ပိုင်းမှာ ပြောင်းလဲပြုပြင်သွားမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ကျွန်တော့်အနေနဲ့ ရိုးသားစွာတင်ပြခဲ့တဲ့အပေါ် ကျန်တဲ့အပိုင်းလေးတွေမှာလည်း အရင်ကိုယ်စားလှယ်များ၊ ပညာရှင်များက ပြည့်စုံစွာ ဆွေးနွေးပြီးဖြစ်တဲ့အတွက်ကြောင့် အဆိုရှင် တွံ့တေးမဲဆန္ဒနယ်က ဦးစိုးသာရဲ့အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ဦးရဲထွန်းပါ။ တွံ့တေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာရဲ့ အဆိုကို ကျွန်တော် သိရှိခံစားမိတဲ့ ကမ္ဘာ့စီးပွားရေးဖြစ်ပေါ်တိုးတက်မှုရှုထောင့်ကနေ တင်ပြဆွေးနွေးသွားလိုပါတယ်။ တင်ပြထားတဲ့အဆိုဟာ ယခုအခါကမ္ဘာပေါ်မှာရှိကြတဲ့ နိုင်ငံရေးဘောဂဗေဒပညာရှင်များ စိတ်ဝင်တစား ဆွေးနွေးငြင်းခုံနေကြတဲ့ စီမံကိန်းစီးပွားရေးမှ ဈေးကွက်စီးပွားရေးကို ကူးပြောင်းတဲ့အခါမှာ အစိုးရပိုင်

စီးပွားရေးလုပ်ငန်းများအားလုံးကို ပုဂ္ဂလိကပိုင်ကူးပြောင်းဖို့လိုအပ်တယ်၊ မလိုအပ်ဘူးဆိုတဲ့ ပြဿနာနဲ့ ဆက်စပ်ပတ်သက်နေတဲ့ Debate ဖြစ်နေလို့ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်မှာ ဦးစိုးသာရဲ့ အဆိုပထမပိုင်းဖြစ်တဲ့ နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ရေးဆိုတဲ့အပိုင်းကို အဓိကထား ဆွေးနွေးသွား လိုပါတယ်။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ၁၉၇၀ ခုနှစ် နောက်ပိုင်းကာလတွေမှာ အနောက်တိုင်း ဒီမိုကရေစီနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်မှာရော၊ အမေရိကန် နိုင်ငံမှာပါ Stagnation လို့ခေါ်တဲ့ စီးပွားရေးထုံထိုင်းနေ့ကွေးနေတာနဲ့ ရင်ဆိုင်တိုးခဲ့ကြရပါတယ်။ သက်ဆိုင်ရာနိုင်ငံများဟာ လွတ်လပ်စွာ ယှဉ်ပြိုင်မှုကို ခွင့်ပြုရမယ့်အစားဈေးနှုန်းနဲ့ လုပ်ခထိန်းချုပ်မှုတွေကို လုပ်ဆောင်လေ့ ရှိတာကြောင့် အခြေအနေတွေဟာ ပိုမိုဆိုးရွားလာစေခဲ့ပါတယ်။ ၁၉၇၉ ခုနှစ်မှာ မာဂရက်သက်ချာရဲ့ အင်္ဂလန်နဲ့ ရော်နယ်ရီဂင်ရဲ့ အမေရိကန်ပြည်ထောင်စုတို့မှာ လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ကြပါတယ်။ ကာလကြာရှည် အရှုံးပေါ်နေခဲ့တဲ့ နိုင်ငံပိုင်လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင် လုပ်ငန်းအဖြစ်သို့ ပြောင်းခဲ့ကြပါတယ်။ ဥပမာအားဖြင့် တစ်နှစ်တစ်နှစ်ကို ဒေါ်လာ သုံးဘီလီယံလောက် အရှုံးပေါ်နေခဲ့တဲ့ ဗြိတိန်နိုင်ငံရဲ့ ကျောက်မီးသွေးတွင်းလုပ်ငန်းကို ကျောက်မီးသွေးတူးအလုပ်သမားတွေ သပိတ်မှောက်ကန့်ကွက်နေတဲ့ကြားကပဲ ရှုံးနေတဲ့တွင်းတချို့ကို ပိတ်ပြစ်လိုက်ပါတယ်။ တချို့ကို ပုဂ္ဂလိကပိုင်လုပ်ငန်းအဖြစ် ပြောင်းလဲခဲ့ပါတယ်။ စီးပွားရေးပြုပြင် ပြောင်းလဲမှုလုပ်ငန်းများကို ဒီလိုရုတ်တရက်တစ်ဆစ်ချိုးပြောင်းလဲ လိုက်တဲ့အတွက် အစပထမတော့ အလုပ်လက်မဲ့တွေပေါ်များလာတာ၊ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားတာ၊ ကုန်ဈေးနှုန်းတွေကြီးမြင့်တာ စတာတွေ တွေ့ကြုံခံစားခဲ့ကြရပေမယ့် နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနဲ့ ဈေးကွက်စီးပွားရေး စနစ်က စီမံကိန်းချစီးပွားရေးစနစ်ထက် ပိုမိုကောင်းမွန်ကြောင်း အညွှန်းကိန်းများက သက်သေပြခဲ့ ပါတယ်။ သက်ဆိုင်ရာနိုင်ငံများရဲ့ GDP တွေလည်း တိုးတက်လာခဲ့ပါတယ်။ ၁၉၇၈ ခုနှစ်က ကျောက်မီးသွေးတွင်းတူးအလုပ်သမား ၁၈၀၀၀၀ လောက်နဲ့ အရှုံးခံလုပ်ကိုင် နေခဲ့တဲ့ အင်္ဂလန်နိုင်ငံမှာ အခုအခါ အလုပ်သမားပေါင်း သုံးထောင်လျော့လျော့လောက်နဲ့ပဲ စွမ်းဆောင်ရည် ထိထိရောက်ရောက် နဲ့လုပ်ကိုင်နေကြပါတယ်။ ထို့အတူပါပဲ ၁၉၈၉-၁၉၉၀ ခုနှစ်လောက် က စပြီး ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးခဲ့ကြတဲ့ အရှေ့ဥရောပနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ကို ပုဂ္ဂလိကပိုင်ပြုလုပ်ခဲ့ကြပြီး ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းခဲ့ကြပါတယ်။ ဒီလိုပုဂ္ဂလိကပိုင် ပြောင်းလဲရေးမှာ ရုတ်တရက်ပြောင်းလဲရတာဖြစ်လို့ ဘေးထွက်ဆိုးကျိုးတွေအဖြစ် အလုပ်လက်မဲ့တွေ ပေါ်များလာတာ၊ ကုန်ဈေးနှုန်းတွေကြီးမြင့်တာ၊ ငွေကြေးဖောင်းပွတာစတာတွေကို ကာလတိုခံစားခဲ့ရတဲ့

အတွက်ကြောင့်ဒီ (Radical reform)ကို ခါတ်ကြမ်းတိုက်ကုသနည်း Shock Therapy လို့ ဂျာနယ်လစ်တွေက အမည်ပေးခဲ့ကြပါတယ်။ ဒီစနစ်ရဲ့အခြေခံအတွေးအခေါ်ကတော့ ဈေးကွက်စီးပွားရေးစနစ်ကို သွားမယ်ဆိုရင် နိုင်ငံတွင်းမှာရှိတဲ့ စီးပွားရေးအရင်းအနှီးတွေဟာ ပုဂ္ဂလိကပိုင်ပဲ ဖြစ်ရမယ်။ အစိုးရကစီးပွားရေးလုပ်ငန်းများမှာ ပါဝင်ပတ်သက်မှု နည်းလေကောင်းလေဆိုတဲ့ အယူအဆပါပဲ။ ဒါနဲ့မတူပဲ အခြားတစ်ဖက်မှာ တဖြည်းဖြည်းချင်းပြောင်းလဲရေးတွေလုပ်နေတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကြည့်ကြပါစို့။ ကာလကြာရှည် ဗဟိုကချုပ်ကိုင်ပြီး စီမံကိန်းစီးပွားရေးစနစ်ကိုကျင့်သုံးခဲ့တဲ့ PRC တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာလည်း ၁၉၇၈ ခုနှစ်ကစပြီး လယ်ယာကဏ္ဍမှာ ဘုံအဖွဲ့ပိုင်လယ်ယာမြေများကို တစ်ဦးချင်းတာဝန်ယူ စိုက်ပျိုးစေတဲ့စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ လယ်ယာကဏ္ဍထုတ်လုပ်မှုဟာ တစ်ဟုန်ထိုးတိုးတက်လာပြီး ၁၉၇၈ ခုနှစ်၊ ၁၀ ပိုင်းလောက်ကစတင်ကာ မြို့ပြစက်မှုလုပ်ငန်းတွေနဲ့ ပြုပြင်ပြောင်းလဲရေးတွေကို စတင်လုပ်ဆောင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၁၉၇၈-၇၉ ခုနှစ်ကနေ ယနေ့ကာလအထိ နှစ်ပေါင်း ၃၀ ကျော်အကြာ ပြုပြင်ပြောင်းလဲရေးတွေလုပ်ခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အတွေ့အကြုံတွေကို တင်ပြဆွေးနွေးသွားရင်းနဲ့ အစိုးရပိုင်ကုမ္ပဏီများ State-Owned Enterprises များရဲ့ အားကောင်းချက်နဲ့ အားနည်းချက်များကို ဆွေးနွေးတင်ပြသွားလိုပါတယ်။ PRC ခေါင်းဆောင်များဟာ စီးပွားရေးပြုပြင်ပြောင်းလဲရေးတွေ စတင်ပြုလုပ်တဲ့အချိန်မှာ နိုင်ငံရဲ့စက်မှုကဏ္ဍမှာရှိတဲ့ အလုပ်သမားပေါင်း ၁၁၂ သန်းနဲ့ သူတို့ကိုမှီခိုနေကြတဲ့ မိသားစုသန်းပေါင်းများစွာရဲ့ နေထိုင်မှုဘဝတွေကို ရုတ်တရက် ထိခိုက်နစ်နာမှုမျိုးမဖြစ်ရလေအောင်၊ အနောက်နိုင်ငံတွေမှာကျင့်သုံးတဲ့ Shock Therapy နည်းကို မကျင့်သုံးဘဲ တဖြည်းဖြည်းချင်းပြောင်းလဲစေတဲ့ Gradual နည်းကိုပဲ ကျင့်သုံးခဲ့ကြပါတယ်။ PRC ဟာ ဗဟိုကချုပ်ကိုင်တဲ့ စီမံကိန်းချစီးပွားရေးစနစ်ရဲ့ အားနည်းချက်များကို ကျော်နင်းနိုင်ဖို့အတွက် အဆင့်သုံးဆင့်ကိုဖြတ်သန်းခဲ့ရပါတယ်။ အဲဒါတွေကတော့ ၁၉၇၉-၁၉၈၄ ခုနှစ်အထိကာလ၊ ဒီကာလကို စီမံခန့်ခွဲမှုများဖြေလျှော့ပေးခြင်းဆိုတဲ့ ခေါင်းစဉ်ပေးကြပါစို့။ အဲဒီကာလမှာ SOE လို့ခေါ်တဲ့ နိုင်ငံပိုင်လုပ်ငန်းများကို စီမံခန့်ခွဲခွင့်အာဏာ ပိုမိုပေးအပ်ခြင်း၊ အမြတ်ငွေအားလုံးကို ဗဟိုသို့ပေးပို့ရတဲ့စနစ်အစား မိမိလုပ်ငန်းမှာ ပြန်လည်အသုံးပြုဖို့အတွက် ချန်ထားခွင့်ပြုခြင်း၊ အလုပ်သမားများနဲ့ စီမံခန့်ခွဲသူများကို ဆုကြေးများ၊ စုပေါင်းသက်သာချောင်ချိရေးအစီအစဉ်များ ပြုလုပ်ခွင့်ပြုခြင်းစတာတွေကို ခွင့်ပြုခဲ့ပါတယ်။ ဒီလိုစီမံခန့်ခွဲမှုလုပ်ပိုင်ခွင့် ဖြေလျှော့ပေးလိုက်ခြင်းအားဖြင့် လုပ်ငန်းများဟာ ယခင်ကာလများထက် စွမ်းဆောင်ရည်

ပိုမိုတိုးတက်လာခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် ၁၉၄၉ ခုနှစ်ကတည်းက ပိတ်ပင်ထားခဲ့တဲ့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုကိုလည်း စတင်ခွင့်ပြုခဲ့ပါတယ်။ အဲဒီနောက် ၁၉၈၄-၁၉၉၂ ကာလ ဒီကာလကိုတော့ Dual Track System နှစ်လမ်းသွားစနစ် ကျင့်သုံးတဲ့ ကာလလို့ ဆိုကြပါစို့။ ဒီကာလတွေမှာ SOE များကို အစိုးရကသတ်မှတ်ထားတဲ့ ကိုယ်တာထက်ပိုမိုတိုးတက် ထုတ်လုပ်ခွင့်ပြုပြီး ပိုမိုထုတ်လုပ်တဲ့ကုန်ပစ္စည်းများကို မိမိတို့အစီအစဉ်နဲ့ မိမိဖာသာ အစိုးရသတ်မှတ်ဈေးထက် ၂၀ ရာခိုင်နှုန်း ပိုမိုဈေးမြင့် ရောင်းချခွင့်ပြုခဲ့ပါတယ်။ အဲဒီစနစ်ကို Plan & Market စီမံကိန်းနှင့်ဈေးကွက်ပူးတွဲထားတဲ့ Dual Track System လို့ခေါ်ပါတယ်။ အဲဒီစနစ်နဲ့အတူ အတတ်ပညာသည်များ အလုပ်ခန့်ထားခွင့် အလယ်အလတ်တန်း အုပ်ချုပ်ရေးပိုင်ဆိုင်ရာဝန်ထမ်းများကို အလုပ်ခန့်ထားခွင့်နဲ့ အလုပ်ထုတ်ပယ်ခွင့်၊ ဝန်ထမ်းများကို ဆုကြေးနဲ့ဘောနပ်စ်များ ပေးအပ်ခွင့်၊ စက်ရုံရဲ့ Suppliers များကို တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်နိုင်ခွင့်စတာတွေ ပြုခဲ့ပါတယ်။ အဲဒီတစ်ချိန်တည်းမှာ လုပ်ငန်းအပေါ် အမြတ်ခွန်ကောက်ခံတဲ့စနစ်ကို ကျင့်သုံးခြင်းအားဖြင့် နိုင်ငံတော်အစိုးရကအမြတ်ငွေ ပြန်လည်ထုတ်ပေးတဲ့ပုံစံကို ပယ်ဖျက်ပစ်လိုက်ပါတယ်။ ၁၉၈၆ နဲ့ ၁၉၈၈ ခုနှစ်များမှာတော့ အုပ်ချုပ်ရေးအာဏာပိုင်များနဲ့ စီးပွားရေးအဖွဲ့အစည်းများအကြား မူလကရှိခဲ့တဲ့ သမားရိုးကျအထက်အောက်ဆက်ဆံရေးကို ကန်ထရိုက်စနစ်ဖြင့်တာဝန်ယူရေး တစ်နည်းအားဖြင့် ရှယ်ယာထည့်ဝင်မှုစနစ်နဲ့ အရင်းအနှီးစီမံခန့်ခွဲမှုတာဝန်ယူရေးစနစ်၊ ငှားရမ်းလုပ်ပိုင် ခွင့်ပြုတဲ့စနစ်စတာတွေနဲ့ အစားထိုးခဲ့ပါတယ်။ ဒီစနစ်ကျင့်သုံးတဲ့ကာလမှာ ချို့ယွင်းအားနည်းချက်တွေ မနည်းမနောတွေ့ကြုံကြရလို့ နောက်ပြန်ဆုတ်မှုတစ်ချို့ ရှိခဲ့ပါတယ်။ ဒါကို အဓိကခေါင်းဆောင်ဖြစ်တဲ့သူက ရဲရဲတင်းတင်းနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ ရှေ့ဆက်လုပ်ဆောင်ကြဖို့ ဆော်ဩခဲ့တဲ့အတွက် ဒီ Reforme ဟာ ရှေ့ကိုတစ်ဆင့်တိုးခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်အလွန် ဒီဘက်ကာလကိုတော့ ပိုင်ဆိုင်မှုပြုပြင် ပြောင်းလဲရေးကာလလို့ ဆိုကြပါစို့။ ၁၉၉၀နဲ့ ၉၁ ခုနှစ်မှာ ရှန်ဇင့်စတော့အိပ်ချိန်စင်တာနဲ့ ရှန်ဟိုင်း စတော့အိပ်ချိန်းစင်တာတို့ကို ပြန်လည်တည်ထောင်ဖွင့်လှစ်လိုက်ပြီး အစုရှယ်ယာရောင်းဝယ်ခွင့်ကို အများပြည်သူကို ခွင့်ပေးခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာ NPC ခေါ်တဲ့ တရုတ်အမျိုးသားကွန်ဂရက်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး SOE တွေကို ခေတ်မီကုမ္ပဏီကြီးများ Modern Enterprises တွေအဖြစ် ထူထောင်ခွင့်ပြုခဲ့ပါတယ်။ စံချိန်မီ Modern Enterprises တစ်ခုအနေနဲ့ (၁)ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် ရှင်းရှင်းလင်းလင်းရှိရေး၊ (၂)ရပိုင်ခွင့်နဲ့တာဝန်ယူမှုတွေ ကွဲကွဲပြားပြားဖြစ်စေရေး၊ (၃)အုပ်ချုပ်ရေးအာဏာပိုင်များနဲ့ SOE များရဲ့ဆက်ဆံရေး ဒွေးရောယှက်တင် မဖြစ်စေဘဲ ကွဲကွဲပြားပြားဖြစ်စေရေးနဲ့ (၄)ကတော့ ခေတ်မီစီမံခန့်ခွဲအုပ်ချုပ်မှု စနစ်ကိုကျင့်သုံးရေးစတာ

တွေကို လုပ်ဆောင်စေခဲ့ပါတယ်။ လက်တွေ့ပိုင်းမှာတော့ အကြီးများကိုကိုင်ထား၊ အငယ်များကို လွတ်ပေးဆိုတဲ့ စနစ်ကျင့်သုံးခဲ့ပြီး SOE လုပ်ငန်းကြီးများကို အစိုးရပိုင်အဖြစ်ချန်ထားကာ အသေးစားနဲ့ အလတ်စားလုပ်ငန်းများကို ရောင်းထုတ်တာ၊ ငှားရမ်းတာစတဲ့နည်းများနဲ့ ပုဂ္ဂလိကပိုင်ပြုစေခဲ့ပါတယ်။ ၁၉၉၇ နဲ့ ၁၉၉၈ ခုနှစ်တွေမှာ အနည်းငယ်သော လက်ဝါးကြီးအုပ် မိုနိုပရိုက်လုပ်ထားတဲ့ လုပ်ငန်းများမှအပ ကျန်တဲ့အစိုးရပိုင်လုပ်ငန်းအများအပြားကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများထံကို ရောင်းချပေးခဲ့ပါတယ်။ တစ်ချို့ကိုလည်း စတော့အိပ်ချိန်းမှာ စာရင်းသွင်းပြီး ရှယ်ယာများကို အများပြည်သူကို ရောင်းချခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်နဲ့ ၂၀၀၄ ခုနှစ်တွေအတွင်းမှာ အစိုးရပိုင်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းများဟာ အရေအတွက်အရ ၄၈ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းသွားပြီး ၂၀၀၅ ခုနှစ်ရဲ့ GDP မှာ ပြည်တွင်းပုဂ္ဂလိက ကဏ္ဍဟာ ၅၀ ရာခိုင်နှုန်းအထိတိုးတက်လာတာကို တွေ့ရပါတယ်။ ရေနံနဲ့ဘဏ္ဍာရေးလုပ်ငန်းများစတဲ့လက်ဝါးကြီးအုပ်ထားတဲ့လုပ်ငန်းများမှာ အစိုးရပိုင်ကုမ္ပဏီများကို နိုင်ငံခြားကော်ပိုရေးရှင်းကြီးများနဲ့ အရည်အချင်းအရရော အရေအတွက်အရပါ ကောင်းစွာ ယှဉ်ပြိုင်နိုင်ဖို့အတွက် အမျိုးသားချန်ပီယံများအဖြစ် ဖွံ့ဖြိုးတိုးတက်စေခဲ့ပါတယ်။ ဒါကြောင့် ၂၀၀၃ ခုနှစ်က ကမ္ဘာ့အကြီးဆုံးကုမ္ပဏီကြီး ၅၀၀ စာရင်းမှာ တရုတ်ကုမ္ပဏီ ၁၅ ခုပါဝင်လာ တဲ့အထဲမှာ ၁၄ ခုက အစိုးရပိုင်ကုမ္ပဏီများ ဖြစ်ကြပါတယ်။ ယနေ့ကမ္ဘာမှာ အကြီးဆုံးပိုင်တာ တရုတ်အစိုးရပိုင် ICBC ဘဏ်ပဲ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ စာရင်းတစ်ခုအရ တရုတ်အစိုးရက တစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြည့်အဝပိုင်ဆိုင်တဲ့ SOE အရေအတွက်ဟာ တစ်နိုင်ငံလုံးရှိ စက်မှုလုပ်ငန်းများရဲ့ ၄.၈ ရာခိုင်နှုန်းသာ ရှိပေမယ့် ပိုင်ဆိုင်မှုတန်ဖိုးအားဖြင့် တော့ တစ်နိုင်ငံလုံးပမာဏရဲ့ ၄၃.၈ ရာခိုင်နှုန်းရှိပါတယ်။ နောက်ဆုံး သိရှိရတဲ့ အချက်အလက်တွေအရ နိုင်ငံပိုင်ကုမ္ပဏီကြီးများရဲ့ အမြတ်ငွေပမာဏဟာ ပုဂ္ဂလိကပိုင်လုပ်ငန်း များနဲ့ ပြိုင်ဆိုင်ရတဲ့ ကဏ္ဍတွေမှာ Performance တွေ သိပ်မကောင်းလှပေမယ့် လက်ဝါးကြီးအုပ် လုပ်ကိုင်ခွင့်ရတဲ့ ဆေးလိပ်ဆေးရွက်ကြီးလုပ်ငန်း၊ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းနဲ့ လျှပ်စစ်ဓာတ်အား ပေးရေးလုပ်ငန်းစတဲ့ စက်မှုလုပ်ငန်းကြီးများမှာ အကြီးအကျယ်မြတ်စွန်းကြောင်း သိရှိရပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာလည်း ကမ္ဘာပေါ်မှာ ဒုတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံအဖြစ် ရောက်ရှိလာနေပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျှောက်လှမ်းနေရင်းနဲ့ တစ်ဖက်မှာလည်း အစိုးရပိုင် သို့မဟုတ် ပြည်သူလူထုရဲ့ အခွန်ငွေ အရင်းအနှီးများကို အသုံးပြုပြီး ခေတ်မီစီးပွားရေးကုမ္ပဏီများအဖွဲ့ ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ရာမှာ

အောင်မြင် မှုတွေရခဲ့ကြောင်း PRC သက်သေပြခဲ့ပါတယ်။ ဒီလုပ်ငန်းတွေကို ပွင့်လင်းရိုးသားထင်သာမြင်သာ ရှိအောင် စတော့အိပ်ချိန်းများမှာ စာရင်းသွင်းထားကြောင်းလည်း သိရှိရပါတယ်။ ဒီအစိုးရပိုင် SOE များဘာကြောင့် ဘယ်လိုအောင်မြင်လာတယ်ဆိုတဲ့ အသေးစိတ်အချက် အလက်များကိုတော့ ယခု ကျွန်တော်ထောက်ခံ ဆွေးနွေးလိုက်တဲ့ ဦးစိုးသာရဲ့ အဆိုအောင်မြင်လာခဲ့ရင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရမယ့် ကော်မတီ သို့မဟုတ် ကော်မရှင်က ဆက်လက်စူးစမ်းလေ့လာဖို့ ချန်ထားရင်းနဲ့ ကျွန်တော့်အဆိုကို နိဂုံးချုပ်အပ်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရေးတကြီးအဆိုတစ်ခုတင်သွင်းတုန်းက နောက်ကြောင်းပြန်ပြီး ကျွန်တော် တင်ပြခဲ့တဲ့နေရာမှာ စစ်ကိုင်းတိုင်းလွှတ်တော်ကိုယ်စားလှယ်လို့ပဲ ယေဘူယျ တင်ပြခဲ့ပါတယ်။ အမှန်ကတော့ ဝက်လက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်က လွတ်ငြိမ်းချမ်းသာခွင့်အဆိုကို တင်ပြခဲ့တဲ့အကြောင်းကို အတည်ပြုထပ်မံတင်ပြခြင်း ဖြစ်ပါတယ်။ ဒီနေ့ ဦးစိုးသာ၊ တွံတေးမဲဆန္ဒနယ်ရဲ့ အဆိုပေါ်မူတည်ပြီးတော့ ထောက်ခံသူတစ်ဦး၊ သီးခြားထောက်ခံဆွေးနွေးသူ အားလုံး(၉)ဦး၊ စုစုပေါင်း(၁၁)ဦး တင်ပြဆွေးနွေးသွား တာတွေ့ရမှာ ဖြစ်ပါတယ်။ ဆွေးနွေးမှုများ အင်မတန်ပြည့်စုံပြီး မှတ်သားလိုက်နာဆောင်ရွက်ရမယ့် အချက်ဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့် ဆွေးနွေးသွားတဲ့ပုဂ္ဂိုလ်အသီးသီးကိုလည်း ကျွန်တော်တို့ လွှတ်တော်က မှတ်တမ်းတင်သင့်တယ်လို့ပဲပြောရမှာ ဖြစ်ပါတယ်။ ဒီနေ့အဆိုနဲ့ ပတ်သက်ပြီးတော့ အဓိကကတော့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနဲ့ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းရေးလေ့လာဆန်းစစ်မှုကို အခြေခံမှာဖြစ်ပါတယ်။ နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများမှတစ်ဆင့် Public ခေါ်တဲ့ အများပိုင်ကုမ္ပဏီများ၊ ဘုတ်များ၊ ကော်ပိုရေးရှင်းများပေါ်လာမယ်ဆိုလို့ရှိရင် ဘက်ဂျက်စနစ်ကလည်း လိုက်လျောညီထွေ အလိုလိုပြောင်းရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်တွေအပေါ်မူတည်ပြီး ဆွေးနွေးသွားတဲ့နေရာမှာလည်း ဆွေးနွေးသူများကို ပြန်လေ့လာတဲ့အခါမှာ နိုင်ငံတော်အစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများမှာ MD,DG အဖြစ်တာဝန်ယူသွားတဲ့ ပုဂ္ဂိုလ်(၄)ဦး၊ နောက်တစ်ခါ ပညာရှင်လို့ပြောရမယ့် ပုဂ္ဂိုလ်တစ်ဦး ပြီးတဲ့အခါမှာ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ လုပ်ဆောင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် နှစ်ဦး တခါနိုင်ငံရေးလုပ်နေတဲ့ ပုဂ္ဂိုလ်များပါဝင်တဲ့အတွက် ဒီဆွေးနွေးမှုမှာပါဝင်တဲ့ နယ်ပယ် အသီးသီးမှပုဂ္ဂိုလ်များ ပြည့်စုံတယ်လို့ပြောရမှာဖြစ်ပါတယ်။ အဆိုမှာ လုပ်ငန်းဆောင်တာများ လုပ်တဲ့နေရာမှာ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားဖို့ဆိုတဲ့ဟာလည်း ပါပါတယ်။ ဒါလည်းမှန်ကန်ကောင်းမွန်တဲ့အဆို ဖြစ်ပါတယ်။ ကျွန်တော်တို့ မော်တော်ကားကိုပဲကြည့်ပါ။ မော်တော်ကား အစက

စက်နိုးတယ်။ ပထမဆုံးဂီယာ(၁) ပြီးတော့အခါမှ (၂)၊ ပြီးမှ (၃)၊ (၃)ပြီးမှ (၄)၊ ဒီလိုအဆင့်ဆင့် ဆောင်ရွက်သွားမှသာလျှင် အမှားကင်းစင်ပြီးတော့ လိုရာခရီးရောက်နိုင်တဲ့ အနေအထားဖြစ်တဲ့ အတွက် အဆိုမှာတစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ဆောင်ရွက်သွားဖို့ ဆိုတဲ့ဟာလည်းပါတဲ့အတွက် အင်မတန်ကောင်းမွန်တဲ့ အဆိုဖြစ်ကြောင်းလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ နောက်ဒီအဆိုကို လေ့လာတဲ့ အခါမှာ ဘတ်ဂျက်ဆိုတာပါပါတယ်။ ဘတ်ဂျက်ဆိုတာကတော့ ကြီးကျယ်အောင်ပြောထားတဲ့ စကားလို့ လည်း ပြောလို့ရသလို ဘတ်ဂျက်ဆိုတာကတော့ ရငွေနဲ့သုံးငွေမျှတအောင် ဆောင်ရွက်တဲ့ကိစ္စလို့ ပြောလို့ရပါတယ်။ ဒါဖြင့် ဘတ်ဂျက်ကို ဘယ်မှာကျင့်သုံးနေသလဲဆိုရင် ကိုယ်၊ ကိုယ့်အိမ်ထောင်စုမှာ ကျင့်သုံးနေတာဖြစ်ပါတယ်။ ဒီနေရာမှာတော့ ကိုယ့်အိမ်ထောင်စုအပြင် တစ်ချို့ဆိုရင် ဝန်ကြီးဌာနမှာ တာဝန်ယူရတဲ့ ပုဂ္ဂိုလ်များဆိုလို့ရှိရင် ဝန်ကြီးဌာနအတွက် ဘတ်ဂျက်များရေးဆွဲရတာရှိသလို တစ်ချို့ စီးပွားရေးလုပ်ငန်း အငယ်၊ အလတ်၊ အကြီးများမှာလည်း ဘတ်ဂျက်စနစ်ကို သူ့နည်းသူ့ဟန်နဲ့ ကျင့်သုံးနေရတာ ဖြစ်ပါတယ်။ ဆွေးနွေးသွားတဲ့နေရာမှာ ဘတ်ဂျက်စနစ်ကျင့်သုံးတဲ့နေရာမှာ ဒီနေ့တော့ ဦးဝင်းဦး ဆွေးနွေးသွားတဲ့နေရာမှာ နိုင်ငံအသီးသီးဟာ ဘတ်ဂျက်လိုငွေတော့ရှိပါတယ်။ ဒါမလွဲမရှောင်သာလုပ်ရမှာဘဲ သို့သော် ဘတ်ဂျက်လိုငွေကိုတော့ တဖြည်းဖြည်းလျှော့သွားဖို့ ဆိုတဲ့ဟာလည်း ဒီနေ့ကိုက်ညီတဲ့ အခြေအနေလည်းဖြစ်ပါတယ်။ ကမ္ဘာမှာ စီးပွားရေးအားဖြင့်သော် လည်းကောင်း၊ တကယ့် Super Power ဖြစ်တဲ့ အမေရိကနိုင်ငံတွေမှာလည်း ဘတ်ဂျက်လိုငွေ ရှိပြီးတဲ့အခါမှာ လုပ်ငန်းဆောင်တာများ လုပ်နေရတာအမှန်ပဲ ဖြစ်ပါတယ်။ သို့ရာတွင် လိုငွေ တဖြည်းဖြည်းလျှော့နည်းအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးပိုမိုတိုးတက်အောင်လုပ်နိုင် တာလည်းအမှန်ပဲ ဖြစ်ပါတယ်။ ဒီဘတ်ဂျက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ငယ်ငယ်က အားလုံး၊ ကျွန်တော်တို့ သက်တူရွယ်တူများအားလုံးကြားမိပါလိမ့်မယ်။ ပြောပါရစေ ဒေါ်ရီကျိန်။ သူကဘတ်ဂျက် လို့တော့မပြောဘူး။ လူတစ်ယောက်ဟာ တစ်ရက်ကို ဝင်ငွေတစ်ကျပ်ရှိ တယ်။ ၉၅ ပြားသုံးရင် ၅ ပြား ပိုတယ်။ ဒီလူဟာ ချမ်းသာမယ့်လူဖြစ်လာမယ်။ ငွေတစ်ကျပ်ရရင် တစ်ကျပ်နဲ့ ၅ ပြားသုံးတယ် ဆိုလို့ ရှိရင် ဒီလူဟာ ဆင်းရဲတဲ့လူပဲ ဖြစ်တယ်ဆိုတာကို ဘတ်ဂျက်နဲ့နွယ်တဲ့ကိစ္စမျိုးကို ငယ်ငယ်ကတည်းက ကျွန်တော်တို့ ကြားဖူးခဲ့တာရှိပါတယ်။ အခုလည်း ကျွန်တော်တို့ ခုနက ဘတ်ဂျက်အပြင် နိုင်ငံပိုင် စီးပွားရေးကနေပြီးတော့ နိုင်ငံပိုင်၊ ပုဂ္ဂလိက ကုမ္ပဏီများပေါ်ထွန်းရေး၊ တစ်ခါ public ကုမ္ပဏီများ ပေါ်ထွန်းရေးအပါအဝင် ဒီကိစ္စရပ်များဟာ သမိုင်းကြောင်းပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ ပုဂ္ဂလိကပိုင်ကုမ္ပဏီ သို့မဟုတ် အများပိုင်ကုမ္ပဏီဟာ ကျွန်တော်တို့ လွတ်လပ်ရေး မရခင်ကတည်းက ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းကို ဝင်ရောက်ခဲ့ပါတယ်။ အားလုံးကြားသိတဲ့အတိုင်းပဲ အခုဒီမှာ

ရေကြောင်းကုမ္ပဏီတို့၊ ဧရာဝတီကုမ္ပဏီတို့၊ နောက်ဆန်စပါးဆိုရင် စတီးဘရားသားကုမ္ပဏီ စသည်စသည် ဘုံဘေဘားမားသစ်ဆိုလို့ရှိရင် ဒါတွေဟာ အစိုးရပိုင်ကုမ္ပဏီတွေ မဟုတ်ပါဘူး။ အဲဒီကနေပြီးတော့ ခေတ်တွေတရွေ့ရွေ့ ပြောင်းလာတဲ့အခါမှာ ဒီနေ့လည်း ခုနက လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသွားသလို နိုင်ငံအသီးသီးမှာ စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့အခါမှာ ဒီလိုပဲ အများပိုင်ကုမ္ပဏီ၊ ပုဂ္ဂလိကကုမ္ပဏီများနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကိုရီးယားနိုင်ငံမှာရှိတဲ့ နာမည်တော့ အထူးဖော်ပြစရာမလိုပါဘူး။ အဲဒီမှာရှိတဲ့ ကုမ္ပဏီကြီးတွေရဲ့ တစ်နှစ်ဝင်ငွေဟာ ကျွန်တော်တို့ နိုင်ငံရဲ့ဝင်ငွေထက်များတာရှိပါတယ်။ ဒါဘယ်သူလုပ်တာလည်းဆိုတော့ ခုနက အများပိုင်ကုမ္ပဏီများ ဆောင်ရွက်နေတာ တစ်နိုင်ငံတည်းမဟုတ်ပါဘူး။ နိုင်ငံတကာမှာ ဒီလိုပဲကျင့်သုံးနေတာ ဖြစ်ပါတယ်။ ခုနက နောက်ဆုံးဆွေးနွေးသွားတဲ့ ဦးရဲထွန်းရဲ့ ဆွေးနွေးချက်မှာလည်း သူကအငြင်းပွားဖွယ်ရာ Debate ဆိုသော်လည်း တကယ်သူ့ရဲ့တင်ပြသွားချက်တွေဟာ နောက်ဆုံးချုပ်လိုက်မယ်ဆိုရင် တရုတ်နိုင်ငံကို ဥပမာပေးပြီးတော့ SOE အဲဒါမှ နောက်ဆုံးတရုတ်နိုင်ငံက ကမ္ဘာ့စီးပွားရေးအင်အား ဒုတိယအကြီးဆုံး ဖြစ်တယ်ဆိုတာလည်း နောက်ဆုံးကျတဲ့အခါကြတော့ နိုင်ငံပိုင်ကုမ္ပဏီများကိုအခြေခံပြီး ဆောင်ရွက်ခဲ့ တယ်ဆိုတဲ့အကြောင်းပဲ မီးမောင်းထိုးပြသွားတဲ့သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ပထမပိုင်းမှာ ဆွေးနွေးသွားတဲ့ ဦးမောင်တိုး ပြောသွားတာရှိပါတယ်။ ဒီဟာတွေဟာ မလုပ်မဖြစ်လုပ်ရမယ့်ကိစ္စတွေ၊ ဘာမှအထူးစဉ်းစားစရာ မလိုဘူးဆိုတဲ့သဘောဟာ မှန်ကန်တဲ့ကိစ္စတစ်ခုဖြစ်တယ်လို့ပဲ သုံးသပ်တင်ပြချင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ပြီးခဲ့တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ဒီလက်ထက်မှာ ချမှတ်ခဲ့တဲ့ ပေါ်လစီများကိုလည်း အလျင်းသင့်သလို ကျွန်တော် ပြန်လည်တင်ပြချင်ပါတယ်။ နံပတ်(၁)ကတော့ ကျွန်တော်တို့ နိုင်ငံရဲ့ ရည်မှန်းချက်ပန်းတိုင် National Goal ဘာလည်းဆိုရင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံ ဒါ National Goal ဖြစ်ပါတယ်။ ဒီ National Goal ကို သွားဖို့ ဆိုလို့ရှိရင် National Policy ချမှတ်ထားတာရှိပါတယ်။ ဒါလည်းအားလုံးအသိပါ။ National Policy က ကျွန်တော်တို့ လွယ်လွယ်လေးမှတ်မိနေတဲ့ ဒို့တာဝန်အရေးသုံးပါးဖြစ်ပါတယ်။ ဒီ National Goal ကို သွားဖို့ဆိုလို့ရှိရင် National Policy နဲ့သွားရမှာဖြစ်ပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟာ ကျွန်တော်တို့ရဲ့ National Policy ပါ။ အဲဒီ National Policy ကို အကောင်အထည်ဖော်ဖို့ဆိုရင် Objectives ခေါ်တဲ့ National Objectives ၁၂ ခု ရှိပါတယ်။ ၁၂ ခုမှာ (၁)ကတော့ နိုင်ငံရေးနဲ့ပတ်သက်လို့ ၄ ခု၊ စီးပွားရေးနဲ့ ပတ်သက်လို့ ၄ ခု၊

လူမှုရေးနဲ့ပတ်သက်လို့ ၄ ခု၊ အားလုံး ၁၂ ခုရှိပါတယ်။ အဲဒီအထဲကမှ ခုနက စီးပွားရေးနဲ့ပတ်သက်လို့ ၄ ခုထဲမှာမှ ခုနက ဒီမှာဆွေးနွေးသွားတဲ့ ဈေးကွက်စီးပွားရေးပေါ်ထွန်းရေးဟာ စီးပွားရေးအတွက် အဓိကအချက်အချာကျတဲ့ Objective တစ်ခုဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောမယ်ဆို ဒါ Program လို့ ပြောလို့ရတယ်။ အဲဒီဟာတွေက ကျွန်တော်ပြောခဲ့တဲ့ဟာတွေက တကယ့်လက်တွေ့မှာ ကျင့်သုံးဖို့ပဲဖြစ်ပါတယ်။ ခုနက နိုင်ငံတော်ကချမှတ်ခဲ့တဲ့ National Goal ၊ National Policy ၊ National Objectives ဘယ်သူများငြင်းနိုင်မလဲ။ ဒါပေမယ့် လောလောဆယ် ပြောဆိုဆွေးနွေးနိုင်တာ အဲဒီလိုချမှတ်ထားတဲ့အတိုင်း ကျွန်တော်တို့၊ ကျွန်မတို့၊ ကျွန်တော်တို့နိုင်ငံ ကျင့်သုံးနေသလားဆိုတဲ့ မေးခွန်းမေးမယ်ဆိုလို့ရှိရင် ကျင့်သုံးနိုင်ခြင်း မရှိခဲ့ပါဘူး။ ခေတ်ကာလအခြေအနေအရ ကျင့်သုံးနိုင်ခြင်း မရှိခဲ့ဘူး။ ဒီဘက်ကျွန်တော်တို့ မကျင့်သုံးနိုင်တဲ့အတွက် နိုင်ငံတော်အစိုးရကိုရော၊ တစ်ချိန်က နိုင်ငံတော်အစိုးရကိုရော၊ နိုင်ငံတော်အစိုးရအတွင်းမှာ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း အသီးသီးကော၊ ဝန်ကြီးဌာနအသီးသီးကော ပြီးတဲ့အခါမှာ ကျွန်တော်တို့ ပြည်သူတွေရော အပြစ်တင်လို့ရနိုင်တဲ့ အနေအထားမရှိတော့ပါဘူး။ လိုအပ်တာက သင်ခန်းစာယူပြီးတဲ့အခါမှာ ရှေ့ဆက်သွားမယ့် ခရီးမှာ လုပ်သင့်လုပ်ထိုက်တာတွေ တကယ့်ရဲရဲဝံ့ဝံ့သတ္တိရှိရှိ လုပ်ဖို့ပဲလိုတယ်။ ရဲရဲဝံ့ဝံ့သတ္တိရှိရှိလုပ်ဖို့က ဒီနေ့ဆွေးနွေးတဲ့ဟာကလည်း ရှေ့လုပ်သွားမယ့်ခရီးမှာ ဘာတွေလုပ်သင့်သလည်းဆိုတာကို ရဲရဲဝံ့ဝံ့ သတ္တိရှိစွာ လုပ်ဆောင်နိုင်ဖို့အတွက် ဆွေးနွေးပွဲတစ်ရပ်ပဲ ဖြစ်ပါတယ်။ နိုင်ငံရေးစနစ်ပြောင်းပြီးပြီ၊ အုပ်ချုပ်ရေးစနစ်ဆက်ပြောင်းဖို့လိုပါတယ်။ နိုင်ငံရေးစနစ်ပြောင်းပြီးပြီ ဆိုတာအားလုံးအသိပဲ။ အုပ်ချုပ်ရေးစနစ်ဆက်ပြောင်းဖို့ အဲဒီအတိုင်းပဲစီးပွားရေး စနစ်လည်းပြောင်းဖို့လိုပါတယ်။ အဲဒီပြောင်းတဲ့နေရာမှာစာအားဖြင့်၊ နှုတ်အားဖြင့်ပြောင်းလို့မရပါဘူး။ တစ်ကယ်လက်တွေ့ကျကျ အခြေအနေနဲ့ လိုက်လျောညီထွေစွာလုပ်ဖို့လိုပါတယ်။ အဲဒီလုပ်နိုင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသွားသလို ကျွန်တော်တို့ လွှတ်တော်မှာတော့ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲမရှိဘဲနဲ့ နိုင်ငံတော်နဲ့ နိုင်ငံတော်အကျိုးစီးပွားအတွက် ဖြစ်မယ်ဆိုတဲ့မှန်ကန်တဲ့ စေတနာတွေထားပြီး လုပ်နေတဲ့အတွက်လည်း ဒီလုပ်ငန်းစဥ်ဟာ မဖြစ်နိုင်စရာအကြောင်းမရှိဘူးလို့ဘဲတင်ပြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခုအဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဆီမှာ ချမှတ်ပေးပြီးတဲ့ မူဝါဒတွေရှိပါတယ်။ Policy တွေရှိပါတယ်။ ပြီးတဲ့အခါမှာခုနက Objectives ခေါ်တဲ့ လုပ်ရမယ့် Program တွေရှိပါတယ်။ အဲဒါကိုလက်တွေ့ကျကျ ကျင့်သုံးနိုင်ရေးအတွက်ကိုသာ ဆက်လက်ဆောင်ရွက်သွားဖို့လိုတယ်လို့ပဲ အကြမ်းဖျင်းယေဘူယျပြောလို့ရတယ်။ ကြည့်ပါ။ ခုနကစီးပွားရေးစနစ်၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး၊ ပြီးတဲ့အခါမှာ နိုင်ငံတော်အတွက် လိုအပ်တဲ့အရင်းအနှီးနဲ့နည်းပညာများကို

ပြည်တွင်းပြည်ပမှ ဖိတ်ခေါ်ဖော်ဆောင်ရင်းငြင်းပါ။ လက်တွေ့ အဲဒီအတိုင်းလုပ်ဖို့လည်းငြင်းပါ။ အဲဒီဟာဟုတ်လား၊ မဟုတ်ဘူးလား။ ဒါကြောင့်မို့လို့ မငြင်းနိုင်တဲ့ကိစ္စ တစ်ကယ်လုပ်ရမယ့်ကိစ္စကို တစ်ကယ်လုပ်သွားဖို့သာလိုပါတယ်။ အဲဒီလိုလုပ်တဲ့နေရာမှာ ကျွန်တော်တို့ ဆင်ခြင်ဉာဏ်အပြည့်အဝနဲ့ အားလုံးပူးပေါင်းဆောင်ရွက်ပြီး စနစ်တကျဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံနောက်ကျနိမ့်ကျနေတယ်ဆိုတဲ့ဟာ သူများနိုင်ငံနဲ့ရင်ဘောင်တန်းမီမှာဖြစ်ပါတယ်။ ဒီမှာ အလျဉ်းသင့်လို့ အမြဲတမ်းပြောပါတယ်။ ကျွန်တော်တို့ နိုင်ငံသားများရဲ့ ဉာဏ်ရည်ဉာဏ်သွေးဟာမနိမ့်ဘူးလို့ ပြောနေကြပါတယ်။ ကမ္ဘာမှာလည်း ဒီလိုထုတ်ပြောနေတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့နိုင်ငံမှာ သဘာဝသယံဇာတအရင်းအမြစ်များ များစွာကြွယ်ဝတဲ့နိုင်ငံလို့ပြောပါတယ်။ ကမ္ဘာလည်းအသိအမှတ်ပြုပါတယ်။ အဲဒီအတိုင်းပဲ ဒီထက်ပိုပြီးတော့ပြောတာ ဒီနေ့ Political Geography နိုင်ငံရေးပထဝီဝင်က မြန်မာနိုင်ငံဟာ တစ်ကယ့်ကို အချက်အချာကျတဲ့ မဟာဗျူဟာကျတဲ့ နေရာမှာရောက်နေတယ်လို့ပြောပါတယ်။ ဒါဖြင့်ရင် ဒီအခြေခံသုံးရပ်ရှိပါတယ်ဆိုတဲ့ မြန်မာနိုင်ငံဟာ ကျွန်တော်တို့ ပတ်ဝန်းကျင် ယှဉ်လို့ရတဲ့နိုင်ငံနဲ့ ယှဉ်တဲ့အခါမှာ ဘယ်လိုအခြေအနေရှိသလဲ။ ယှဉ်ကြည့်ပါ။ တွက်ကြည့်ပါ။ တွက်ကြည့်တဲ့အခါမှာ တစ်ကယ်လို့ကိုယ်ဘက်က နိမ့်နေတယ်၊ နောက်ကျနေတယ်။ ဟုတ်မဟုတ် ဒါပြန်သုံးသပ်လို့ရတယ်။ နိမ့်နေတယ်၊ နောက်ကျနေတယ်ဆိုလို့ရှိရင် တစ်ခုခုတော့လိုနေလို့ပဲဖြစ်တယ်။ ပြောတယ်လေ။ ဉာဏ်ရည်ဉာဏ်သွေးကောင်းတယ်ဆိုတဲ့ ကိုရွှေမြန်မာတွေ၊ ပြီးတဲ့အခါမှာ သဘာဝသယံဇာတ များစွာကြွယ်ဝတယ်ဆိုတဲ့ ရွှေနိုင်ငံ၊ ပြီးတဲ့အခါမှာဟုတ်လား။ ကမ္ဘာ့ပထဝီဝင်၊ မြန်မာ့ပထဝီဝင် Political Geography မှာ မဟာဗျူဟာအရ အချက်အချာကျတဲ့နေရာမှာ ရရှိထားတယ်ဆိုတဲ့မြန်မာနိုင်ငံ၊ သူများနည်းတူမရှိဘူးဆိုရင်တော့ တစ်ခုတစ်ခုတော့လိုနေလို့ဖြစ်တယ်။ အဲဒါကို မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့လိုနေတာကို မလိုအောင် ဖြည့်စွက်ပြီးတော့ လုပ်သွားရုံမှတစ်ပါး အခြားမရှိပါဘူး။ အပြောနဲ့လုပ်လို့ မရပါဘူး။ အလုပ်နဲ့လုပ်ဖို့ လိုပါတယ်။ အလုပ်နဲ့လုပ်ဖို့အတွက် အလုပ်မှန်ဖို့ဆိုလို့ရှိရင် အတွေးမှန်ဖို့လိုပါတယ်။ အတွေးမှန်ဖို့ လိုတယ်ဆိုရင်တော့ ကျွန်တော်တို့အမြင်ကျယ်ကျယ်နဲ့ ဝိုင်းဝန်းဆွေးနွေးဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ကျွန်တော် ကျေးဇူးတင်စကားထပ်ပြီးတော့ပြောပါမယ်။ ခုနဆွေးနွေးသွားတဲ့ ပုဂ္ဂိုလ်အသီးသီးကို အခုလိုစေတနာထားပြီးတော့ ဆွေးနွေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ထိုနည်းတူစွာပဲ အချိန်ကြောင့်သာ ကျန်တဲ့ကိုယ်စားလှယ်အသီးသီးမှာလည်း ဆွေးနွေးဖို့ အချက်အလက်တွေ များစွာရှိနေအုံးမယ်လို့ ယူဆပါတယ်။ သို့ရာတွင်ဒီအပိုင်းကျတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေကို တာဝန်ပေးစရာမလိုဘဲနဲ့ အခု ကျွန်တော်ရှေ့တင်ပြမယ့်အပေါ် မူတည်ပြီးတော့ပဲ ဆက်လက်

ဆောင်ရွက်သွားဖို့ လိုပါမယ်။ ဒါကြောင့် ဒီကနေ့ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမည့်နည်းလမ်းများအား လွှတ်တော်သို့တင်ပြရန်အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးသွားတဲ့ပုဂ္ဂိုလ်များရှိပါတယ်။ ကော်မရှင်ဖွဲ့စည်း၍သော်လည်းကောင်း၊ သို့မဟုတ်လို့ရှိရင် ကော်မတီများကို တာဝန်ပေး၍သော်လည်းကောင်း၊ လွှတ်တော်သို့ တင်ပြစေရန်ဆိုတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်ဘက်ကတော့ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်း တစ်ခု ဖြစ်ပေါ်လာမည့်နည်းလမ်းများကို သက်ဆိုင်ရာလွှတ်တော်ကော်မတီများက ပူးပေါင်းညှိနှိုင်းပြီး တင်ပြဆောင်ရွက်သင့်တယ်လို့တင်ပြလိုပါတယ်။ ဒါကြောင့် အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။ ဒီအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာတင်သွင်းတဲ့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမည့်နည်းလမ်းများအား လွှတ်တော်သို့တင်ပြရန် အဆိုကို လွှတ်တော်က အတည်ပြုကြောင်းနှင့် သက်ဆိုင်ရာလွှတ်တော်ကော်မတီများကို ပူးပေါင်း ညှိနှိုင်းဆောင်ရွက်စေမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်(အင်္ဂါနေ့) ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။